ရောင်းမှန်

The Mirror Daily

၁၉၅၇ ခေါ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ကောင်းမှုကို ပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ဝဲ့အား အကျိုးသက်ရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ဓမ္မပဒ-၁၂၂)

၁၃၇၈ ခုနှစ် နတ်တော်လဆန်း ၁၄ ရက်၊ အင်္ဂါနေ့။ Tuesday, 13 December 2016 (စာ၃၃၄)

ဖွံ့ဖြိုးမှုအကူအညီ အမှန်တကယ်လိုအပ်သော စီမံကိန်းအချို့ကိုသတ်မှတ်ပြီးဖြစ်ကာ ယင်းစီမံကိန်းများတွင် အခြေခံအဆောက်အအုံ၊ အလုပ်အကိုင်ဖန်တီးရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့ပါဝင်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (DACU)နှင့် ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်များအဖွဲ့ (CPG) ပထမအကြိမ်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ကတိပြု

နေပြည်တော် ဒီဇင်ဘာ ၁၂

ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ (DACU)နှင့် ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်များအဖွဲ့ (CPG) ပထမအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အစည်းအဝေးသို့ ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးသန့်စင်မောင်၊ ဦးဖေဇင်ထွန်း၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးဝင်းခိုင်၊ ညှိနှိုင်းရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်များအဖွဲ့ (CPG) မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

မူဝါဒကို နိုင်ငံတကာမှ အကောင်းဆုံးစံနှုန်းဖြင့် ရေးဆွဲမည်ဖြစ်သော်လည်း မြန်မာနိုင်ငံ၏ အခြေအနေကို ထည့်သွင်းစဉ်းစား၍ အခြေခံမည်ဖြစ်

အစည်းအဝေးတွင် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများက မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုဦးစားပေးလုပ်ငန်းများနှင့် မူဝါဒများနှင့်အညီ ပွင့်လင်းမြင်သာစွာဖြင့် ၎င်းတို့၏အကူအညီပေးရေးကို ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများက ဖွံ့ဖြိုးမှုအကျိုးရလဒ်များရရှိရေးအတွက် မြန်မာပြည်သူများနှင့် အခွန်ဆောင်အလျှုရှင်များအတွက် တာဝန်ခံရမည်ဖြစ်ကြောင်း။

ယနေ့အချိန်တွင် အခြားဖွံ့ဖြိုးဆဲနိုင်ငံအများအပြား၌ ဖွံ့ဖြိုးမှုအကူအညီများကို ယုံကြည်မှုကင်းမဲ့သောသံသယဖြင့် ရှုမြင်ကြကြောင်း၊ သို့သော်လည်း တိုးတက်လာသော ညှိနှိုင်းဆောင်ရွက်မှုနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့**

ရှေးဟောင်းအဆောက်အအုံများ ပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ရေရှည်ကြံ့ခိုင်စေရန်ရည်မှန်းပြီး အချိန်ယူကာ မူလပုံစံအတိုင်း ပြုပြင်ထိန်းသိမ်းသွားမည်

ပြည်သူ့လွှတ်တော် စာမျက်နှာ - ၅

နိုင်ငံခြားရေးနှင့်သက်ဆိုင်သည့် မေးခွန်းများ၊ ကျန်းမာရေးဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြား

အမျိုးသားလွှတ်တော် စာမျက်နှာ - ၅

KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘာဇာတိ

အမြစ်ပါမကျန်တိုက်ဖျက်ကြရမည်

တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်လျက်ရှိရာ၌ ပထမငါးနှစ်သက်တမ်းကို အရပ်သားတစ်ဖြစ်လဲ အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုလက်ရှိ ဒုတိယငါးနှစ်သက်တမ်းကို အရပ်သားစစ်စစ်အစိုးရသစ်က ဆက်လက် အကောင်အထည်ဖော်တည်ဆောက်လျက်ရှိပါသည်။

ထိုသို့အကောင်အထည်ဖော်တည်ဆောက်ရာတွင် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့ကို ယခင်အစိုးရလက်ထက်တွင်သာမက ယခုအစိုးရသစ်လက်ထက်တွင်လည်း အရှိန်အဟုန်မြင့်ဆောင်ရွက်နေသည်ကို တွေ့ရသည်။

ယင်းသို့အကောင်အထည်ဖော်နေချိန်တွင် ယခင်အစိုးရလက်ထက်၌ အဖျက်အမှောင့်အနှောင့်အယှက်နှင့် စိန်ခေါ်မှုများအား ကြုံတွေ့ခဲ့ရသလို ယခုအရပ်သားအစိုးရလက်ထက်တွင်လည်း ကြုံတွေ့ရသည်ဟုဆိုနိုင်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍများတွင် စိန်ခေါ်မှုများ၊ ရပ်ရွာတည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး ကဏ္ဍများတွင် ချိုးဖောက်မှုများကြုံတွေ့ရသည်။ ယခုအခါ လူသားမျိုးနွယ်တစ်ရပ်လုံးကို လူညွှန့်တုံးစေနိုင်သည့် ပြဿနာများကိုပါ မြင်တွေ့လာသည်။

ပြဿနာဟုဆိုရာတွင် အခြေအနေအကြောင်းအမျိုးမျိုးတို့ကြောင့် ဖြစ်နိုင်သည်များရှိသလို တမင်တကာ လုပ်ကြံဖန်တီးမှုများလည်း ရှိသည်ဟု ပြောရမည်ဖြစ်သည်။ တမင်ကြံရွယ်ဖန်တီးခြင်း၌ အဖျက်အမှောင့် အတိုက်အခိုက်ပြုရန်အတွက် လှုံ့ဆော်ဖန်တီးခြင်း၊ လူအများ စာရိတ္တပျက်ယွင်းစေရန် ဖန်တီးခြင်းတို့လည်းပါဝင်သည်။

လှုံ့ဆော်မှုတွင် အဖျက်လုပ်ရပ်တစ်ခုခုကို ကျူးလွန်ရေးအတွက် လှုံ့ဆော်ရန်ရည်ရွယ်ချက်ဖြင့် သတင်းစကား သို့မဟုတ် သတင်းအချက်အလက်တို့ဖြင့် သိသိသာသာဖြစ်စေ၊ မသိမသာဖြစ်စေ ဖန်တီးမှုမျိုးပြုလုပ်တတ်သည်ကို သတိပြုရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် လူငယ်လူရွယ်များအား အဖျက်လုပ်ရပ်ဆီသို့ အလွယ်တကူပို့ဆောင် ဖန်တီးပေးမှုအဖြစ် မူးယစ်ဆေးဝါးများကို လက်နက်အသွင်အသုံးချ ထိုးနှက်မှုများ ရှိလာသည်ကိုလည်း သတိမူရမည်ဖြစ်သည်။

ဒီဇင်ဘာ ၁၀ ရက် နံနက်က ဆီပီပါ ၁၅ လုံးအတွင်း ထုပ်ပိုးသယ်ယူလာသည့် စိတ်ကြွဆေးပြား ၁၄ သန်းကျော်ကို ပြည်မြို့တစ်ဖက်ကမ်း ပန်းတောင်းမြို့နယ် ပြည်-တောင်ကုတ်ကားလမ်း၊ ဥသျှစ်ပင်-ညောင်ကျိုးဂိတ်တွင် ဖမ်းဆီးရမိခဲ့သည်။ အဆိုပါ စိတ်ကြွဆေးပြားများကို ဆီပီပါများ ပို့ဆောင်မည့်ယာဉ်ပေါ်တွင်တင်ဆောင်ကာ ရခိုင်ပြည်နယ် သို့သယ်ဆောင်စဉ် ဖမ်းဆီးရမိခြင်းဖြစ်သည်။

ဒီဇင်ဘာ ၁၁ ရက်တွင်လည်း မင်္ဂလာဒုံမြို့နယ် ပတ္တမြားမြို့သစ်ရှိ နေအိမ်တစ်လုံးတွင် ကျပ်သိန်း ရှစ်ထောင်ကျော်ဖိုးရှိ စိတ်ကြွဆေးပြား ၂၄ သိန်းကျော်ကို ထပ်မံဖမ်းဆီးရမိပြန်သည်။ နိုဝင်ဘာ ၁၈ ရက် ညပိုင်းကလည်း ရန်ကုန်မြို့ မင်္ဂလာတောင်ညွှန့် မြို့နယ် ပုဇွန်တောင်လမ်းတွင် ကွန်တိန်နာယာဉ်ငယ်ဖြင့် အမေရိကန်ဒေါ်လာသန်း ၃၀ ကျော်တန်ဖိုးရှိ အိုက်စ်မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိခဲ့သည်။

ယမန်နှစ်ကလည်း မင်္ဂလာဒုံမြို့နယ်တွင် ဖမ်းဆီးရမိသော မူးယစ်အမှုနှင့် မန္တလေးတိုင်းဒေသကြီးတွင် ကွန်တိန်နာယာဉ်ဖြင့် သယ်ဆောင်လာသော မူးယစ်ဆေးဝါးအမှုတို့သည် ပမာဏများပြားပြီး တိုင်းပြည်အတွင်း အဖျက်အမှောင့်ပြုလုပ်ရန်နှင့် စာရိတ္တပျက်ပြားပြီး အမှုအခင်းများ ပိုမိုတိုးပွားစေရန် ရည်ရွယ်လုပ်ကြံဖန်တီးမှုပိုများသည့် လှုံ့ဆော်မှုများ ပင်ဖြစ်သည်။

အဆိုပါအမှုများမှာ နိုင်ငံတော်ကို ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်မှုများတွင် အဓိကတွန်းအားများဖြစ်စေသော လှုံ့ဆော်မှုအားကောင်းသည့် အရာများဖြစ်သည်ဟုဆိုနိုင်သည်။ သို့ဖြစ်ရာ တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်အဖြစ် တည်ဆောက်နေချိန်တွင် နိုင်ငံတော်အား ပျက်စီးရာပျက်စီးကြောင်း တိုက်ရိုက်အကြမ်းဖက် နှောင့်ယှက်မှုများကို သတိထားကာကွယ်ရမည်ဖြစ်သလို သွယ်ဝိုက်သောနည်းဖြင့် လှုံ့ဆော်ဖျက်ဆီးသည့် အဆိုပါဂိုဏ်းဖွဲ့ မူးယစ်ဆေးဝါးဖြန့်ဖြူးမှုများကိုလည်း အမြစ်ပါမကျန် တိုက်ဖျက်ကြရမည်ဖြစ်သည်။ ။

ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ပြန်ကြားရေးဆိုင်ရာလုပ်ငန်းများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စစ်ဆေး

ပြင်ဦးလွင် ဒီဇင်ဘာ ၁၂

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဒီဇင်ဘာ ၁၁ ရက်က ပြင်ဦးလွင်ခရိုင်အတွင်းရှိ စာကြည့်တိုက်များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာ စာကြည့်တိုက်၊ အနီးစခန်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၊ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသည့် ပြင်ဦးလွင်ခရိုင် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် ပြင်ဦးလွင်မြို့ ကလပ်လမ်းတွင် ဖွင့်လှစ်ထားသည့် လမင်းတရာဓမ္မဥယျာဉ်ပရဟိတ စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး လမင်းတရာစာကြည့်တိုက် ထူထောင်ဖွင့်လှစ်သူ ဦးလှမင်းအား ကျေးဇူးတင်စကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပြင်ဦးလွင်ခရိုင် စာကြည့်တိုက်၌ တိုင်းရင်းသားလူမျိုးများ၏ အသုံးအဆောင်ပစ္စည်းများ ပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာကြည့်တိုက်များကို ကြည့်ရှုစစ်ဆေး စဉ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေ၊ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဝေဝေဖြိုးနှင့် ပြင်ဦးလွင်ခရိုင်ဦးစီးမှူး ဦးခင်မောင်ထွန်းတို့က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ (ပြင်ဦးလွင်)သို့ ရောက်ရှိရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ အထက်မြန်မာနိုင်ငံ ဇုန်နယ်မှူး ဦးစိန်ဦးနှင့် ထပ်ဆင့်လွှင့်စက်ရုံမှ တာဝန်ခံ ဦးလှမျိုးတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

(သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ကော့သောင်းအကျဉ်းထောင်အား စစ်ဆေး

ကော့သောင်း ဒီဇင်ဘာ ၁၂

တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးခင်မောင်မောင်သည် တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်ပိုက်ပိုက်အေး၊ ကော့သောင်းခရိုင် တရားသူကြီး၊ မြို့နယ်တရားသူကြီးများနှင့် အတူယနေ့ နံနက်ပိုင်းက ကော့သောင်းအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးခဲ့ရာ အကျဉ်းထောင် တာဝန်ခံအရာရှိက အကျဉ်းထောင်အတွင်း အကျဉ်းသူ အကျဉ်းသားများနှင့် အချုပ်သူ အချုပ်သားများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ **(ယာပုံ)**

ဆက်လက်၍ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးနှင့် အဖွဲ့သည် ပြစ်ဒဏ်ကျခံနေသူများ၊ အချုပ်သား/သူများနှင့် တွေ့ဆုံပြီး ဥပဒေနှင့် အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိခံစားနိုင်ရေး၊ အမှုများ စစ်ဆေးရာတွင် ကြွန်ကြာမှုမရှိစေရေး တို့အတွက် ကြည့်ရှုမေးမြန်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **ကျော်စိုး(ကော့သောင်း)**

တုတ်၊ ဓား၊ လက်နက်၊ မူးယစ်ဆေး သယ်ဆောင်မှုမရှိစေရေး မော်တော်ယာဉ်၊ ဆိုင်ကယ်များအား စစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ရှစ်မြို့နယ်အတွင်း မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် တုတ်၊ ဓား၊ လက်နက်၊ မူးယစ်ဆေးဝါး သယ်ဆောင်မှုမရှိစေရေး ရှာဖွေ

စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဇေယျာသီရိမြို့နယ်အတွင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ကျော်ညွှန့်ဦးစီး၍ ရွှေတွင်းကုန်းမြို့မ ရဲစခန်းနှင့် ရေဆင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့်အတူ ပိတ်ဆို့စစ်ဆေးခြင်းများ ဆောက်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၁ ရက် ညပိုင်းတွင် ဇေယျာသီရိမြို့နယ် ဗောဓိမြိုင်ကျေးရွာ ရန်ကုန်-မန္တလေး ကားလမ်းမပေါ်တွင် ယာဉ်များအား ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်မှုများကြောင့် ၂၀၁၆ ခုနှစ်အတွင်း မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းခဲ့ကြောင်း သိရသည်။

(ကိုကိုနေ)

■

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပ

ရွှေကျင် ဒီဇင်ဘာ ၁၂

ရွှေကျင်မြို့နယ် ပညာရေးမှူးရုံးမှ ကြီးမှူး၍ ရွှေကျင်မြို့နယ်အတွင်းရှိ ကျောင်းပေါင်းစုံမှ ထက်/လယ်/မူ အဆင့် ပြေးခုန်ပစ်ပြိုင်ပွဲကို မြို့မဘောလုံးအားကစားကွင်း၌ ယနေ့ နံနက် ၇ နာရီမှစ၍ ကျင်းပသည်။

ယခုပြိုင်ပွဲတွင် ပ၊ ဒု၊ တ ဆုများ ရွေးချယ်ကာ တိုင်းဒေသကြီးအဆင့် ကျောင်းပေါင်းစုံပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ တိုင်းဒေသကြီးအဆင့် ကျောင်းပေါင်းစုံပြိုင်ပွဲ ဝင်ရောက်ရန်အတွက် ဒီဇင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် လူရွေးချယ်မည်ဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

မြေးမျိုး
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလွဲသင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အယ်ဒီတာ်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်း၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလွဲ

ပုံနှိပ်မြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးရုံသတင်းစာတိုက်က ထုတ်ဝေသည်။

Mirror Established in 1947
၁၉၄၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆-၃၅၁၂၆၊ စာတည်းအဖွဲ့ ၀၆-၃၅၁၂၂၊ ၀၆-၃၅၁၃၀၊ ဖက်စ် ၀၆-၃၅၁၃၀၊
ရန်ကုန်မုံရွာ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ ဒီဇိုင်/ဌေးရောင်း ၀၁-၂၉၁၄၃၀၊ ပြန်ရိုက်ရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

ပြည်တွင်းရေးရာ

ရှေ့ဇုံမှ

ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် DACU ၏ နီးကပ်သောလက်တွဲဆောင်ရွက်မှုမှ တစ်ဆင့် မြန်မာနိုင်ငံ၌ အလားတူအခြေအနေတစ်ရပ်ဖြစ်ပေါ်မှုကို ရှောင်ရှားနိုင်မည်ဟု မိမိယုံကြည်ကြောင်း။

ဖွံ့ဖြိုးမှုအကူအညီများအတွက် ဦးစားပေးလုပ်ငန်းများသတ်မှတ်ရာ၌ အမျိုးသားဖွံ့ဖြိုးမှု ဦးစားပေးလုပ်ငန်းများကို ပထမအဆင့်အဖြစ် သတ်မှတ်ရန်လိုအပ်ကြောင်း၊ လာမည့်လများအတွင်း အစိုးရ၏ စီးပွားရေးမူဝါဒ ၁၂ ချက်အပေါ်အခြေခံ၍ ဝန်ကြီးဌာနများအတွင်း ညှိနှိုင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တစ်ရပ်မှတစ်ဆင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးစီမံကိန်းများနှင့် အစီအစဉ်များ သတ်မှတ်မည်ဖြစ်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် ဖွံ့ဖြိုးမှုအကူအညီ အမှန်တကယ်လိုအပ်သော စီမံကိန်းအချို့ကိုသတ်မှတ်ပြီးဖြစ်ကာ ယင်းစီမံကိန်းများတွင် အခြေခံအဆောက်အအုံ၊ အလုပ်အကိုင်ဖန်တီးရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတို့ ပါဝင်ကြောင်း။

လာမည့်လများအတွင်း ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ အမျိုးသားအဆင့်မူဝါဒ တစ်ရပ်ကို DACU က ရေးဆွဲမည်ဖြစ်ပြီး မိမိတို့နိုင်ငံက မည်သည့်အကူအညီ အမျိုးအစား လက်ခံရရှိလိုသည်ကို စီစဉ်တင်ပြမည်ဖြစ်ကြောင်း၊ အဆိုပါမူဝါဒ ရေးဆွဲရာတွင် DACU အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် အနီးကပ်တိုင်ပင်ဆွေးနွေးမည်ဖြစ်ကြောင်း၊ မူဝါဒကို နိုင်ငံတကာမှ အကောင်းဆုံးစံနှုန်းဖြင့် ရေးဆွဲမည်ဖြစ်သော်လည်း မြန်မာနိုင်ငံ၏အခြေအနေကို ထည့်သွင်းစဉ်းစား၍ အခြေခံမည်ဖြစ်ကြောင်း။

ဖွံ့ဖြိုးမှုအကူအညီမူဝါဒဖြေရှင်းမည့် အရေးကြီးကိစ္စရပ်များအနက် တစ်ခုမှာ အတိုင်ပင်ခံများ၏ အခန်းကဏ္ဍဖြစ်ကြောင်း၊ အစိုးရတာဝန်ရှိသူ အများစုမှာ ပြည်ပမှ အတိုင်ပင်ခံများနှင့် တွေ့ဆုံဆွေးနွေးရာတွင် ၎င်းတို့၏ အမြင်ကို ဖော်ထုတ်ပြနိုင်စွမ်း မရှိကြောင်း၊ အတိုင်ပင်ခံများမှာ လက်တွေ့ကျပြီး အချိုးကျသောသူများဖြစ်စေရန် ၎င်းတို့နှင့်ဆက်စပ်သော ကုန်ကျစရိတ်များကိုလည်း ဂရုတစိုက်ဖြင့် စိစစ်ရမည်ဖြစ်ကြောင်း။

သက်ဆိုင်ရာဝန်ကြီးဌာနများက တာဝန်ခံရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများက အတိုင်ပင်ခံများကို လိုအပ်ချိန်မှသာဌာနရမ်းပြီး ကုန်ကျစရိတ်နှင့် လျော်ညီအောင် အကျိုးရှိရှိအသုံးချမည်ဟု မိမိတို့မျှော်လင့်ပါကြောင်း၊ ဤနယ်ပယ်အတွင်း သက်ဆိုင်ရာဝန်ကြီးဌာနများကို DACU က ပံ့ပိုးကူညီမည်ဖြစ်ကြောင်း၊ မိမိတို့ရည်မှန်းချက်မှာ သက်ဆိုင်ရာဝန်ကြီးဌာနများအားလုံးအတွက် အလေအလွင့်များ လျှော့ချရန်ဖြစ်ကြောင်း၊ အတိုင်ပင်ခံအချို့က အခကြေးငွေမယူဘဲ လိုအပ်သောအကူအညီများပေးခဲ့သည်ကို သိရှိထားသင့်ကြောင်း။

DACU ၏ အခန်းကဏ္ဍမှာ အစိုးရပေါင်းစုံအဆင့် ညှိနှိုင်းဆောင်ရွက်မှုကို ကြီးကြပ်ကွပ်ကဲရန်ဖြစ်ကြောင်း၊ ကဏ္ဍအလိုက်ဆောင်ရွက်မှုတွင် ညှိနှိုင်းဆောင်ရွက်မှုမှာ အခြေခံကျကြောင်း၊ နောင်လာမည့်သီတင်းပတ်တွင် ဖွံ့ဖြိုးမှုအကူအညီပေးရေးဦးစားပေးသတ်မှတ်ချက်များကို ပိုမိုသက်ရောက်မှုရှိစေမည့် ကဏ္ဍအလိုက် အသင်းအဖွဲ့ဆောင်ရွက်မှုများပြဌာန်းမှုကို စိစစ်တည်းဖြတ်ပြီး တင်ပြမည်ဖြစ်ကြောင်း၊ SWGs ကို မည်ကဲ့သို့ဆောင်ရွက်သင့်သည်ကို DACU ကလမ်းညွှန်မှုပေးရမည်ဖြစ်ကြောင်း၊ SWG ဥက္ကဋ္ဌများအနေဖြင့် ၎င်းတို့၏ အကျိုးသက်ရောက်မှုများကို တာဝန်ခံဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများအနေဖြင့် ခွင့်ပြုထားသောနယ်မြေများတွင် ခွင့်ပြုချက်တောင်းခံရန်မလိုဘဲ သွားရောက်လည်ပတ်နိုင်မည်ဖြစ်ကြောင်း၊ ခွင့်ပြုထားသောအကူအညီများအပေါ် အခွန်စည်းကြပ်သည့် မလျော်ကန်သည့် အပြုအမူများဖြစ်သည့် အခွန်ကိစ္စရပ်များနှင့်ပတ်သက်၍လည်း သဘောတူညီမှုရှိခဲ့ကြောင်း။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍမှာ အရေးပါသော အခန်းကဏ္ဍမှပါဝင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ ကြီးမားသောအခြေခံအဆောက်အအုံ လိုအပ်ချက်များကို ထောက်ပံ့ကြေးများ၊ ချေးငွေများဖြင့် ဖြေရှင်းပေးနိုင်မည်မဟုတ်ကြောင်း၊ သို့မဟုတ် စဉ်ဆက်မပြတ်သော ရေရှည်အလုပ်အကိုင်ဖန်တီးမှုကို မြှင့်တင်နိုင်မည်မဟုတ်ကြောင်း၊ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများအကြား ညှိနှိုင်းဆောင်ရွက်မှုမှာ မိမိတို့လိုအပ်နေသော ရင်းနှီးမြှုပ်နှံမှုရရှိရေးအတွက် အဓိကကျကြောင်း၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အရေးပါသော ပြည်တွင်းနှင့် နိုင်ငံတကာအလှူရှင်နိုင်ငံများနှင့် မိမိတို့အစိုးရ၏ ထိတွေ့ဆက်စပ်မှုကို ထပ်မံခိုင်မာအားကောင်းအောင်လုပ်ဆောင်ရန် DACU အနေဖြင့် ရည်ရွယ်ကြောင်း၊ DACU အနေဖြင့် ဆန်းသစ်သော ဖန်တီးနိုင်မှုများကိုရှာဖွေပြီး အကျိုးသက်ရောက်မှုရှိစေမည့် အတွေးအခေါ်များကို ကြိုဆိုလက်ခံကြောင်း၊ DACU ၏ တစ်ခုတည်းသောရည်ရွယ်ချက်မှာ စေတနာကြီးစွာဖြင့် အဖွဲ့ဝင်နိုင်ငံ အချင်းချင်း ကူညီထောက်ပံ့ရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က ဖွံ့ဖြိုးမှုအကူအညီပေးရေးဆိုင်ရာမူဝါဒနှင့် ဦးစားပေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်က စီမံချက်များအကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကိုလည်းကောင်း၊ မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်း(MDI) အမှုဆောင်ဒါရိုက်တာ ဦးမင်းရဲပိုင်ဟိန်းက အထွေထွေကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်များအဖွဲ့ ကိုယ်စားလှယ် Mr. Nck Cumpston က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေတို့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ရန်ပုံငွေဆိုင်ရာ ပူးတွဲညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ကို နိုင်ငံတကာက ပေးအပ်သော ဖွံ့ဖြိုးမှုအကူအညီများကို အသုံးပြုရာတွင် ပြည်သူများထိရောက်စွာ အကျိုးရှိစေရေးအတွက် မြန်မာနိုင်ငံနှင့် မိတ်ဖက်အဖွဲ့အစည်းများအချင်းချင်း ညှိနှိုင်းခြင်း၊ ဖွံ့ဖြိုးမှုအကူအညီရယူခြင်းနှင့် အသုံးပြုခြင်းတို့ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိခြင်း၊ ထိရောက်စွာအသုံးပြုခြင်းနှင့် တာဝန်ခံခြင်းတို့ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် အောက်တိုဘာ ၆ ရက်က ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကိုရီးယားဧည့်အဖွဲ့အား သီးခြားစီလက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၂

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Hiromu KUROKAWA နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း၊ ကိုရီးယားနိုင်ငံအခြေစိုက် ကုမ္ပဏီဖြစ်သော Posco Daewoo International Corporation Ltd. ၏ အမှုဆောင်အရာရှိချုပ်နှင့် ဥက္ကဋ္ဌ Mr.Kim Young-Sang ဦးဆောင်သောအဖွဲ့အား ယနေ့ညနေ ၃ နာရီ ၁၅ မိနစ်တွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ဂျပန်တရားရေးဒု-ဝန်ကြီးနှင့်တွေ့ဆုံစဉ် JICA မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များတွင်လည်း ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ကိုရီးယားအဖွဲ့နှင့်တွေ့ဆုံစဉ် Posco Daewoo International Corporation Ltd.အနေဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်ရန် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr.Hiromu KUROKAWA အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရုတ်ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်မှ အနောက်ပိုင်းစစ်နယ်ဝန်း ကွပ်ကဲမှုစစ်ဌာနချုပ်၊ တပ်မှူး General Zhao Zongqi ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၂

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် တရုတ်ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်မှ အနောက်ပိုင်းစစ်နယ်ဝန်း ကွပ်ကဲမှုစစ်ဌာနချုပ်၊ တပ်မှူး General Zhao Zongqi ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အပြန်အလှန်လေးစားမှု၊ ချစ်ကြည်မှု၊ ယုံကြည်မှုများဖြင့် ဆက်ဆံဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာ့တပ်မတော်၏ အိမ်နီးချင်းနိုင်ငံ တပ်မတော်များနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် အထူးအလေးထားဆောင်ရွက်နေမှုအခြေအနေများအား ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာယူ-၁၈ အသင်း ဒုတိယမြောက်ခြေစမ်းပွဲ ယနေ့ကစားမည်

ရန်ကုန် ဒီဇင်ဘာ ၁၂

တရုတ်နိုင်ငံ ကွမ်ကျိုးမြို့၌ လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာယူ-၁၈ အသင်းသည် ဒုတိယမြောက်ခြေစမ်းပွဲအဖြစ် ဒီဇင်ဘာ ၁၃ ရက်တွင် ကွမ်ကျိုးအဲဗားဂရင်း လူငယ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာယူ-၁၈ အသင်းသည် ၂၀၁၇ ခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တရုတ်နိုင်ငံ၌ ဒီဇင်ဘာ ၈ ရက်မှစ၍ လေ့ကျင့်နေခြင်းဖြစ်ပြီး ပထမဆုံးခြေစမ်းပွဲအဖြစ် ဒီဇင်ဘာ ၁၀ ရက်က ကွမ်ကျိုးလူငယ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုးစီသရေကျခဲ့သည်။ မြန်မာယူ-၁၈ အသင်းသည် ဂိုးများ စတင်ပေးခဲ့ရသော်လည်း ချေပဂိုးများပြန်သွင်းကာ သရေကျခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းနှင့်ခြေစမ်းမည့် ကွမ်ကျိုးအဲဗားဂရင်း လူငယ်အသင်းသည် တရုတ်စူပါလီဂ်တွင် ယှဉ်ပြိုင်နေသည့် ကွမ်ကျိုးအဲဗားဂရင်းအသင်း၏ လူငယ်အသင်းဖြစ်ပြီး ဘောလုံးအကယ်ဒမီတည်ထောင်ကာ လူငယ်ကစားသမားကောင်းများစွာ သင်ကြားပေးလျက်ရှိသည်။ ယင်းအကယ်ဒမီသည် ရီးယဲလ်မက်ဒရစ်ဖောင်ဒေးရှင်းနှင့်ချီတ်ဆက်ကာ စပိန်နည်းပြများအား ခေါ်ယူသင်ကြားပေးလျက်ရှိသည်။ မြန်မာယူ-၁၈ အသင်းသည် ဒီဇင်ဘာ ၂၇ ရက်အထိ လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲခြောက်ပွဲကစားမည်ဖြစ်သည်။

(ဖိုးသော်ဇင်)

ကိုင်ရိုတွင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းပုံးခွဲတိုက်ခိုက်ခံရ၊ ၂၅ ဦးထက်မနည်းသေဆုံး

ကိုင်ရို ဒီဇင်ဘာ ၁၂

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ အကြီးဆုံးသော ကော့ပ်တစ် ခရစ်ယာန်ဘုရားရှိခိုးကျောင်းကြီးတွင် ဒီဇင်ဘာ ၁၁ ရက်က ပုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ၂၅ ဦးထက်မနည်းသေဆုံးပြီး ၄၉ ဦးထိခိုက်ဒဏ်ရာရခဲ့သည်။ အဆိုပါဘုရားရှိခိုးကျောင်းတွင် တနင်္ဂနွေနေ့ ဝတ်ပြုဆုတေးပွဲသို့ လူအများတက်ရောက်စဉ် ပုံးပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။ သေဆုံးသူများနှင့်ထိခိုက်ဒဏ်ရာရသူအများစုမှာ အမျိုးသမီးများနှင့်ကလေးများဖြစ်ကြပြီး အီဂျစ်နိုင်ငံတွင် လူနည်းစု ခရစ်ယာန် ဘာသာဝင်များအတွက် ယခုနှစ်အတွင်း အသေအပျောက်အများဆုံးတိုက်ခိုက်ခံရမှုဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။ အီဂျစ်သမ္မတ ဖာတာအယ်လ်စီစီသည် မျက်နှာစာအမျိုးမျိုးတွင် ပြဿနာအမျိုးမျိုး တွေ့ကြုံနေရချိန်တွင် အဆိုပါပုံးခွဲတိုက်ခိုက်မှု ဖြစ်ပေါ်လာခြင်းဖြစ်သည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်များအပေါ် ဆင်းရဲနွမ်းပါးသည့် အီဂျစ်ပြည်သူများက ဒေါသထွက်ခဲ့ခြင်း၊ မွတ်စလင်ညီနောင်များအဖွဲ့အား ဖြိုခွဲရာတွင် သွေးထွက်သံယိုဖြစ်ရပ်များဖြစ်ပွားခဲ့ပြီး လူထောင်ပေါင်းများစွာအား ထောင်သွင်းအကျဉ်းချခဲ့ခြင်းတို့ကြောင့် အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့(အိုင်အက်စ်)၏ အီဂျစ်အဖွဲ့ခွဲက နိုင်ငံမြောက်ပိုင်း ဆိုင်းနိုင်းဒေသတွင် သောင်းကျန်းနေခြင်းတို့ကို သမ္မတ ရင်ဆိုင်နေရသည်။

အိုင်အက်စ်စစ်သွေးကြွများသည် မြို့တော်ကိုင်ရိုတွင် လူအသေအပျောက်ရှိသည့် တိုက်ခိုက်မှုများကို လည်းလုပ်ဆောင်နေပြီး လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်းက အီရတ်နှင့် ဆီးရီးယားနိုင်ငံတွင်းရှိ ၎င်းတို့၏ ခြေကုပ်စခန်းများအား ထိုးစစ်ဆင်တိုက်ခိုက်ခံရစဉ်ကပင် ကမ္ဘာတစ်ဝန်းရှိ ၎င်းတို့အား ထောက်ခံသူများကို တိုက်ခိုက်မှုများပြုလုပ်ရန် ဆော်သြခဲ့သည်။

ကိုင်ရိုမြို့ရှိ ခရစ်ယာန်ဘာသာဝင်တို့၏ ဘုရားရှိခိုးကျောင်းအား ပုံးခွဲတိုက်ခိုက်မှုနှင့် ပတ်သက်၍ လတ်တလောတွင် တာဝန်ရှိကြောင်း မည်သည့်အဖွဲ့အစည်းကမျှ ထုတ်ဖော်ပြောကြားခြင်းမရှိသေးသော်လည်း အီဂျစ်ပြည်၌ ပြည်နှင်ဒဏ်ပေးထားသည့် မွတ်စလင်ညီနောင်များအဖွဲ့နှင့် အီဂျစ်ပြည်တွင်းရှိ စစ်သွေးကြွအဖွဲ့များကမူ ၎င်းလုပ်ရပ်အား ပြစ်တင်ရှုတ်ချကြသည်။ အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့(အိုင်အက်စ်)တို့အား ထောက်ခံသူများကမူ ယင်းတိုက်ခိုက်မှုကို လူမှုဆက်သွယ်ရေးမီဒီယာများ၌ ချီးမွမ်းထောပနာပြုကြသည်။ **ရိုက်တာ။**

ပင်နီဇွဲလားတွင် လှည့်ပတ်သုံးစွဲနေသော ငွေစက္ကူများအနက် တန်ဖိုးအကြီးဆုံးငွေစက္ကူကို ဖယ်ရှားမည်ဟု သမ္မတကြေညာ

ကရာကတ် ဒီဇင်ဘာ ၁၂

ဗင်နီဇွဲလားနိုင်ငံ၌ လှည့်ပတ်သုံးစွဲလျက်ရှိသော ငွေစက္ကူများအနက် တန်ဖိုးအကြီးဆုံး ငွေစက္ကူကို ဖယ်ရှားကာ တန်ဖိုးကြီးငွေစက္ကူသစ်များကို ထုတ်ဝေသွားမည်ဖြစ်ကြောင်း သမ္မတ နီကိုလပ်စ် မာဒူရိုက ပြောကြားလိုက်သည်။

စီးပွားရေးအကျပ်အတည်းဆိုက်နေပြီး ကမ္ဘာပေါ်တွင် ငွေကြေးဖောင်းပွမှုနှုန်းအမြင့်ဆုံး ပြဿနာကို ရင်ဆိုင်နေရသည့် ဗင်နီဇွဲလားနိုင်ငံတွင် တန်ဖိုးအကြီးဆုံး ငွေစက္ကူဖြစ်သော ဘိုလီဗာ ၁၀၀ တန် ငွေစက္ကူကို လှည့်ပတ်သုံးစွဲသော ငွေကြေးစနစ်မှ ယခုရက်သတ္တပတ်အတွင်းမှစ၍ ဖယ်ရှားမည်ဖြစ်ကြောင်း သမ္မတ မာဒူရိုက ကြေညာလိုက်ရာ ပြည်သူများမှာ အံ့အားသင့်ခဲ့ကြရသည်။

တန်ဖိုးကြီး ငွေစက္ကူကို လှည့်ပတ်သုံးစွဲသော ငွေကြေးစနစ်မှ ဖယ်ရှားပြီးနောက် ယင်းငွေကြေးကို ဗဟိုဘဏ်တွင် လဲလှယ်နိုင်ရန် ပြည်သူတို့ ၁၀ ရက် အချိန်ရရှိမည်ဟု မာဒူရိုက ပြောကြားသည်။

သမ္မတမာဒူရို၏ အထက်ပါကြေညာချက်နှင့်ပတ်သက်၍ ဝေဖန်မှုများ ထွက်ပေါ်ခဲ့သည်။ မတည်မငြိမ်ဖြစ်နေသော ကိုလံဘီယာ-ဗင်နီဇွဲလား နယ်စပ်ဒေသ၌ ဘိုလီဗာ ၁၀၀ တန် ငွေစက္ကူများကို မှောင်ခိုတင်သွင်းမှု၊ တင်ပို့မှု ပြုလုပ်နေခြင်းကို တိုက်ဖျက်နိုင်ရန် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း မာဒူရိုက ပြောကြားသည်။

မာဒူရို၏ လုပ်ဆောင်ချက်သည် စီးပွားရေးအရ အဓိပ္ပာယ်မရှိသောလုပ်ရပ်ဖြစ်ကြောင်း၊ လှည့်ပတ်သုံးစွဲနေသော ဘိုလီဗာ ၁၀၀ တန် ငွေစက္ကူများကို သမ္မတက ခွင့်ပြုပေးသည့်ကာလအတွင်း ဘဏ်၌လဲလှယ်ရန်မှာ မဖြစ်နိုင်ကြောင်း ဝေဖန်မှုများပေါ်ထွက်လာခဲ့သည်။

လှည့်ပတ်သုံးစွဲငွေ အဖြစ်ရှိနေသော ဘိုလီဗာ ၁၀၀ တန် ငွေစက္ကူများမှာ ခြောက်ဘီလီယံကျော်ရှိနေကြောင်း၊ လှည့်ပတ်သုံးစွဲနေသော ငွေစက္ကူများနှင့် အကြွေများ၏ ၄၈ ရာခိုင်နှုန်းအထိရှိကြောင်း ဗဟိုဘဏ်၏ နိုဝင်ဘာလ အခြေပြုစာရင်းအင်းတွင် ဖော်ပြထားသည်။ **ရိုက်တာ။**

အိုင်အက်စ်တို့က ပါလ်မိုင်ရာမြို့ကို ပြန်လည်သိမ်းယူ

ပါလ်မိုင်ရာ ဒီဇင်ဘာ ၁၂

ဆီးရီးယားနိုင်ငံအလယ်ပိုင်း ရှေးဟောင်းအမွေအနှစ်များ တည်ရှိသည့် ပါလ်မိုင်ရာမြို့ကို အစ္စလာမ္မစ်နိုင်ငံထူထောင်ရေး(အိုင်အက်စ်)တို့က ပြန်လည်သိမ်းယူလိုက်ပြီဖြစ်ကြောင်း အိုင်အက်စ်တို့နှင့် အဆက်အသွယ်ရှိသည့် သတင်းဌာနတစ်ခုက တနင်္ဂနွေနေ့က ပြောကြားသည်။

တပ်ဖြန့်ချထားသည့် ဆီးရီးယားအစိုးရတပ်များ ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း ဆီးရီးယားနိုင်ငံပိုင် ရေဒီယိုက ကြေညာသွားခဲ့ပြီးနောက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူးက မကြာမီအချိန်အတွင်း အစိုးရတပ်များက ယင်းမြို့ကို ပြန်လည်ထိန်းချုပ်နိုင်လိမ့်မည်ဟု အလေးအနက်ထားပြောကြားသည်။

လွန်ခဲ့သည့်နှစ် မေလတွင် အိုင်အက်စ်တို့က ပါလ်မိုင်ရာမြို့ကို သိမ်းယူနိုင်ခဲ့ပြီး ဆီးရီးယားအစိုးရတပ်က ယခုနှစ် မတ်လတွင် ယင်းမြို့ကိုပြန်လည်သိမ်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ အိုင်အက်စ်တို့ ပါလ်မိုင်ရာမြို့ကို သိမ်းပိုက်ထားသည့်ကာလအတွင်း အဆိုပါမြို့ရှိ ရှေးဟောင်းရောမခေတ်အနုပညာလက်ရာပစ္စည်းများကို ဖျက်ဆီးခဲ့ကြသည်။

ပါလ်မိုင်ရာမြို့မှ အိုင်အက်စ်စစ်သွေးကြွများကို ဖယ်ရှားနိုင်ရေးအတွက် ရုရှားတိုက်လေယာဉ်များသည် တစ်ညလုံးလေကြောင်းတိုက်ခိုက်မှုအကြိမ် ၆၀ ကျော် ပြုလုပ်တိုက်ခိုက်ကာ ဆီးရီးယားအစိုးရတပ်များကို ထောက်ပံ့ကူညီပေးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက တနင်္ဂနွေနေ့က ပြောကြားသည်။

ရုရှားတိုက်လေယာဉ်များက လူနေရပ်ကွက်များကို ရှောင်ရှားပြီးတိုက်ခိုက်နေစဉ်အတွင်း အင်အား ၄၀၀၀ ကျော်ခန့်ရှိသည့် စစ်သွေးကြွများက မြို့ကိုပြန်လည်သိမ်းယူသွားခဲ့ခြင်းဖြစ်ကြောင်း စစ်ဘက်အရာရှိများက ပြောကြားသည်။

အိုင်အက်စ်စစ်သွေးကြွများသည် မကြာမီကမှ အင်အားပြန်လည်တောင့်တင်း လာခြင်းဖြစ်သော်လည်း ဆီးရီးယားအစိုးရတပ်များက အလက်ပိုမြို့ရှိ သူပုန်များကို နှိမ်နင်းတိုက်ခိုက်ရန် ဦးစားပေးနေချိန်တွင် စစ်သွေးကြွများက ပါလ်မိုင်ရာမြို့ကို ပြန်လည်သိမ်းပိုက်သွားနိုင်ခဲ့ခြင်းဖြစ်သည်။

အင်နန်အိတ်ချ်ကေ။

ပါကစ္စတန်၌ လေယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့ပြီးနောက် အေတီအာရ် လေယာဉ်များခရီးစဉ် ပျံသန်းမှုရပ်ဆိုင်း

အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၁၂

ပါကစ္စတန်နိုင်ငံ မြောက်ပိုင်းတွင် လွန်ခဲ့သည့် ရက်သတ္တပတ်က အေတီအာရ် အမျိုးအစား လေယာဉ်တစ်စင်းပျက်ကျမှုကြောင့် လူ ၄၇ ဦးသေဆုံးရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ရပြီးနောက် ဥရောပလုပ် အေတီအာရ် လေယာဉ် ၁၀ စင်း ခရီးစဉ် ပျံသန်းမှုကိုရပ်နားမည်ဟု ပါကစ္စတန် နိုင်ငံတကာလေကြောင်းဌာန (ပီအိုင်အေ)က ကြေညာလိုက်ကြောင်း အဆိုပါ လေကြောင်း ကုမ္ပဏီတာဝန်ရှိသူများက ဒီဇင်ဘာ ၁၂ ရက်တွင် ပြောကြားကြသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်က အေတီအာရ်-၄၂ အမျိုးအစား လေယာဉ်တစ်စင်းသည် တောင်တန်းထူထပ်သော ချီထရယ်ဒေသမှ စတင်ထွက်ခွာအပြီး မကြာမီတွင် ပျက်ကျခဲ့သည်။ အင်ဂျင်စက်ချွတ်ယွင်းမှုကြောင့် ပျက်ကျခဲ့ရသည်ဟု တာဝန်ရှိသူများက ယူဆကြသော်လည်း မြို့တော် အစ္စလာမ္မာဘတ်မှ ကီလိုမီတာ ၅၀ (၃၁ မိုင်)ခန့်အကွာတွင် လေယာဉ်ပျက်ကျမှု အဘယ်ကြောင့် ဖြစ်ပေါ်ရသည်ကို အတိအကျ မသိရသေးပေ။

ပီအိုင်အေလေကြောင်းကုမ္ပဏီ၌ အေတီအာရ် အမျိုးအစား လေယာဉ်များအားလုံးကို အသေးစိတ်စစ်ဆေးရန် ပါကစ္စတန် မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့က ဆုံးဖြတ်ခဲ့သည်။

အသေးစိတ်စစ်ဆေးပြီးချိန်အထိ အေတီအာရ် လေယာဉ် ၁၀ စင်း၏ ခရီးစဉ်ပျံသန်းမှုကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ပီအိုင်အေ လေကြောင်းကုမ္ပဏီက ပြောကြားသည်။

ရိုက်တာ။

ရှေးဟောင်းအဆောက်အအုံများ ပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ရေရှည်ကြံ့ခိုင်စေရန်ရည်မှန်းပြီး အချိန်ယူကာ မူလပုံစံအတိုင်း ပြုပြင်ထိန်းသိမ်းသွားမည်

နေပြည်တော် ဒီဇင်ဘာ ၁၂

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့၏နေ့တွက်စရိတ် တစ်ရက်စာ စုစုပေါင်းငွေကျပ် ၈၅ သိန်း ၂ သောင်းကို မူဆယ်မြို့စစ်ဘေးရှောင်ပြည်သူများအား ပေးအပ်လျှာဒါန်းရန် သဘောတူခဲ့ကြသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက သဘောတူသည့်အတွက် ကိုယ်စားလှယ်များ၏နေ့တွက်စရိတ် တစ်ရက်စာကို မူဆယ်မြို့စစ်ဘေးရှောင်ပြည်သူများအား ပေးအပ်လျှာဒါန်းသွားမည်ဖြစ်ကြောင်းနှင့် ထပ်မံလိုအပ်မည့်ငွေများကိုလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ အလျှာဒါနခေါင်းစဉ်မှ ဖြည့်စွက်လျှာဒါန်းသွားမည်ဖြစ်ကြောင်း လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီဘွန်မြတ်က အသိပေးကြေညာသည်။

ထို့ပြင် အစည်းအဝေးတွင် ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး၏ ဝင်းကကျေးရွာတွင် ဆောင်ရွက်နေသော သုဝဏ္ဏဘူမိမြို့ဟောင်း ပြန်လည်တူးဖော်ခြင်း သုတေသနလုပ်ငန်းစီမံကိန်းနှင့်ပတ်သက်၍ ဒေသခံပြည်သူများကို ပွင့်လင်းမြင်သာစွာချပြ ရှင်းလင်းပေးနိုင်မှု ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သုဝဏ္ဏဘူမိ သုတေသနလုပ်ငန်းအား ဝင်းကကျေးရွာရှိ ကျေးရွာသူရွာသားများသိရှိနိုင်ရန် ရှင်းလင်းဟောပြောပွဲကို ဝင်းကကျေးရွာ အထက်တန်းကျောင်းခွဲတွင် ပြုလုပ်ခဲ့ပါကြောင်း။

တူးဖော်သုတေသနလုပ်ငန်းနှင့်ပတ်သက်၍ အများပြည်သူ ပိုမိုသိရှိလေ့လာနိုင်ရန်နှင့် ပူးပေါင်းပါဝင်လာနိုင်ရန် သုဝဏ္ဏဘူမိ သုတေသနအထူးပြပွဲကို ယဉ်ကျေးမှုပြတိုက်(မော်လမြိုင်)တွင် ပြုလုပ်ခဲ့ပြီး ပြည်သူလူထုအား အသိပညာပေးခဲ့ပါကြောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ခွဲဝေရရှိသော နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေအလိုက် သုဝဏ္ဏဘူမိသုတေသနလုပ်ငန်းများကို နှစ်စဉ်တိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆောင်ရွက်ရာတွင်လည်း ဒေသခံများ ထိခိုက်နစ်နာမှုမရှိစေရန် အလေးထားဆောင်ရွက်ပါကြောင်း။

စစ်ဆေးတွေ့ရှိချက်အရ အချို့သောရှေးဟောင်းကုန်းများသည် ရွာသားများပိုင်ဆိုင်သော ခြံများ၊ အိမ်ဝင်းများထဲတွင် တည်ရှိနေသဖြင့် သုတေသနပြုရန်ကမ်းလှမ်းခဲ့သော်လည်း ခွင့်မပြုသူများ ရှိပါကြောင်း၊ ခွင့်မပြုပါကလည်း မူလအတိုင်းထားရှိရန်နှင့် မည်သည့်အကြောင်းနှင့်မျှ မဖျက်ဆီးရန် ခြံပိုင်ရှင်များအားတွေ့ဆုံအသိပညာပေးပြောကြားထားပြီးဖြစ်ပါကြောင်း၊ အချို့သောခြံပိုင်ရှင်များသည် ဌာနနှင့်ပေးကွာသည်ကို အခွင့်ကောင်းယူပြီး စက်ယန္တရားများကို အသုံးပြု၍ တမင်တကာဖျက်ဆီးခဲ့သဖြင့် နောင်တွင် အလားတူ ဖျက်ဆီးမှုများမပြုလုပ်ရန် သတိပေးတားမြစ်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၏ ငလျင်ကြောင့် ပြိုကျပျက်စီးသွားသော သမိုင်းဝင်ပုဂံဘုရားစေတီပုထိုးများကို ပြုပြင်ရေးနှင့်ပတ်သက်၍ မည်သို့စီမံထားသည်ကို သိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော ရှေးဟောင်းအဆောက်အအုံများ ပြင်ဆင်မှုနှင့်ပတ်သက်၍ လုပ်ငန်းစဉ် (၇)ရပ်ချမှတ်ခဲ့ပါကြောင်း။

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီဘွန်မြတ်

အပျက်အစီးများရှင်းလင်းဖယ်ရှားခြင်း၊ အပျက်အစီးထဲတွင် ပါဝင်သွားသည့် အပျက်အစီးများ ပြန်လည်ဆယ်တင်စုဆောင်းခြင်း၊ ထပ်မံမပျက်စီးစေရန် ယာယီအမိုးမိုးခြင်း၊ ငြမ်းများ၊ ဒေါက်များဖြင့် ထိန်းညှပ်ခြင်း၊ ရေပိတ်လွှာများပြုလုပ်ခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယူနက်စကို အဖွဲ့အပါအဝင် ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ပျက်စီးမှုစာရင်းကောက်ယူမှတ်တမ်းတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ပျက်စီးဆုံးရှုံးသွားသော အဆောက်အအုံများ ထိန်းသိမ်းရေးလုပ်ငန်း ခန့်မှန်းကုန်ကျမှုစာရင်းကိုလည်း ရေးဆွဲခဲ့ပါကြောင်း၊ ယခုအခါ အသေးစိတ်တိုင်းတာ စစ်ဆေးမှုကို ဆောင်ရွက်လျက်ရှိပြီး ဦးစားပေးအဆင့်အလိုက် ပြင်ဆင်သွားမည်ဖြစ်ပါကြောင်း၊ ရှေးဟောင်းအဆောက်အအုံများ ပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ရေရှည်ကြံ့ခိုင်စေရန်ရည်မှန်းပြီး အချိန်ယူကာ မူလပုံစံအတိုင်း ပြုပြင်ထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုများကို လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ တင်သွင်းထားသည့် နိုင်ငံတစ်ဝန်းစိုက်ပျိုးရေးလုပ်ကိုင်ရန်အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေပုဒ်မ ၄၅ အရ ခွင့်ပြုခဲ့သည့် သစ်တောမြေများအား အဆိုပါနည်းဥပဒေနှင့်အညီ စိစစ်ပြီး နည်းဥပဒေပါ စည်းကမ်းချက်များနှင့် မညီညွတ်သော လုပ်ကွက်မြေရေယာများအား နည်းဥပဒေပုဒ်မ ၅၇ အရ နိုင်ငံတော်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေများအဖြစ် ပြန်လည်ရုပ်သိမ်း၍ သဘာဝနည်းလမ်းများဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းကို ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်၊ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၊ မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး၊ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၊ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညိ၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၊ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ ဒဏ္ဍီဏာသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၊ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၊ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၊ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်တို့က ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ လုပ်ကိုင်ခွင့်ရယူထားပြီး အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသည့်မြေများကို စိစစ်ပြီး ဥပဒေနှင့်အညီ ပြန်လည်သိမ်းယူရန်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ တာဝန်ပေးအပ်ပြီးဖြစ်ပါကြောင်း၊ တာဝန်ပေးအပ်ချက်နှင့်အတူ ဆောလျင်စွာ ပြန်လည်တင်ပြရေးအတွက်လည်း အကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ ပြန်လည်သိမ်းဆည်းခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

သဘာဝသစ်တောများကို မြန်မာ့ရွေးချယ်စနစ်ဖြင့် သိပ္ပံနည်းကျ စီမံအုပ်ချုပ်ပြီး မြန်မာ့သစ်တောမူဝါဒ ၁၉၉၅ ခုနှစ်ပါ ပြဋ္ဌာန်းချက်နှင့်အညီ နှစ် ၃၀ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းပါ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ကြိုးပိုင်းတော၊ ကြိုးပြင်ကာကွယ်တော တိုးချဲ့ဖွဲ့စည်းခြင်းကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝနယ်မြေတိုးချဲ့ဖွဲ့စည်းခြင်းကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်း ပြည့်မီစေရေးအတွက်လည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် အဆိုအား မှတ်တမ်းအဖြစ်ထားရှိသင့်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။ **ကျော်သူထက် (သတင်းစဉ်)**

နိုင်ငံခြားရေးနှင့်သက်ဆိုင်သည့်မေးခွန်းများ၊ ကျန်းမာရေးဆိုင်ရာမေးခွန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြား

နေပြည်တော် ဒီဇင်ဘာ ၁၂

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့၏ တစ်ရက်စာနေ့တွက်စရိတ်ကို ရှမ်းပြည်နယ် မူဆယ်မြို့စစ်ဘေးရှောင်ပြည်သူများအတွက် လျှာဒါန်းခဲ့ကြသည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် မေးခွန်းများအပေါ် ဒုတိယဝန်ကြီး ဦးကျော်တင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသီဟ(ခ) မောင်တူး၏ ထိုင်း၊ မလေးရှားနှင့် စင်ကာပူတို့ကဲ့သို့သော နိုင်ငံများသို့ မြန်မာနိုင်ငံသားများ သွားရောက်လည်ပတ်လုပ်ကိုင်ရာတွင် အခက်အခဲမကြုံတွေ့စေရန်၊ ကူးလူးဆက်ဆံမှုများသော နိုင်ငံများတွင် နေထိုင်လုပ်ကိုင်စဉ်အတွင်း ဆောင်ရန်၊ ရှောင်ရန်နှင့် အကူအညီတောင်းခံနိုင်ရန် အချက်အလက်အကျဉ်းချုပ်ပါဝင်သော အသိပညာပေးရေး စာအုပ်ငယ်များ ရိုက်နှိပ်/ဖြန့်ချိပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြမည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာအလုပ်သမားများ၏ သတင်းအချက်အလက်များ ရရှိစေရန်၊ ပြည်ပသို့ တရားမဝင်သွားရောက်မှု လျှောနည်းပပျောက်စေရန်၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ အပြည့်အဝရရှိစေရန်နှင့် အလုပ်သမားရေးရာကိစ္စများနှင့် ပတ်သက်၍ ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ၊ Complaints Mechanism Center (CMC) များသို့ ဆက်သွယ်တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များ၊ သွားရောက်အလုပ်လုပ်ကိုင်မည့် သက်ဆိုင်ရာ မြန်မာသံရုံး၊ အလုပ်သမားသံအရာရှိများ၊ အလုပ်သမား ကာကွယ်စောင့်ရှောက်ရေး အဖွဲ့တို့၏

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့သို့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

ဖုန်းနံပါတ်များနှင့် ဆက်သွယ်ရမည့် လိပ်စာကတ်များ၊ ပြည်ပနိုင်ငံများတွင် အရေးကိစ္စများ ပေါ်ပေါက်လာပါက ဆက်သွယ်အကူအညီတောင်းခံခြင်း၊ ဖြစ်ပေါ်လာနိုင်သော အရေးပေါ်ကိစ္စများအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ငွေကြေးစီမံခန့်ခွဲခြင်း၊ မိမိနိုင်ငံသို့ပြန်လာရန် ပြင်ဆင်ခြင်းတို့နှင့် ပတ်သက်သည့် သတင်းအချက်အလက်များအား အသေးစိတ်ထည့်သွင်းဖော်ပြထားသော လက်ကမ်းစာစောင်များကို ရိုက်နှိပ်ဖြန့်ဝေပေးလျက်ရှိပါကြောင်း။

ထိုင်း-မြန်မာ နားလည်မှုစာချွန်လွှာ (MoU) အရ သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများအား ပြည်ပသို့မထွက်ခွာမီ အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်တွင်ပါဝင်သည့် လုပ်ငန်းခွင်အတွင်း အလုပ်သမားများလိုက်နာရမည့် အချက်များ၊ ရသင့်ရထိုက်သည့် အခွင့်အရေးများ၊ ဆောင်ရန်/ရှောင်ရန်များစသည့် အချက်အလက်များအား ရှင်းလင်းပြောကြားပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၏ မလေးရှားနိုင်ငံသို့ သွားရောက်မည့်သူများသည် ယခင်က Visa ကြေး (USD 6) သာကုန်ကျရာမှ ၁၈.၁.၂၀၁၆ ရက်နေ့မှ စတင်ကာ (USD 57)သို့ ပိုမိုကုန်ကျနေရသော One Stop Center (OSC) စနစ်ကို ပြန်လည်သုံးသပ်ရန် သို့မဟုတ် ရပ်ဆိုင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် နိုင်ငံသားများ၏ ပိုမိုကုန်ကျငွေများသည် နိုင်ငံတော်အတွက် အခွန်မည်မျှ ရရှိသည် သို့မဟုတ် မည်သူတို့က ရယူခံစားနေသည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ မလေးရှားပြည်ဝင်ဗီဇာထုတ်ပေးရေးအတွက် မလေးရှားနိုင်ငံမှ လုပ်ငန်းကုမ္ပဏီတစ်ခုဖြစ်သော Bukti Megah Sdh.Bhd နှင့် ၎င်း၏ပြည်တွင်းမိတ်ဖက်ကုမ္ပဏီတစ်ခုဖြစ်သော Diamond Palace Group တို့အား One Stop Center (OSC) တစ်ခုကို ဖွင့်လှစ်ဆောင်ရွက်ရန် ခန့်အပ်ခဲ့ပါကြောင်း၊ One Stop Center ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် တရားဝင်ဖွင့်လှစ်ခဲ့ပြီး ပြည်ဝင်ဗီဇာများကို Visa Fee USD 6၊ System Fee USD 26၊ Service Fee USD 25 အတိုင်းပြောင်းလဲကောက်ခံခဲ့ပါကြောင်း၊ အလုပ်သမားများပေးဆောင်ရမည့် ဗီဇာကြေး ခြောက်ဒေါ်လာနှင့် ဝန်ဆောင်စရိတ် ၅၁ ဒေါ်လာ နှစ်ရပ်ပေါင်း ၅၇ ဒေါ်လာကို လျှော့ချပေးနိုင်ရန် ဆွေးနွေးခဲ့ရာ မလေးရှားသံအမတ်ကြီးက ဆောင်ရွက်မှုစနစ်ပြောင်းလဲမှုကြောင့် အဆိုပါစနစ်အသုံးပြုမှု ဝန်ဆောင်စရိတ် တိုးမြှင့်သွားခြင်းဖြစ်ပါကြောင်း၊ ဗီဇာနှင့်ပတ်သက်၍ မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်ဖြစ်ပါကြောင်း၊ နိုင်ငံကိုယ်စား ပြည်ပရှိသံရုံးများမှ အကောင်အထည်ဖော်ပေးရခြင်းဖြစ်ပါကြောင်း ယခု ဗီဇာကြေးတိုးမြှင့်ကောက်ခံမှုနှင့်ပတ်သက်၍ မလေးရှားသံရုံးအနေဖြင့် မလေးရှားနိုင်ငံဘက်မှ ညွှန်ကြားချက်များကို ကျော်လွန်လုပ်ဆောင်၍ မရပါဟု ပြန်လည်ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ **စာမျက်နှာ ၇ သို့** ❐

အိမ်တစ်လုံး၏ ရာဇဝင်နှင့် ပတ်ဝန်းကျင်အခြေအနေ

ကျော်ဝင်းသက်

အိမ်ဆိုသည့် ဝေါဟာရစကားလုံးတစ်လုံးကို တွေ့လိုက်ရသည်ဆိုလျှင်ပဲ ဝါး၊ သစ်သား၊ အုတ်စသော အရာဝတ္ထု အမျိုးမျိုးတို့ဖြင့် ဆောက်လုပ်ထားပြီး တန်ဖိုးအနည်း၊ အများအလိုက် ကျေးလက်ရပ်ရွာ၊ ရပ်ကွက်၊ မြို့ပြနေရာဒေသ အသီးသီးတို့တွင် တည်ရှိနေသော အဆောက်အအုံတစ်ခု၊ အသိုက်အမြုံတစ်ခု၊ ခိုလှုံနေထိုင်မှီခိုရာနေရာတစ်ခုဟု ကျွန်ုပ်တို့ နားလည် သဘောပေါက်ထားပြီးဖြစ်ပါသည်။ ထို့ပြင် နေဒဏ်၊ လေဒဏ်၊ ရာသီဥတုဒဏ်ကအစ လုံခြုံခြွေးထွေးပြီး အကာအကွယ်ရနိုင်သော အရာဝတ္ထုရုပ်ပစ္စည်းတစ်ခုအဖြစ်လည်း မှတ်ယူသိရှိထားပြီးသား ဖြစ်ပါသည်။

သဘာဝအလျောက် ကျင်လည်ကျက်စားရုန်းကန်နေထိုင်ကြကုန်သော ကျေးငှက်သာရကာ တိရစ္ဆာန်လေးများပင် သူ့အဆောက်အအုံ၊ သူ့ဝန်းကျင်၊ သူ့အိမ်ဂေဟာနှင့်သူ ရှင်သန်ရပ်တည်နေထိုင်လျက်ရှိသည်ကို ကျွန်ုပ်တို့မြင်တွေ့နေရသည်။ ထို့ပြင် ၎င်းတို့ကို မထင်မှတ်ဘဲ ဝင်ရောက်တိုက်ခိုက်လာမည့် သဘာဝဘေးဒဏ်အန္တရာယ်တို့ကို အတတ်နိုင်ဆုံးခုခံကာကွယ်တားဆီးနိုင်ရန် ကြိုတင်စီမံပြင်ဆင် ဆောက်တည်ထိန်းသိမ်းထားသည်ကို ကျွန်ုပ်တို့အားလုံး မျက်မြင်ကိုယ်တွေ့ကြုံဖူးခဲ့ကြပါလိမ့်မည်။

ဥပမာ၊ စာပူးတောင်းလို စာအိမ်ကလေးတစ်ခုဖြစ်အောင် စာဌက်ကလေးတွေဟာ အမှိုက်စကလေးတွေကို ဟိုတစ်စ သည်တစ်စ ယူငင်သယ်ဆောင်လာပြီး ၎င်းတို့မိသားစုဘဝတွေ လုံခြုံခြွေးထွေး အကာအကွယ်ရအောင် စာပူးတောင်း အိမ်ကလေးတွေ နေရာတိုင်းမှာ ခိုင်ခံ့စွာ တည်ဆောက်ထားတာကို ထူးခြားသော မြင်ကွင်းတစ်ရပ်အဖြစ် ကျွန်ုပ်တို့တစ်တွေ တွေ့မြင်ခဲ့ရဖူးပါသည်။

ရိုးသားသော ဝန်ခံစကားကိုဆိုရပါမူ ကျွန်ုပ်သည် ထိုမြင်ကွင်းဖြစ်ရပ်အပေါ် မှီ၍ အတွေးစတစ်ခုဖျတ်ခနဲ ဝင်ရောက်လာခဲ့ရာမှ ဤဆောင်းပါးကို ရေးလိုစိတ်ဖြစ်ပေါ်ခဲ့ရပါသည်။ ကျွန်ုပ်တွေးမိသော အတွေးမှာ စား၊ အိပ်၊ မေထုန် ဤသုံးပါးကိုသာသိသော တိရစ္ဆာန်များပင် ၎င်းတို့မိသားစုဘဝလုံခြုံခြွေးထွေးအောင် သဘာဝဘေးအန္တရာယ်နှင့် နေဒဏ်၊ လေဒဏ်၊ ရာသီဥတုဒဏ်တို့မှ ကင်းလွတ်အောင် သူတို့ အသိဉာဏ်လေးနှင့် ကာကွယ်စောင့်ရှောက်နေထိုင်နိုင်ကြသေးလျှင် ဉာဏ်ပညာ၊ အတတ်၊ အသိတရားတို့ ပြည့်နှက်နေသော ကျွန်ုပ်တို့လူသားများသည် မိမိတို့ ရပ်တည်နေထိုင်မှီခိုမည့် အိမ်ဂေဟာကို ဒီထက်ပိုမိုခိုင်ခံ့လုံခြုံခြွေးထွေးပြီး နေဒဏ်၊ လေဒဏ်၊ ရာသီဥတုဒဏ်နှင့် သဘာဝဘေးအန္တရာယ်တွေဖြစ်သော မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေးတို့မှ အတတ်နိုင်ဆုံးခုခံကာကွယ် တွန်းလှန်တည်ဆောက်နေထိုင်နိုင်ရမည်ဟု တွက်ဆမှတ်ယူလိုက်မိသည်။

ဤနေရာတွင် မိမိတို့ တည်ဆောက်နေထိုင်မည့် အိမ်သည် မိမိတို့၏ လက်ရှိဘဝရှိပိုင်ဆိုင်ထားသော အလုပ်အကိုင်၊ ငွေကြေး၊ နေရာဒေသအလိုက်၊ လူတန်းစားအလွှာအသီးသီးအပေါ် မူတည်ပြီး ဝါးအိမ်၊ သစ်သားအိမ်၊ ပျဉ်ထောင်အိမ်၊ တိုက်အိမ်၊ ဓနိမိုး၊ သက်ငယ်မိုး၊ သွပ်မိုး၊ အုတ်ကြွေပ်မိုး စသည်ဖြင့် မတူကွဲပြားခြားနားသော အိမ်အမျိုးအစားများလည်း အသီးသီးမြင်တွေ့ရမည်ဖြစ်သည်။

ထိုအခါ ထိုအိမ်များကို ပိုင်ဆိုင်သော ထိုအိမ်တို့တွင် ခိုလှုံနေထိုင်လျက်ရှိကြသော ကျွန်ုပ်တို့အားလုံးသည် မိမိမိခိုနေထိုင်သည့် အိမ်၊ မိမိအိမ်၏ ပတ်ဝန်းကျင်၊ မိမိတို့၏ ရပ်ရွာကျေးလက်၊ ရပ်ကွက်မြို့ပြ၊ တိုင်းပြည်နှင့် ပန်းတင့်အောင် မိမိတို့ နေထိုင်ရာ အိမ်ပတ်လည်တွင် သေသပ်လုံခြုံမည့် ခြံစည်းရိုး၊ အုတ်တံတိုင်းခတ်ခြင်း၊ အိမ်ခြံဝင်းအတွင်း သီးပင်၊ စားပင်၊ ပန်းမာလာစသော မျက်စိပသာဒဖြစ်စေသည့် အရိပ်ရသစ်ပင်များလည်း စနစ်တကျ ပြုစုရေလောင်းပေါင်းသင်စိုက်ပျိုးထားဖို့လိုပါသည်။

ထို့အပြင် ၎င်းအိမ်အသီးသီးတွင် နေထိုင်သော ထိုအိမ်တို့နှင့် သက်ဆိုင်သော မိသားစုဝင်အားလုံးတို့သည် မိမိတို့ ပိုင်ဆိုင်နေထိုင်ခိုလှုံလျက်ရှိသော အိမ်ဂေဟာအဆောက်အအုံမပျက်စီးအောင် တစ်ဦးချင်းမှသည် အားလုံး ဥမက္ကဲ သိုက်မပျက် ညီညီညွတ်ညွတ်စည်းစည်းလုံးလုံး စောင့်ရှောက်ကာကွယ်ထိန်းသိမ်းပေးနိုင်ဖို့လိုပါသည်။ ဥပမာ လိုအပ်သောနေရာများကို တိုးချဲ့ပြင်ဆင်မွမ်းမံခြင်း၊ ရေနံချေး၊ ဆေးများသုတ်ပေးခြင်း၊ အိမ်ကို ထိခိုက်စေနိုင်သည့် ကြည့်မကောင်းသော မြက်ရိုင်းချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်းတို့ဖြင့် မိမိတို့နေထိုင်သော အိမ်သည် ရေရှည်တည့်မတ်၊ ခိုင်ခံ့တောက်ပနေမည်ဖြစ်သည်။

သည်နှင့် တစ်ဆက်တည်းမှာပင် ကျွန်ုပ်တို့အားလုံးသည် မိမိတို့ အိမ်ဂေဟာ နေရာဌာနဒေသလုံခြုံစိတ်ချ ပျော်ရွှင်အေးချမ်းငြိမ်းချမ်းစွာ နေထိုင်နိုင်ဖို့ အမြဲတစေ ဖေးမကူညီစောင့်ရှောက်ကြည့်ရှုပေးနိုင်မည့် ပတ်ဝန်းကျင်ကောင်း၊ မိတ်ကောင်း၊ ဆွေကောင်း၊ အဆွေခင်ပွန်းကောင်းတို့နှင့်လည်း ကျွမ်းဝင်ရင်းနှီး မိတ်ဆက်လက်တွဲခင်မင်ထားဖို့လည်း လိုအပ်သည်ဟု ကျွန်ုပ်ထင်မြင်ယူဆမိပါသည်။

အဆိုပါ ပတ်ဝန်းကျင်ကောင်း၊ မိတ်ကောင်း၊ ဆွေကောင်းများ နေရာတိုင်းမှာ ရှိနေမည်ဆိုပါလျှင် ကျွန်ုပ်တို့အားလုံးဟာ အုတ်တံတိုင်းတို့၊ ခြံစည်းရိုးတို့၊ တံခါးသော့ခလောက်တို့ပိတ်စရာ၊ ခတ်စရာ၊ ကာစရာပင် မလိုတော့ပါ။ ဤတွင် လူပြောသူပြောများသော စကားတစ်ခု ကျွန်ုပ်မှတ်သားသိရှိထားဖူးပါသည်။ "ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်း" မိမိနှင့် အနီးအနားနေထိုင်ရာ ပတ်ဝန်းကျင်ကောင်းရှိလျှင် လင်ကောင်း၊ ဇနီးကောင်းပင်ရနိုင်သည်" ဟူသော စကားရပ်ပင်။

ကျွန်ုပ်တို့အားလုံးဟာ ဝါးအိမ်၊ တဲအိမ်၊ ပျဉ်ထောင်အိမ်၊ သစ်သားအိမ်၊ တိုက်အိမ်၊ ဘာအိမ်ကိုပဲ ဆောက်ဆောက် မိမိတို့လက်လှမ်းမီရာ တတ်နိုင်သော ငွေကြေးပမာဏဖြင့် ဆောက်လုပ်ထားသော အိမ်တို့သည် မိမိတို့ မိသားစုနေထိုင်ရန်အတွက် တောင့်တင်းကြံ့ခိုင်လုံခြုံအောင် တည်ဆောက်ကာကွယ်ထားဖို့ တော့လို။

မှန်ပါပေသည်။ ကျွန်ုပ်တို့အားလုံးနေထိုင်ရာ အိမ်ဂေဟာပတ်လည်တွင် ကောက်ကွေ့ခြင်းမရှိ၊ သန့်ရှင်းရိုးသားသော ပတ်ဝန်းကျင်ကောင်းတွေများစွာ ရှိဖို့လိုပါသည်။ ပတ်ဝန်းကျင်ကောင်းတွေရှိနေလျှင် အိမ်တွင်းအိမ်ပ၊ ခြံတွင်းခြံပ အလုံးစုံ အရာခပ်သိမ်းလုံခြုံစိတ်ချရသည်ဟု ကျွန်ုပ်နားလည်သဘောပေါက်ထားမိပါသည်။

ကျွန်ုပ်တို့အားလုံးမျှော်လင့်မထားသော သဘာဝဘေးအန္တရာယ်တို့သည် ဘယ်အချိန်၊ ဘယ်အခါ၊ ဘယ်ကာလ၊ ဘယ်နေ့မှာ ပေါ်ပေါက်ဖြစ်ပေါ်လာမည်ဟု တပ်အပ်သေချာထုတ်ဖော်အပြတ်ပြောခြင်း မရနိုင်သော်လည်း အိမ်တစ်အိမ်အတွင်းရှိ မိသားစုတိုင်းသည် ပတ်ဝန်းကျင်ကောင်းနှင့်မတွေ့လျှင် ထိုမကောင်းသော ပတ်ဝန်းကျင်၏ တွန်းတိုက်လှုံ့ဆော်ထိုးနှက်သွေးခွဲစကားတွေကို နားယောင်မိသွားလျှင် အိမ်ထဲနေ အတူရှိ၊ အတူနေမိသားစုအချင်းချင်း စိတ်ဝမ်းများ၊ သဘောထားအယူအဆများ အချိန်ကာလမရွေး ပြောင်းလဲကွဲလွဲသွားနိုင်သည်။

အနေအထိုင်ပျက်၊ အလုပ်ပျက်၊ အကိုင်ပျက်၊ မိတ်ပျက်၊ ဆွေပျက်၊ မျိုးပျက်၊ အိုးပျက်၊ အိမ်ပျက်၊ စီးပွားရေး၊ ကျန်းမာရေးတွေပါ အားလုံးထိခိုက်ပြိုလဲပျက်ပြားသွားနိုင်သည်။ ထိုဆိုးရွားပြင်းထန်သော ပတ်ဝန်းကျင်တို့မှ နောက်ဆက်တွဲအဖြစ် ရိုက်ခတ်ထိခိုက်လာမည့် တို့မီး၊ ရှို့မီး၊ ပစ်မီး၊ သူခိုး၊ ဓားပြဘေးအန္တရာယ်အမြောက်အမြားတို့သည်လည်း ဟိုမှသည်မှ ပေါ်ပေါက်လာနိုင်သည်။ ကျွန်ုပ်တို့အားလုံးသည် မှန်းဆရခက်သည့် သဘာဝဘေးအန္တရာယ်ထက် လက်ရှိအချိန်မရွေးဖြစ်ပေါ်လာနိုင်သော အနီးကပ်ရန်သူအန္တရာယ်ဘေး တွေကို အမြဲသတိထားနေဖို့ လိုပါသည်။ စောင့်ကြည့်နေဖို့လိုပါသည်။

အချုပ်အားဖြင့် ရေးသားတင်ပြရမည်ဆိုပါလျှင် ကျွန်ုပ်တို့အားလုံးဟာ ဝါးအိမ်၊ တဲအိမ်၊ ပျဉ်ထောင်အိမ်၊ သစ်သားအိမ်၊ တိုက်အိမ်၊ ဘာအိမ်ကိုပဲ ဆောက်ဆောက် မိမိတို့ လက်လှမ်းမီရာ တတ်နိုင်သော ငွေကြေးပမာဏဖြင့် ဆောက်လုပ်ထားသော အိမ်တို့သည် မိမိတို့ မိသားစုနေထိုင်ရန်အတွက် တောင့်တင်းကြံ့ခိုင်လုံခြုံအောင် တည်ဆောက်ကာကွယ်ထားဖို့တော့ လိုပါသည်။

ထို့အပြင် အိမ်တစ်အိမ်ချင်းစီမှာရှိသော မိသားစုတစ်ဦးချင်း၏ ကြံ့ခိုင်မှု၊ မိမိကိုယ်ကို ခုခံကာကွယ်နိုင်မှု၊ ကျန်းမာရေးလေ့လာလိုက်စားကောင်းမွန်ပြီး မိသားစုအချင်းချင်း သွေးစည်းညီညွတ်စည်းလုံးကာ ဖေးမကူညီပေးနိုင်မည့် ပတ်ဝန်းကျင်ကောင်း၊ မိတ်ဆွေကောင်း၊ ခင်ပွန်းကောင်းတွေနှင့် ထိတွေ့ဆက်ဆံရင်းနှီးကျွမ်းဝင်သင့်မြတ်စွာ နေထိုင်သွားနိုင်ကြမည်ဆိုပါလျှင် ကြုံတွေ့လာမည့် ဘေးအန္တရာယ်များကို တွန်းလှန်ဖယ်ရှားနိုင်ပြီး ငြိမ်းချမ်းအေးချမ်းသာယာ စိုပြည်လှပသော ကျေးလက်၊ ရပ်ရွာ၊ မြို့ပြများကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်သော အိမ်ရာတို့ဖြင့် တည်ဆောက်ထားသည့် စံပြတိုင်းပြည်ကြီးတစ်ခုအဖြစ် ကမ္ဘာ့အလယ်မှာ ဝင့်ထည်ဂုဏ်ယူစွာ နေရာယူရပ်တည်နေထိုင်နိုင်လိမ့်မည်ဟု ကျွန်ုပ်အနေဖြင့် ယုံကြည်မျှော်လင့်ထင်မြင်ယူဆနေမိပါတော့သည်။ ။

သတင်းစာလွတ်လပ်ခွင့်-ဆိုကြသည်မှာ

❖ တိုင်းပြည်နိုင်ငံတိုင်းမှာ
နိုင်ငံရေးဆိုတာ
မပါမရှိလို့ မဖြစ်ပါ...။ ။

❖ အင်္ဂလိပ်လို
Body Politic ဆိုတာ
ခန္ဓာကိုယ်နဲ့တူတဲ့
အစိတ်အပိုင်းတွေဖြစ်တယ်
အဲဒီအထဲမှာ
သတင်းထောက်ဆိုတာ
နား၊ မျက်စိ ဖြစ်ကြတယ်...။ ။

❖ ထီးသံ နန်းသံ ကြင့်နန်းသံ
ခပ်ဆန်ဆန် သုံးရရင်
ပြည်ကြီးပခုံး ပြည့်မျက်လုံးလို့
ဆိုထုံးတစ်ရပ် ရှိခဲ့တယ်...။ ။

❖ သမိုင်းတစ်လျှောက်
သတင်းထောက် မပါမရှိဆိုတာ
ဘယ်ခေတ်မှာမှ မရှိခဲ့ပါ...။ ။

❖ ခေတ်အဆက်ဆက်
ပြည်သူ့အတွက် ရပ်တည်ခဲ့တာ
သတင်းစာဆရာတွေပါ...။ ။

❖ ခေတ်တိုင်းခေတ်တိုင်းမှာ
ခေါင်းဆောင်မှူပေးတယ်ဆိုတာ
သတင်းစာဆရာတွေက
အစိုးရဖြစ်လို့လား
ဝန်ကြီးတွေဖြစ်ကြလို့လား
လားလားမှုမဟုတ်ပါ...။ ။

❖ သင်းတို့က
ခေါင်းဆောင်မှူပေးတယ်ဆိုတာ
အဖြတ်ခံပြီး ပေးတာလား
အငတ်ခံပြီး ပေးတာလား
အသတ်ခံပြီး ပေးတာလား
ပြည်သူ့အတွက် ဘာလက်နက်မှ
မပါမရှိခဲ့ရိုး အမှန်ပါ။ ။

❖ ရပ်ထဲရွာထဲ
သာမန်လူလိုမနေဘဲ
လူမှုဝန်ထမ်းစိတ်ရှိရှိ
ပြုပြင်ချင်တဲ့အသိရှိလို့
သတင်းထောက်ဖြစ်လာကြတာ...။ ။

❖ သတင်းထောက်အလုပ်မှာ
အခက်ခဲဆုံးက ဘာလဲ၊
ရောက်တဲ့နေရာမှာ
ကြည့်တတ်မြင်တတ်
သုံးသပ် ဆုံးဖြတ်တတ်ဖို့ရာ
အခက်ခဲဆုံးဖြစ်တယ်...။ ။

❖ လူတိုင်းလူတိုင်း
တက်တာ ကျတာတွေဟာ
သုံးသပ်မှု နည်းလို့လွဲလို့ပဲ
ကိုယ့်တစ်ဖက်တည်းကကြည့်
ကွက်တိအမှန်ချည်းပဲ
တခြားဘက်ကကြည့်တော့
တလွဲဖြစ်နေတယ်
ဒီအပေါ်တည်ပြီး
လောကကြီးနဲ့ ဝိရောဓိဖြစ်သွားကြတယ်။ ။

❖ သတင်းလွတ်လပ်ခွင့်
သတင်းစာလွတ်လပ်ခွင့်
ပေးပါ - ပေးမယ်ပြောကြတယ်
ဝမ်းမြောက်ဖွယ်အလွန်ကောင်းတယ်။ ။

❖ ဒီစကားမှာ
နောက်ဆက်ပုဒ်ထည့်ထားတယ်
"သို့သော်" ပါတဲ့
အနို "သို့သော်" ကလေးကြည့်
တာဝန်သိသိလုပ်ကြရင်ဖြင့်
"လွတ်လပ်ခွင့်"
ရယူကြပါတဲ့...။ ။

❖ ဒီနေရာ
ဒီစကား
အမှန်ကန်ဆုံးဖြစ်တယ်
ဆိုသင့် ဆိုအပ် ဆိုထိုက်တဲ့
စကားလည်းပဲဖြစ်တယ်
"လွတ်လပ်စွာ တွေးတောခွင့်"
"လွတ်လပ်စွာ ပြောဆိုခွင့်"
"လွတ်လပ်စွာ ရေးသားခွင့်"နေရာတွေမှာ
လွတ်လွတ်လပ်လပ် ပေါက်လွှတ်ပဲစား
ရေးသားကြတာတွေကိုတော့
ဘယ်အစိုးရ ဘယ်အဖွဲ့အစည်းကမှ
လက်ခံခွင့်ပြုနိုင်မှာမဟုတ်ဘူး...။ ။

ဟံသာဝတီ-ဦးအုန်းကြိုင်
(သက်ကြီးဝါရင့်သတင်းစာဆရာကြီး)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူစဉ်။(သတင်းစဉ်)

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၈)သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၂

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၈) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ရှိ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၅၂၈၀ ဗိုလ်လောင်း ဥာဏ်မင်းအောင်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၅၂၇၉ ဗိုလ်လောင်း ဇင်မိုးထွန်း၊ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၅၃၁၅ ဗိုလ်လောင်းရဲလင်းထွန်းတို့အား ဆုများ ပေးအပ်ခီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် တပ်မတော်ဆေးတက္ကသိုလ်သည် ကမ္ဘာ့အသိအမှတ်ပြု ဆေးတက္ကသိုလ်များစာရင်းတွင် ပါဝင်ပြီး ကမ္ဘာ့ဆေးပညာသင်ကြားရေးအဖွဲ့၏ လမ်းညွှန်ချက် စံချိန်စံညွှန်းများနှင့်ကိုက်ညီအောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ နိုင်ငံတော်ကာကွယ်ရေးနှင့် သက်ဆိုင်သော စစ်လက်နက်နည်းပညာပိုင်းတွင်သာမက ကာကွယ်ရေးနှင့် နီးနွယ်နေသည့် ကဏ္ဍအသီးသီး၏ နည်းပညာပိုင်းများတွင်ပါ စဉ်ဆက်မပြတ်ယှဉ်ပြိုင်ကြိုးပမ်းအားထုတ်နေကြကြောင်း၊ သို့ဖြစ်၍ ဆေးဘက်ဆိုင်ရာပညာရပ်များဖြစ်သည့် ပြုစုကုသရေး၊ အကာအကွယ်ပေးရေးစသည့် အတတ်ပညာပိုင်းဆိုင်ရာများတွင် နိုင်ငံတကာ တပ်မတော်များနှင့် ရင်ပေါင်တန်းနိုင်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ညွှန်ကြားရေးမှူး(ကြည်း၊ရေလေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်မြတ်ထွန်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တိုင်းမှူးများ၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် မဂ်လာဒုံတပ်နယ်မှ တပ်မတော် အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်ဆေးတက္ကသိုလ် ဧည့်ခန်းမဆောင်၌ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၈)မှ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့် ၎င်းတို့၏ မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော် ဆေးတက္ကသိုလ်ရှိ Theater အတွင်း ခင်းကျင်းပြသထားသည့် တပ်မတော်ဆေးတက္ကသိုလ်မှ ကျောင်းဆင်းအရာရှိများ၏ ပြည်ပနိုင်ငံများ၊ ပြည်ပတက္ကသိုလ်များ အပါအဝင် ပြည်တွင်း၊ ပြည်ပ၌ ဖတ်ကြားတင်သွင်းခဲ့သည့် ဘွဲ့ယူစာတမ်းများ၊ သုတေသနစာတမ်းများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်ပြီး Theater သင်ကြားရေးခန်းမ၌ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ်က တပ်မတော်ဆေးတက္ကသိုလ်သင်ရိုးညွှန်းတမ်း ၂၀၁၇ ရေးဆွဲဆောင်ရွက်ထားရှိမှုနှင့် သင်ကြားလေ့ကျင့်မှုဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတကာရှိ ဆေးတက္ကသိုလ်များမှ သင်ရိုးညွှန်းတမ်းများနှင့် အညီဖြစ်စေရေး၊ လေ့လာသင့်သည့် ပြည်ပဆေးတက္ကသိုလ်များသို့ သွားရောက်လေ့လာဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရေး၊ မိမိတို့နိုင်ငံနှင့် တပ်မတော်တွင် အဖြစ်များသည့် ရောဂါများနှင့်ပတ်သက်၍ ဆေးဝါးကုသရာတွင် ပိုမိုထူးချွန်ထက်မြက်အောင် လေ့လာဆောင်ရွက်ရေး၊ အရည်အချင်းရှိသည့် တပ်မတော်အရာရှိ ဆရာဝန်များဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရေးတို့ကို မှာကြားခဲ့သည်။

ညနေပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၈) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ သင်တန်းဆင်းအရာရှိများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

အမိန့်အမှတ်၊ ၆၀/၂၀၁၆

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်
(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ၀ယ်(၉) တို့ပါပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ် တွဲပါ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးမင်းသူ — ဒုတိယဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန

(၂) ဦးလှကျော် — ဒုတိယဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကရာတေးဒိုပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ၏ဦးဆောင်မှု၊ ရန်ကုန်တိုင်းကရာတေးဒို ဆပ်ကော်မတီ၏ကြီးကြပ်မှုတို့ဖြင့် ဒုတိယအကြိမ် TAKUYA TANIYAMA CUP ကရာတေးဒိုပြိုင်ပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်းရှိ မိုးလုံလေလုံပြိုင်ပွဲရုံ၌ နေ့စဉ် နံနက် ၉ နာရီမှ စတင်ကာ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသား/အမျိုးသမီးပြိုင်ပွဲအမျိုးအစား ၁၃ မျိုး ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားများမှာ အမျိုးသမီးတစ်ဦးချင်း 'ခတ' (၁၄-၁၇)နှစ်၊ အမျိုးသမီး ၄၇ ကီလိုနှင့် အောက် 'ကုမိတ့်' (၁၄-၁၅)နှစ်၊ အမျိုးသမီး ၄၇ ကီလိုအထက်'ကုမိတ့်' (၁၄-၁၅) နှစ်၊ အမျိုးသမီး ၄၈ ကီလိုနှင့် အောက် 'ကုမိတ့်' (၁၆-၁၇)နှစ်၊ အမျိုးသမီး ၅၃ ကီလိုနှင့်အောက် 'ကုမိတ့်' (၁၆-၁၇) နှစ်နှင့် အမျိုးသမီး ၅၃ ကီလိုအထက် 'ကုမိတ့်' (၁၆-၁၇) နှစ်နှင့် အမျိုးသားတစ်ဦးချင်း 'ခတ' (၁၄-၁၇)နှစ်၊ အမျိုးသား ၅၂ ကီလိုနှင့်အောက် 'ကုမိတ့်' (၁၄-၁၅) နှစ်၊ အမျိုးသား ၅၂ ကီလိုအထက် 'ကုမိတ့်' (၁၄-၁၅) နှစ်၊ အမျိုးသား ၅၅ ကီလိုနှင့်အောက် 'ကုမိတ့်' (၁၄-၁၅) နှစ်၊ အမျိုးသား ၅၅ ကီလိုအထက် 'ကုမိတ့်' (၁၄-၁၅) နှစ်၊ အမျိုးသား ၅၈ ကီလိုနှင့်အောက် 'ကုမိတ့်' (၁၆-၁၇)နှစ်၊ အမျိုးသား ၅၈ ကီလိုအထက် 'ကုမိတ့်' (၁၆-၁၇) နှစ်တို့ သတ်မှတ်ထားသည်။

ပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကရာတေးဒို ကလပ်အသင်းများမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြပြီး သတ်မှတ်ပြိုင်ပွဲဝင်ပုံစံများကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၀ ရက်ထက်နောက်မကျဘဲ ပေးပို့ကြရန်ဖြစ်ပြီး အသေးစိတ်စုံစမ်းသိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ပဒေသာအားကစားကွင်း သံသုမာလမ်း တောင်ဥက္ကလာပမြို့နယ် ဖုန်း-၀၁-၈၅၆၄ ၄၈၉၊ ၀၁-၈၅၀၀၈၄၀(ဖက်စ်ဖုန်း)၊ ၀၉၅၁-၆၂၄၃၁ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြကြောင်း သိရသည်။

(ကြေးမုံ)

❒ **စာမျက်နှာ ၅ မှ**

ဗီဇာကြေးတိုးမြှင့်ကောက်ခံခြင်းသည် သက်ဆိုင်ရာနိုင်ငံ၏ မူဝါဒဖြစ်သဖြင့် ဝင်ရောက်စွက်ဖက်၍ မရသည့်အတွက် အမေရိကန်ဒေါ်လာ ၅၇ဒေါ်လာကုန်ကျသည့် One Stop Center (OSC)စနစ်ကို ပြန်လည်သုံးသပ်ရန်၊ ရင်ဆိုင်ပေးရန်မှာ မိမိတို့နိုင်ငံဘက်မှ ဆောင်ရွက်၍ မရပါကြောင်း ပြန်လည်ဖြေကြားသည်။

အလားတူ ကျန်းမာရေးဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမိုင်းအုဏ်းခိုင်၏ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့တွင် မူးယစ်ဆေးစွဲကုသလိုသူများအတွက် သီးသန့်ဆေးကုသဆောင် တစ်ဆောင် ခွင့်ပြုချမှတ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ မူးယစ်ဆေးဝါးပြဿနာသည် ပြည်သူ့ကျန်းမာရေးစနစ်ဖြင့် ဆောင်ရွက်မှသာ ထိရောက်နိုင်မည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးစွဲပြဿနာသည် မည်သည့်အတွက်ကြောင့်ဖြစ်သည်၊ မည်သည့်နေရာတွင်ဖြစ်သည်၊ မည်သည့်အချိန်တွင်ဖြစ်နိုင်သည်ဆိုသည့် ပြည်သူ့ကျန်းမာရေးစနစ်များကို သိရှိနားလည်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ မန်တုံမြို့နယ်တွင် မူးယစ်ဆေးဝါးပြဿနာကို ပြည်သူ့ကျန်းမာရေးအသွင်ဖြင့် တိုက်ဖျက်ရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်ကြေညာစာဖြင့် မန်တုံဆေးရုံတွင် မူးယစ်ဆေးကုသရေးဌာနကို တိုးချဲ့သတ်မှတ်ခဲ့ပါကြောင်း၊ မန်တုံမြို့နယ်ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာဝန်မှာ မူးယစ်ဆေးစွဲကုသရေးသင်တန်းဆင်းပြီးသူဖြစ်ပါကြောင်း၊ မူးယစ်ဆေးပြဿနာသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သည့်အတွက် မူးယစ်ဆေးဝါးကုသရေး သင်တန်းများနှင့်စပ်လျဉ်း၍ အလွန်တိကျစေရန် သင်တန်းပေးလျက်ရှိပါကြောင်း၊ မန်တုံမြို့နယ်တွင် မူးယစ်ဆေးဖြတ်နိုင်သည့် အခန်းကို အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင်၏ အမျိုးသမီးများအတွက် မိသားစုစီမံကိန်းနှင့် သက်ဆိုင်သော သားဆက်ခြားခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်း စသည့် ကျန်းမာရေးဆိုင်ရာ ဗဟုသုတနှင့် သတင်းအချက်အလက်များရရှိနိုင်မှု၊ လုံလောက်သော ကျန်းမာရေးဂရုပြုစောင့်ရှောက်မှု၊ အာဟာရဖြည့်တင်းမှုများကို နိုင်ငံတော်အစိုးရအနေဖြင့် မည်သည့်အစီအစဉ်ဖြင့် ဆောင်ရွက်နေပြီး ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများအားကိုယ်ဝန်ဆောင် အမျိုးသမီးများအတွက် ဘတ်ဂျက်တိုးမြှင့်သုံးစွဲပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံးကျန်းမာရေးကုသမှု၊ စောင့်ရှောက်ပေးမှုလုပ်ငန်းစဉ်များကို ခေတ်နှင့်အညီပြောင်းလဲရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ပြောင်းလဲရာတွင် သက်ဆိုင်ရာဘာသာရပ်များအလိုက် ပြောင်းလဲနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ လုပ်ဆောင်ရာတွင်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နည်းပဗျူဟာများ၊ မဟာပဗျူဟာများအတိုင်း ဆောင်ရွက်နေပါကြောင်း၊ ကျန်းမာရေးစာတတ်မြောက်မှု မြှင့်တင်ခြင်းအားဖြင့် မိခင်နှင့်ကလေးအပြင် မွေးကင်းစကလေး မျိုးဆက်ပွားကျန်းမာရေးတိုးတက်မှုများကို မြင့်တက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် စဉ်ဆက်မပြတ်တိုးတက်နေမည်ဖြစ်ကြောင်း။

တိုင်းရင်းသားကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့၊ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များဖြင့် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တစ်ပြည်လုံး အတိုင်းအတာဖြင့် ကျန်းမာရေးမှူး၊ သားဖွားဆရာမများဖြည့်ဆည်းပေးနိုင်ရန် မကြာမီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဆိုင်ရာအသိပညာနှင့် ဗဟုသုတရရှိစေရန်အတွက် ဆယ်ကျော်သက်လူငယ်များကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာသင်တန်းများ လာမည့်နှစ်အတွင်း ချင်းပြည်နယ်ရှိ မြို့နယ်များတွင် အခြေခံကျန်းမာရေးလုပ်သားများနှင့် အတူ သင်တန်းများပို့ချသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားဘာသာစကားများဖြင့် အသိပညာပေးခြင်းများကို ယခုထက်ပိုမိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

ကျန်းမာရေးရည်မှန်းချက်၊ မဟာပဗျူဟာ၊ နည်းပဗျူဟာများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ပိုမိုထိရောက်စေရန်အတွက် ရန်ပုံငွေသုံးစွဲမှုကိုလည်း ပိုမိုသုံးစွဲနိုင်အောင် ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ကျန်းမာရေးမှခွင့်ပြုသည့်ဘတ်ဂျက်တွင်လည်း အသိပညာပေးရေးအတွက် ပိုခွင့်ပြုထားပါကြောင်း၊ ပြည်ပနိုင်ငံများသို့လည်း သွားရောက်လေ့လာမည်ဖြစ်ကြောင်း။

သားဆက်ခြားခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်းစသည့် ကျန်းမာရေးဆိုင်ရာ ဗဟုသုတနှင့် သတင်းအချက်အလက်များရရှိနိုင်မှု လုံလောက်သော ကျန်းမာရေးဂရုပြုစောင့်ရှောက်မှု၊ အာဟာရဖြည့်တင်းမှုများ ပိုမိုပီပြင်အောင်လုပ်ထုံးလုပ်နည်းများ အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်နေပါကြောင်း၊ အားလုံးပါဝင်သည့် အကြံပြုချက်များရရှိအောင် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သားဖွားဆရာမများအား အရေးပေါ်ကြံတွေ့နိုင်သည့် ကိုယ်ဝန်ဆောင်နှင့် သွားဖွားခြင်းဆိုင်ရာ အရေးပေါ်ကုသမှုများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သင်တန်းများပေးနေပါကြောင်း၊ သားဆက်ခြား ကျန်းမာရေးစောင့်ရှောက်မှု မိသားစုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း သုံးစွဲသူစိတ်ကြိုက်၊ ကိုယ်တိုင်ရွေးချယ်သုံးစွဲနိုင်သော လုပ်ငန်းများကို ကျေးလက်အောက်ခြေအထိ လက်လှမ်းမီအောင် ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မျိုးမြင့်(သတင်းစဉ်)

✪ ရခိုင်ပြည်နယ်မှ

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဒါးကြီးစားကျေးရွာသို့ ရောက်ရှိကြပြီး မူလတန်းလွန်ကျောင်း၌ အစ္စလာမ်ဘာသာဝင် ကျေးရွာသူ ကျေးရွာသားများအားတွေ့ဆုံ၍ ကျေးရွာမီးလောင်ခံရမှုဖြစ်စဉ်၊ နိုဝင်ဘာ ၁၂ ရက်က ကျေးရွာအပြင်၌ အကြမ်းဖက်တိုက်ခိုက်သူများနှင့် တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားမှုဖြစ်စဉ်တို့နှင့်စပ်လျဉ်း၍ အသေးစိတ်စစ်ဆေးမေးမြန်းခဲ့သည်။

တစ်ဆက်တည်းမှာပင် ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အစ္စလာမ်ဘာသာဝင် ကျေးရွာသူ ကျေးရွာသားတို့၏ လက်ရှိစားဝတ်နေရေး အခြေအနေများ၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ၎င်းတို့၏ သဘောထားအမြင်များ၊ မူလလူမှုစီးပွားရေး ပုံမှန်အခြေအနေသို့ရောက်ရှိရေး၊ ပုံမှန်ရောင်းဝယ်ဖောက်ကားမှုများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့အတွက် မြေပြင်ပကတိလိုအပ်ချက်များအပေါ် အသေးစိတ်မေးမြန်းခဲ့ကြသည်။

ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ပွင့်ဖြူချောင်းကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာအနီး၌ တပ်မတော်စစ်ကြောင်းက သိမ်းဆည်းရရှိခဲ့သည့် ပြောက်ကျားယူနီဖောင်းများနှင့် လက်လုပ်မိုင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ကြက်ရိုးပြင်ကျေးရွာရှိ အစ္စလာမ်ဘာသာဝင် ရွာသူ ရွာသားများနှင့်တွေ့ဆုံပြီး ကျေးရွာအပြင်ဘက်တွင် အကြမ်းဖက်တိုက်ခိုက်သူများနှင့်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားမှုဖြစ်စဉ်နှင့် အကြမ်းဖက်တိုက်ခိုက်သူ ၁၀ ဦး အသေရရှိမှုနှင့် ပြောင်းချောတစ်လုံးထိုးသေနတ်တစ်လက် သိမ်းဆည်းရရှိမှုဖြစ်စဉ်၊ ကျေးရွာမီးလောင်ခံရမှု ဖြစ်စဉ်တို့နှင့်စပ်လျဉ်း၍ အသေးစိတ်မေးမြန်းစစ်ဆေးကြသည်။

ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် မောင်တောဒေသရှိ ကျေးရွာများအရောက် ယနေ့သွားရောက်စစ်ဆေးရာတွင် ယခုရက်ပိုင်းအတွင်းက THE GUARDIAN သတင်းစာပါ မောင်တောမြို့နယ် ကြက်ရိုးပြင်ကျေးရွာတွင် အမှုပြုကျင့်ခံရမှုများ၊ အစ္စလာမ်ဘာသာဝင်ကလေးငယ်များ သတ်ဖြတ်ခံရမှုဖြစ်စဉ်များအပါအဝင် ရေးသားဖော်ပြမှုများအပေါ် မြေပြင်တွင် အမှန်တကယ်ဖြစ်ပွားခဲ့ခြင်း ရှိ/မရှိအား အဆိုပါကျေးရွာနှင့် အနီးအနား ကျေးရွာများမှ ရပ်မိရပ်ဖများ၊ အမျိုးသမီးများနှင့် အစ္စလာမ်ဘာသာဝင် ရွာသူ ရွာသား လူငယ်လူရွယ်များ၊ ကလေးသူငယ်များအား အသေးစိတ်ကွင်းဆင်းမေးမြန်းစစ်ဆေးခဲ့ရာ THE GUARDIAN သတင်းစာပါ ဖြစ်စဉ်များ ဖြစ်ပွားခဲ့ခြင်း မရှိကြောင်း၊ ဖြစ်ပွားခဲ့သည်ကိုလည်း ခိုင်ခိုင်မာမာမှန်ကန်စွာ ကြားသိရခြင်း မရှိကြောင်း ပြောကြားကြသည်။

ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များ ပွင့်ဖြူချောင်းကျေးရွာအနီး၌ တပ်မတော်စစ်ကြောင်းက သိမ်းဆည်းရရှိခဲ့သည့် ပြောက်ကျားယူနီဖောင်းများနှင့်လက်လုပ်မိုင်းများကို ကြည့်ရှုစစ်ဆေးကြစဉ်။ ဓာတ်ပုံ-သူရဇော်(သတင်းစဉ်)

စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များ ခွဆုံကျေးရွာမှ အစ္စလာမ်ဘာသာဝင် ရွာသူ ရွာသားများနှင့် တွေ့ဆုံ၍ ဖြစ်စဉ်နှင့်ပတ်သက်၍ အသေးစိတ်မေးမြန်းစဉ်။ ဓာတ်ပုံ-သူရဇော်(သတင်းစဉ်)

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ငန်းချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိကြပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးကာ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

အလားတူ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၉ ရက်၊ နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ရခိုင်ပြည်နယ် မောင်တောဒေသ၌ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရာတွင် မောင်တောဒေသရှိ ကျေးရွာများမှ ရွာသူ ရွာသားများအား ပွင့်လင်းမြင်သာမှုရှိရှိ စုံစမ်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ယနေ့ညနေပိုင်းတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို အသေးစိတ်ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက တရားဥပဒေစိုးမိုးရေး၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ထိထိရောက်ရောက်ပံ့ပိုးနိုင်ရေး ကိစ္စရပ်များကို အသေးစိတ်ညှိနှိုင်း ဆွေးနွေးမှာကြားသည်။ **(သတင်းစဉ်)**

တိုက်ပွဲရှောင်ဒေသခံပြည်သူများ မုံးကိုးမြို့အတွင်းသို့ ပြန်လည်ဝင်ရောက်နေထိုင်မှုများကို ဆက်လက်စိစစ်လက်ခံ

နေပြည်တော် ဒီဇင်ဘာ ၁၂

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသအတွင်း ဖြစ်ပွားခဲ့သည့် KIA/TNLA/MNDAA/AA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ၏ လုပ်ရပ်များကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ တိုက်ပွဲရှောင်နေထိုင်လျက်ရှိရာ ဒီဇင်ဘာ ၉ ရက်မွန်းလွဲ ၂ နာရီခန့်မှစတင်၍ မုံးကိုးမြို့နယ်စပ်ဝင်ပေါက်ဂိတ်၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် စနစ်တကျ စစ်ဆေးလက်ခံလျက်ရှိသည်။

ထိုသို့ လက်ခံစိစစ်ဆောင်ရွက်ရာတွင် ယနေ့တွင် မုံးကိုးမြို့ရှိရပ်ကွက်အသီးသီးနှင့် ကျေးရွာများမှ အိမ်ထောင်စု ၃၆၄ စု၊ အမျိုးသား ၆၇၀၊ အမျိုးသမီး ၇၆၁ ဦး စုစုပေါင်း ၁၄၃၁ ဦးအား စိစစ်လက်ခံခဲ့ပြီး ယနေ့အထိ အိမ်ထောင်စု ၉၉၆ စု၊ အမျိုးသား ၁၇၉၄ ဦး၊ အမျိုးသမီး ၂၁၂၂ဦးစုစုပေါင်း ၃၉၁၆ ဦးတို့ကို စိစစ်လက်ခံနိုင်ခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ခရမ်းလွန်ရောင်ခြည်အန္တရာယ်မကျရောက်ရေး အိုင်ဒန်းလ္ဘာကို ထိန်းသိမ်းပေး

အင်ဒိုနီးရှားနိုင်ငံ DOMPET DHUAFA အဖွဲ့မှ ကယ်ဆယ်ရေးစခန်းများသို့ ထောက်ပံ့ကူညီ

နေပြည်တော် ဒီဇင်ဘာ ၁၂

အင်ဒိုနီးရှားနိုင်ငံ DOMPET DHUAFA အဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် စစ်တွေမြို့ ကယ်ဆယ်ရေးစခန်းသို့ ကူညီထောက်ပံ့မှုများပေးခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ DOMPET DHUAFA အဖွဲ့သည် စစ်တွေမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အတူ ဒီဇင်ဘာ ၁၀ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်ကယ်ဆယ်ရေးစခန်းအတွက် ဆန်အိတ် ၇၀၊ ဒါးပိုင်ကယ်ဆယ်ရေးစခန်းအတွက် ဆန်အိတ် ၇၁အိတ်ထောက်ပံ့လှူဒါန်းခဲ့ပြီး မင်းဂံ IDPစခန်းသို့ လှည့်လည်ကြည့်ရှုပြီးနောက် ခေမာမဏ္ဍိုင်ပရဟိတ ဘုန်းတော်ကြီးကျောင်း ဆရာတော်အား နဝကမ္မဌေကျပ် သိန်း ၃၀ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းရေးရာ



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့ လားရှိုးပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

*** ကျောဖုံးမှ**

နိုင်ငံတော်က ဆောင်ရွက်ပေးလိုသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အတွက်လည်း နှောင့်နှေးရပါကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်ကိုင်အဖွဲ့များသာမက ပြည်သူလူထုတစ်ရပ်လုံးကပါ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်အနေဖြင့် နိုင်ငံသူ နိုင်ငံသားများ၏ စိတ်လုံခြုံမှုရှိစေရန်၊ တရားဥပဒေစိုးမိုးမှုရှိစေရန်နှင့် ရပ်ရွာအေးချမ်းတည်ငြိမ်ရေး ကိစ္စရပ်များအပေါ် အထူးဂရုတစိုက် စောင့်ကြည့်နေပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည့် အလုပ်များကို မလုပ်ရဘဲ ယခုကဲ့သို့သောတိုက်ပွဲများကြောင့် လူစွမ်းအားအရင်းအမြစ်များ ပြုန်းတီးနေရသည်မှာ အလွန်ဝမ်းနည်းစရာကောင်းပါကြောင်း၊ တည်ငြိမ်အေးချမ်းမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ရာ အခြားနိုင်ငံများနည်းတူ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံသားတိုင်း တတ်စွမ်းသရွေ့ ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စစ်ဘေးရှောင်ပြည်သူများအတွက် ထောက်ပံ့ငွေများ၊ အိမ်ထောင်သုံးပစ္စည်းများနှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်ကြရာ စစ်ဘေးရှောင်မိသားစုများကိုယ်စား တာဝန်ရှိသူများက လက်ခံကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လားရှိုးပြည်သူ့ဆေးရုံ ခုတင်(၅၀၀)သို့ရောက်ရှိပြီး တိုက်ပွဲကာလအတွင်း ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ပြည်သူများအား ကြည့်ရှုအားပေးကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဒီပါတ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဒဏ်ရာရရှိသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့၊ ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးရုံးသို့ ရောက်ရှိကြပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲကာလအတွင်း ကျဆုံး/ဒဏ်ရာရနှင့် စစ်ဘေးရှောင်ရဲတပ်ဖွဲ့ဝင်မိသားစုများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယသမ္မတက ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် တိုက်ပွဲများ ဖြစ်ပွားခဲ့ရာ၌ နိုင်ငံတော်အတွက် အသက်စွန့်ကာ ရွပ်ရွပ်ခွံ့ခွံ့တာဝန်ထမ်းဆောင်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်များအပေါ် ဂုဏ်ပြုပါကြောင်း၊ ကျန်ရစ်သူ မိသားစုများအနေဖြင့်လည်း ဂုဏ်ယူကြစေလိုပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့် ကျန်ရစ်ခဲ့သော မိသားစုများအတွက် လိုအပ်သည့် ပံ့ပိုးကူညီမှုများ စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ မလွဲမရှောင်သာသည့်အခြေအနေမျိုးတွင် ကြုံတွေ့လာသည့်ကိစ္စရပ်များ၌ စိတ်ဓာတ်ကြံ့ခိုင်ရန်နှင့် ကောင်းမွန်သော စိတ်ဓာတ်ဖြင့် အခက်အခဲပြဿနာများကို ရင်ဆိုင်ကျော်ဖြတ်သွားရန် တိုက်တွန်းပြောကြားသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိုင်ငံတော်တည်ဆောက်ရေးတွင် လူစွမ်းအားအရင်းအမြစ်များ ဆုံးရှုံးနေရခြင်းအတွက် ဝမ်းနည်းစရာကောင်းပါကြောင်း၊ ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်ရန် ကြိုးပမ်းနေချိန်တွင် ယခုကဲ့သို့ လူသားစွမ်းရည်များ ဆုံးရှုံးနေရခြင်းသည် မျှားစွာကြီးမားသည့် နစ်နာဆုံးရှုံးမှုများဖြစ်သည်ကို သင်ခန်းစာယူရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာစေရန် အားလုံးက တက်ညီလက်ညီဖြင့် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် မိမိတို့ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက မြန်မာနိုင်ငံရဲတပ်ဖွဲ့များအနေဖြင့် တိုင်းပြည်အတွက် ပံ့ပိုးစားစားတိုက်ပွဲဝင်ခဲ့သည့်အတွက် နိုင်ငံတော်အနေဖြင့် ယခုကဲ့သို့ လာရောက်အားပေးခြင်းဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့အတွက် နိုင်ငံတော်တာဝန်ကို ဆတက်ထမ်းပိုးသစ္စာရှိရှိ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူက ချစ်သည့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များဖြစ်စေရန် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် တပ်ဖွဲ့၏ဂုဏ်သိက္ခာကို မြှင့်တင်ခြင်းဖြင့် မိမိဝန်ကြီးဌာန၏ ဂုဏ်သိက္ခာကို မြှင့်တင်သွားကြရန် လိုအပ်ကြောင်းနှင့် တပ်ဖွဲ့ဝင်အချင်းချင်း အပြန်အလှန်ကူညီရိုင်းပင်းသည့် စိတ်ဓာတ်ကို မွေးမြူသွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တိုက်ပွဲကာလအတွင်း ကျဆုံး၊ ဒဏ်ရာရနှင့် စစ်ဘေးရှောင် တပ်ဖွဲ့ဝင်မိသားစုများအတွက် ဂုဏ်ပြုထောက်ပံ့ငွေများနှင့် အိမ်ထောင်သုံးပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့သည် ရွှေလီညီ့ရိပ်သာ၌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း စစ်ဆင်ရေးတာဝန်ထမ်းဆောင်စဉ် နိုင်ငံတော်အတွက် အသက်ပေးလျှိုသွားသည့် တပ်မတော်သားများနှင့် ဒဏ်ရာရရှိခဲ့သော တပ်မတော်သားများအတွက် ဂုဏ်ပြုပေးအပ်ချီးမြှင့်ငွေ ကျပ်သိန်း ၁၅၀၀ ကို တိုင်းမှူး ဗိုလ်ချုပ်ဖုန်းမြတ်ထံ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး နယ်မြေအခြေအနေ၊ တိုက်ပွဲဖြစ်ပွားခဲ့မှုအခြေအနေများနှင့် တပ်မတော်သားများအနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံအေးချမ်းစေရေးအတွက် အသက်ကို ပဓာနမထားဘဲ တာဝန်ထမ်းဆောင်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အလားတူ ဒီဇင်ဘာ ၁၁ ရက်ညနေပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ရှိ သီရိမင်္ဂလာမန်ဆူ ရှမ်းကျောင်းသို့ သွားရောက်၍ ရှမ်းကျောင်းဆရာတော် ဦးပုညနန္ဒာကို ဖူးမြော်ကြည်ညိုပြီး စစ်ဘေးရှောင် ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးကာ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

ဒုတိယသမ္မတ၏ ယခုခရီးစဉ်တွင် စစ်ဘေးရှောင်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့လျှုဒါန်းငွေကျပ် ၃၃၄၃ ဒသမ ၈ သိန်း၊ လွှတ်တော်က ထောက်ပံ့လျှုဒါန်းငွေကျပ် ၁၂၉ သိန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် မိသားစု ၅၈၃ စု အတွက် တစ်အိမ်ထောင်လျှင် စောင်တစ်ထည်နှုန်းဖြင့် ၅၈၃ ထည်၊ ရိက္ခာဖိုးငွေ နှစ်လစာအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၃၁၀၀၀ နှုန်းဖြင့် စုစုပေါင်း လျှုဒါန်းငွေကျပ် ၅၁၇ ဒသမ ၆၄ သိန်းကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုး၊ ဆန်၊ ဆီနှင့် ငါးသေတ္တာစသည့် လူသုံးကုန်ပစ္စည်းများအတွက် လျှုဒါန်းငွေကျပ် ၁၀၇ ဒသမ ၃၄ သိန်းကိုလည်းကောင်း စုစုပေါင်း လျှုဒါန်းငွေကျပ် ၄၀၉၇ ဒသမ ၇၇၈ သိန်းကို ထောက်ပံ့ပေးအပ်လျှုဒါန်းခဲ့သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့ အသက်ပေးလျှိုသွားသည့် တပ်မတော်သားနှင့် ဒဏ်ရာရရှိခဲ့သော တပ်မတော်သားများအတွက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးထံ ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ကြစဉ်။ (သတင်းစဉ်)

ကလေးစာပေပွဲတော်(မန္တလေး)ကို မန္တလေးမြို့၊ မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်တွင် ကျင်းပမည်

မန္တလေး ဒီဇင်ဘာ ၁၂

ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးစီးကျင်းပမည့် ကလေးစာပေပွဲတော်(မန္တလေး)ကျင်းပနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက မန္တလေးမြို့သို့ရောက်ရှိပြီး သက်ဆိုင်ရာများက တင်ပြထားသည့် ကလေးစာပေပွဲတော်ကျင်းပရန် အဆိုပြုနေရာများကို လိုက်လံကြည့်ရှုခဲ့သည်။ ယင်းနောက် ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)၊ မြန်မာအသံနှင့် ရုပ်မြင်သံကြား မန္တလေးဌာနခွဲ၊ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနတို့သို့သွားရောက်ပြီး မြန်မာ့အလင်း၊ ကြေးမုံ နေ့စဉ်ထုတ်သတင်းစာများ ရိုက်နှိပ်ထုတ်ဝေဖြန့်ချိနေမှုအခြေအနေများ၊ ရုပ်သံဌာနခွဲမှ သတင်းနှင့်ရုပ်သံအစီအစဉ်များ ရိုက်ကူးပေးပို့နေမှုများကို လိုက်လံကြည့်ရှုသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ကလေးစာပေပွဲတော်(မန္တလေး) ကျင်းပမည့်အစီအစဉ်များကို ဆွေးနွေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က တိုင်းဒေသကြီးအစိုးရအနေဖြင့် ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ပြန်လည်ဆွေးနွေးသည်။

ကလေးစာပေပွဲတော်(မန္တလေး)ကို ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်ထိ သုံးရက်တိုင်တိုင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ်(MIIT)တွင် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ကလေးစာအုပ်အရောင်းဆိုင်နှင့်ပြခန်းများ၊ တစ်ဦးချင်းနှင့် အုပ်စုလိုက်ကစားပွဲများ၊ ပြိုင်ပွဲများ၊ ပုံပြင်ပြောပြိုင်ပွဲများ၊ ကာတွန်းပြပွဲများ၊ 3D ပန်းချီပြခန်းများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အခြားစိတ်ဝင်စားဖွယ်အစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး ကလေးများအတွက် ပျော်ရွှင်ဖွယ်နှင့် ဗဟုသုတရစေမည့် အခြားအစီအစဉ်များ၊ ကစားပွဲများစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါကလေးစာပေပွဲတော်(မန္တလေး)သို့ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများ ပါဝင်ဆင်နွှဲနိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အေးမြ(မန္တလေး)၊ သန်းဇော်မင်း(ပြန်/ဆက်)

ကော်မရှင်ကတော့ အားလုံးကို အဆင်ပြေအောင် လုပ်နိုင်မှာမဟုတ်ပေမယ့် လေ့လာတွေ့ရှိချက်တွေကနေ လက်ရှိအစိုးရက အကောင်းဆုံးဖြည့်ဆည်းလုပ်ဆောင်သွားနိုင်မှာပါ

မောင်တောာ ဒီဇင်ဘာ ၁၂

ရခိုင်ပြည်နယ် မောင်တောမြို့သို့ ရောက်ရှိနေသည့် ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် အကြမ်းဖက်တိုက်ခိုက်ခံရမှုများ ဖြစ်ပွားခဲ့သည့် မောင်တောခရိုင်အတွင်းရှိ ကျေးရွာများ၌ နှစ်ရက်မြောက် ကွင်းဆင်းလေ့လာစစ်တမ်းကောက်ယူမှုများ ပြုခဲ့ကြပြီးနောက် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာအောင်ထွန်းသက်နှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ရပါသည်။

ဆရာကြီးက ကော်မရှင်၏ လုပ်ဆောင်ချက်များကို ရှင်းပြရာတွင် "ဖြစ်စဉ်နဲ့ပတ်သက်လို့ အကြောင်းအရာတွေ၊ နောက်ခံသမိုင်းတွေ နှိုက်နှိုက်ချွတ်ချွတ်ဖော်ပြဖို့ လိုပါတယ်။ ဒီကိစ္စဟာ ဝမ်းနည်းစရာကောင်းတယ်။ နိုင်ငံအတွက် အလွန်အန္တရာယ်ကြီးတယ်။ အထိတ်တလန့် ဖြစ်စရာကောင်းတယ်။ ပြီးခဲ့တာတွေဟာ ပြီးခဲ့ပြီဖြစ်တဲ့အတွက် အနာဂတ်မှာ ဘာလုပ်ကြမလဲ။ ကော်မရှင်က ပြီးခဲ့တဲ့ဖြစ်ရပ်တွေ၊ ကောလာဟလတွေ၊ အရေးအသားတွေ၊ ထင်မြင်ယူဆချက်တွေကို ထဲထဲဝင်ဝင်သိဖို့လိုတယ်။ ကိုယ့်နိုင်ငံ ရေရှည်တည်တံ့ဖို့၊ ငြိမ်းချမ်းဖို့ဆိုရင် လိုအပ်တဲ့အခြေခံတွေ တည်ဆောက်ထားဖို့လိုတယ်။ ကော်မရှင်ရဲ့ တာဝန်က မနက်ဖြန် ဘာလုပ်မလဲ၊ မောင်တောကိစ္စ၊ ရခိုင်ကိစ္စတွေမှာ ဘယ်လိုအကြံပြုမလဲဆိုတာပါပဲ။

"မီဒီယာပိုင်းကလည်း ဖြစ်ဖြစ်ချင်း ထုတ်ပြန်နိုင်ဖို့ လိုပါတယ်။ ဒီနေရာမှာ အမှန်တရားကလည်း အမျိုးမျိုးရှိနိုင်ပါတယ်။ ဆရာတို့ စုံစမ်းစစ်ဆေးရေးမှာ အဓိကအားထားရတာက သတင်းအချက်အလက်ပဲ။ ပြည်တွင်းပြည်ပ၊ အွန်လိုင်း မီဒီယာစုံကနေ ဖော်ပြနေတဲ့ သတင်းတွေက ဘယ်လောက်ခိုင်မာမှုရှိသလဲ၊ တိကျသလဲ ဒါတွေ သိပ်အရေးကြီးတယ်။ ခုခေတ်မှာ လိုရာဆွဲပြောနေတာတွေ၊ Photoshop လုပ်တာတွေက သိပ်လွယ်တယ်။

ဒေါက်တာအောင်ထွန်းသက်

မြင်တာ၊ ဖတ်မိတာ၊ သိတာတစ်ခုတည်းနဲ့ ကော်မရှင်က ဘက်လိုက်လို့မဖြစ်ဘူး။

"အခု မျက်မြင်ကွင်းဆင်းလေ့လာတော့ အချက်အလက်တွေကို အဓိကထား လေ့လာဆန်းစစ်ခဲ့ပါတယ်။ ဒီတစ်ကြိမ်တည်းနဲ့တော့ ဘယ်လိုမှ သုံးသပ်လို့ရမှာ မဟုတ်ပေမယ့် ဆရာတို့အဖွဲ့က ပြောသမျှတွေကို နားထောင်မှာပါ။ ဝေဖန်ဖို့ မရှိပါဘူး။ ပြောသမျှတွေကို အားလုံးစုစည်းရမှာပဲ။ ဒီကိစ္စဟာ နိုင်ငံတကာရော၊ နိုင်ငံတွင်းကပါ စိတ်ဝင်စားနေတာဖြစ်တဲ့အတွက် အားလုံးလက်ခံနိုင်မယ့် အစီရင်ခံစာတင်သွင်းဖို့ ကြိုးစားသွားမှာပါ။

"ဖြစ်စဉ်ထဲပါဝင်ခံစားရသူတွေကို မေးကြည့်လိုက်တော့ အစ္စလာမ်ဘာသာဝင် ရွာသူရွာသားတွေက ကြောက်နေကြတဲ့သူတွေများနေတယ်။ ရဲတပ်ဖွဲ့နဲ့ နယ်ခြားစောင့်တပ်ဖွဲ့ဘက်ကလည်း ဆုံးရှုံးမှုတွေရှိကြတယ်။ ကြောက်နေတဲ့ ရွာသားတွေကိုတော့ မကြောက်ကြတော့ဖို့၊ တပ်နဲ့ရဲဆိုတာ ရွာသားတွေကို ကာကွယ်စောင့်ရှောက်နေတာ။ သောင်းကျန်းတဲ့အဖွဲ့တွေကို အားပေးအားမြှောက်မပြုရင် ဘာမှကြောက်နေဖို့မလိုဘဲ အရင်လိုလွတ်လွတ်လပ်လပ် ပြန်လည်လုပ်ကိုင်စားသောက်ကြဖို့ မှာခဲ့ရတာတွေရှိတယ်။

"အခုဆို Social Media က TV ထက် တန်ခိုးပိုကြီးတယ်။ Facebook ကြည့်တဲ့သူတွေ၊ You Tube ကြည့်တဲ့သူတွေဆိုရင် တွေ့လိုက်၊ မြင်လိုက်တာကို ယုံသွားကြတာများတယ်။ မီဒီယာကြောင့် ကိစ္စသေးသေးလေးက အကြီးကြီးဖြစ်သွားနိုင်သလို ကိစ္စအကြီးကြီးတွေကလည်း သေးသေးလေး ဖြစ်သွားတတ်တယ်။

"ဆရာတို့ကော်မရှင်က သတ်မှတ်ထားတဲ့ကာလအတွင်း ပြီးစီးအောင်လုပ်ရမှာပဲ။ အချက်(၇)ချက်နဲ့အညီ တာဝန်ကျေပွန်စွာ လုပ်ဆောင်သွားမှာပါ။ အစီရင်ခံစာထွက်တာဟာ အဆုံးသတ်မဟုတ်ပါဘူး၊ အစပါ။ ဒီအစီရင်ခံစာအပေါ်မှာမှ ပြည်သူတွေရဲ့အမြင်၊ နိုင်ငံတကာရဲ့အမြင်တွေက တူကြမှာမဟုတ်ပါဘူး။ ဒါကို လက်ရှိအစိုးရက လေ့လာသုံးသပ်ပြီး အကောင်အထည်ဖော်သွားရမှာ ဖြစ်ပါတယ်။ အခု ကွင်းဆင်းလေ့လာစဉ်မှာလည်း ရွာသူ ရွာသားတွေအတွက် ပြုလုပ်ဖြေလျှော့ပေးနိုင်တာတွေကို ချက်ချင်းပြုလုပ်ပေးခဲ့တယ်။ ဘာတွေလဲဆိုတော့ စျေးတွေပြန်ဖွင့်ချင်တာ၊ စာသင်ကျောင်းတွေ ပြန်ဖွင့်ချင်တာတွေပေါ့။

"စျေးတွေပြန်ဖွင့်နိုင်ရင် စီးပွားရေးတွေ ပြန်လုပ်နိုင်မယ်။ စီးပွားရေးတွေ အဆင်ပြေလာရင် တစ်ဖက်နဲ့တစ်ဖက် အချင်းချင်း ပြန်ပြီးအဆင်ပြေသွားနိုင်မယ်။ ကော်မရှင်ကတော့ အားလုံးကို အဆင်ပြေအောင် လုပ်သွားနိုင်မှာ မဟုတ်ပေမယ့် လက်ရှိအစိုးရကတော့ အကောင်းဆုံးဖြည့်ဆည်းလုပ်ဆောင်သွားနိုင်မှာ ထင်ပါတယ်။ ကော်မရှင်က အချက်အလက်တွေကို သက်သေထူပြီး ဖြစ်ရပ်မှန်ကို ဖော်ထုတ်သွားမှာပါ"ဟု ပြောကြားသည်။

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများနှင့် ပတ်သက်၍ မြင်နေ၊ ဖတ်နေ၊ ကြားနေရတာများအပေါ် ဆရာကြီးက "အခု လက်တွေ့ မြင်လိုက်ရတော့ ပိုခံစားရတယ်။ ဟိုဘက် ဒီဘက်တွေက ပြောကြတယ်။ လူငယ်တွေကတစ်မျိုး၊ လူကြီးတွေကတစ်မျိုး ပြောကြတယ်။ အစုံကို ကြားရတာပဲ။"

မောင်တောခရိုင်အတွင်း သတင်းရယူခွင့်နှင့်ပတ်သက်၍ ဆရာကြီးက "အခုလောလောဆယ်အချိန်မှာတော့ Official Media အစိုးရမီဒီယာကပဲ သတင်းတွေ ရယူဖော်ပြပေးတာ အကောင်းဆုံးပါပဲ။ နည်းနည်းကြာလာမှ အခြားပြည်တွင်း မီဒီယာတွေ၊ နိုင်ငံတကာမီဒီယာတွေကို ဝင်ထွက်စေပြီး သတင်းဖော်ပြခွင့်ပေးတာ ကောင်းပါတယ်။ တစ်ခုပဲ ဖြစ်ဖြစ်ချင်းအခြေအနေတွေကို သတင်းဦးအောင် ဖော်ပြပေးဖို့လိုတယ်။ နောက်ကျသွားတာနဲ့ ကောလာဟလသတင်းကို လိုက်ရှင်းနေရတာမျိုး မဖြစ်သင့်တော့ဘူး"ဟု ၎င်း၏ ထင်မြင်ချက်ကို ပြောပြခဲ့သည်။

ဒီဇင်ဘာ ၁ ရက်က နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးဖွဲ့စည်းလိုက်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်ခံရမှုများအပေါ် စုံစမ်းစစ်ဆေးပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အရောက် သမ္မတထံ တိုက်ရိုက်အစီရင်ခံရမည်ဖြစ်သည်။

အဆိုပါ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေတို့နှင့်အညီ စုံစမ်းစစ်ဆေးနိုင်ကြောင်းနှင့် လိုအပ်သော လူပုဂ္ဂိုလ်များ ခေါ်ယူမေးမြန်းခြင်း၊ စာရွက်စာတမ်းများ တောင်းယူခြင်းနှင့် လိုအပ်သည့်နေရာသို့ သွားရောက်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိကြောင်း ဖော်ပြထားသည်။ **သတင်းနှင့်ဓာတ်ပုံ-ဇေယျာ(မိုင်ရာ)**

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရန်အတွက် လုပ်ငန်းညှိနှိုင်းမှုများပြုလုပ်ရန် ငြိမ်းချမ်းရေးအကြံပေးကော်မရှင်နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ တို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၁၂

ဒေါက်တာတင်မျိုးဝင်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် ငြိမ်းချမ်းရေးကော်မရှင်နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး (NCA) စာချုပ်ချုပ်ဆိုထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့သည် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရန်အတွက် လုပ်ငန်းညှိနှိုင်းမှုများပြုလုပ်ရန် ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက "ရှေ့ဆက်သွားမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အလွန်အရေးပါတဲ့ အဆင့်ဖြစ်တဲ့ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေအတွက် အခုလို မျက်နှာချင်းဆိုင်ညှိနှိုင်းတာပါ။ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးကော်မရှင်ကတော့ စတင်ဖွဲ့ကတည်းက ရည်မှန်းချက်ဖြစ်တဲ့ ငြိမ်းချမ်းရေးကိုပဲ သွားနေတာပါ။ မကြာခင်က ကျွန်တော်တို့ တရုတ်နိုင်ငံကို သွားခဲ့တဲ့အခါမှာလည်း ရှင်းပြခဲ့ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဘယ်တော့မှ လမ်းပိတ်ထားတာမရှိပါဘူး။ အမြဲဖွင့်ထားပါတယ်။ ဘယ်လိုပဲမဟုတ်ညီသည်ဖြစ်စေ၊ ဘယ်လိုပဲ ဝိုဝါဒ ကွဲပြားပါစေ အမြည်ညှိနှိုင်းပြီး ပြောဆိုမယ်ဆိုရင် ကိစ္စတိုင်းကို ညှိနှိုင်းနိုင်မယ်၊ ဖြေရှင်းနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေဘက်က ခေါင်းဆောင်တွေနဲ့ ဆက်လက်ညှိနှိုင်းရင်း အလွန်အရေးကြီးတဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို အတူတကွ ပူးပေါင်းရင်းနဲ့ အောင်မြင်အောင် လုပ်ဆောင်နိုင်ဖို့ ဆုတောင်းပါတယ်" ဟု ပြောကြားသည်။

ဆက်လက်၍ NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ငန်းအဖွဲ့ (PPST) ခေါင်းဆောင် ပဒိုစောကွယ်ထူးဝင်းက "NCA မှာပါတဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကို အကောင်အထည်ဖော်ဖို့ လွန်ခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ ရာစု ပင်လုံမတိုင်ခင်ကတည်းက ချဉ်းကပ်ခဲ့တာပါ။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးပွဲမှာလည်း အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို တတ်နိုင်သမျှ အမြန်ဆုံးကျင်းပနိုင်ဖို့ အဆင်သင့်ဖြစ်တဲ့ တိုင်းရင်းသားလက်နက်ကိုင် ဒေသတွေမှာ ကျင်းပဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဆုံးဖြတ်ချက်အတိုင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေက သတ်မှတ်တဲ့အချိန်ကာလမှာ လုင်နိုင်အောင် ကြိုးပမ်းခဲ့ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေ စတင်နိုင်ဖို့ ပြင်ဆင်မှုဟာ ပြည့်စုံနေပါပြီ။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ အမြန်ဆုံးစတင်ကျင်းပနိုင်ဖို့နဲ့ ကျင်းပနိုင်မယ့် ဒေသတွေ ဆောင်ရွက်ထားနိုင်ဖို့အတွက် ဆွေးနွေးအတည်ပြုပေးဖို့ မေတ္တာရပ်ခံပါတယ်" ဟု ပြောကြားသည်။

အောက်တိုဘာလအတွင်းက ကျင်းပခဲ့သည့် အဋ္ဌမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပရန် အဆင်သင့်ဖြစ်သည့်နေရာတွင် ကျင်းပရမည်ဆိုသည့် ဆုံးဖြတ်ခဲ့သည့် သဘောတူညီချက်အတိုင်းကျင်းပရန် အဆင်သင့်ဖြစ်သည့် နေရာများတွင် အတွင်းရေးမှူးအဖွဲ့က ကျင်းပခွင့်ပြုရန်၊ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် နိုင်ငံရေးပါတီတို့ပါဝင်သည့် ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းခွင့်ပြုရန်တို့ ဆွေးနွေးခဲ့သည်။ ယင်းသို့ ဖွဲ့စည်းဆောင်ရွက်ရန်နှင့် ခွင့်ပြုချက်များရရှိရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ UPDJC ဒုဥက္ကဋ္ဌများထံမှ တစ်ဆင့် အကြောင်းကြားရန် သဘောတူညီထားသည်။

ယနေ့အစည်းအဝေးတွင် အဆိုပါ သဘောတူညီချက်အတိုင်း အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ အကောင်အထည်ဖော်ရန်အတွက် (NCA) စာချုပ်ချုပ်ဆိုထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့၏ ဒေသများတွင် တိုင်းရင်းသားများအနေဖြင့် ပြင်ဆင်ထားပြီးဖြစ်ကာ ကျင်းပရန် အဆင်သင့်ဖြစ်ပြီဖြစ်ကြောင်း၊ ကျင်းပရန်အတွက် လိုအပ်သည့် အချက်နှစ်ချက်ဖြစ်သည့် သက်ဆိုင်ရာဒေသအသီးသီးတွင် ကြီးကြပ်မှုကော်မတီများဖွဲ့စည်းရန်၊ ကြီးကြပ်ရေးကော်မတီဖွဲ့စည်းရန်အတွက် လိုအပ်လျက်ရှိသည့် သက်ဆိုင်ရာ ပြည်နယ်အစိုးရ၊ သက်ဆိုင်ရာ လွှတ်တော်၊ သက်ဆိုင်ရာပြည်နယ်တွင်ရှိသည့် တပ်မတော်မှ အုပ်စုတစ်စု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းက အုပ်စုတစ်စုနှင့် နိုင်ငံရေးပါတီမှ အုပ်စုတစ်စုပါဝင်သည့် ကြီးကြပ်ရေးကော်မတီများ အဆင်သင့်ဖြစ်သည့် နေရာများတွင် ဖွဲ့စည်းရန်တို့ကို ဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် အဓိကအားဖြင့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရေးနှင့်စပ်လျဉ်း၍ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပမည့် အစီအစဉ်များ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကြီးကြပ်မှုကော်မတီများဖွဲ့စည်းရေးကိစ္စ၊ နိုင်ငံရေးဆွေးနွေးပွဲများအဆင့်ဆင့်တွင် ဆွေးနွေးရမည့် အစီအစဉ်များ (Sequencing) ဆိုင်ရာကိစ္စနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံလုပ်ငန်းကော်မတီများဖွဲ့စည်းရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။

ယနေ့အစည်းအဝေးတွင် တိုင်းရင်းသားများဘက်မှ NCA စာချုပ်ချုပ်ဆိုထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့၏ ဒေသများတွင် ကျင်းပရန် အသင့်ရှိနေပြီဖြစ်သလို အစိုးရဘက်မှလည်း ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) အနေဖြင့် နေပြည်တော်တွင် ကျင်းပရန် အဆင်သင့်ဖြစ်ပြီဖြစ်ကာ ပြည်နယ်အစိုးရများနှင့် ဆွေးနွေးပြီးဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံရေးပါတီများအစုအဖွဲ့မှ UPDJC ဒုတိယဥက္ကဋ္ဌ ဦးသုဝေနှင့် ချင်းအမျိုးသားတပ်ဦး (CNF) ၏ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှန်းဆာခေါင်းတို့က မီဒီယာနှင့်တွေ့ဆုံ၍ မေးမြန်းမှုများကို ဖြေကြားခဲ့သည်။

ထို့ကြောင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး၏ ဒေသများတွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပရန် အဆင်သင့်ဖြစ်ပြီဆိုသည့်အချက်ကို အစိုးရဘက်မှ လက်ခံထားပြီးဖြစ်ကာ အတွင်းရေးမှူးအဖွဲ့များ၏ အစည်းအဝေးကို လာမည့် ဒီဇင်ဘာ ၁၇ ရက်တွင် ဆွေးနွေးရန် ပြင်ဆင်ထားကြောင်း သိရသည်။

ယနေ့အစည်းအဝေးသို့ အစိုးရအဖွဲ့ကိုယ်စား ငြိမ်းချမ်းရေးကော်မရှင်၊ NCA စာချုပ်ချုပ်ဆိုထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အထူးဖိတ်ကြားထားသူများအဖြစ် UPDJC နိုင်ငံရေးပါတီများအစုအဖွဲ့မှ ဦးသုဝေ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမင်းရွှေတို့ တက်ရောက်ခဲ့သည်။ **သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**

မောင်တောမြို့နယ်အတွင်း ကျေးရွာအုပ်စုများရှိ အိမ်ထောင်စုများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁၂

ပြည်ထောင်စုအစိုးရ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် UNHCR တို့ပူးပေါင်း၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို မောင်တောခရိုင်အတွင်း ပေးအပ်လျက်ရှိသည်။

မောင်တောမြို့နယ်အတွင်းရှိ ဒုခ်ျိုးရားတန်း ကျေးရွာအုပ်စု၊ ဂေါ်ဒူသာရ ကျေးရွာအုပ်စု၊ အုန်းတောကျေးရွာအုပ်စု၊ အလယ်သံကျော်ကျေးရွာအုပ်စု၊ ဥဒေါင်းကျေးရွာအုပ်စု၊ ညောင်ချောင်းကျေးရွာအုပ်စုအတွင်းရှိ ဒုခ်ျိုးရားတန်းကျေးရွာ၊ ဂေါ်ဒူသာရကျေးရွာ၊ အုန်းတောကျေးရွာ၊ အလယ်သံကျော်ကျေးရွာ၊ ဥဒေါင်းကျေးရွာ၊ ရွှေဗဟိုလ်ကျေးရွာ၊ ဗောဓိကုန်းကျေးရွာနှင့် ရွှေရင်အေးကျေးရွာအတွင်းရှိ စုစုပေါင်းအိမ်ခြေ ၂၃၉၇ အား ဒီဇင်ဘာ ၉ ရက်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ အဝတ်အထည်အိတ်များ၊ UNHCR မှ Family Kit များနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုပြင် လောင်းဒုံကျေးရွာအုပ်စု၊ တရိန်းကျေးရွာအုပ်စု၊ သင်္ဘောလှကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာအုပ်စုနှင့် တမန်းသားကျေးရွာအုပ်စုရှိ အိမ်ထောင်စု ၃၁၈ စုအတွက် ဆန် ၇၉ ဒသမ ၅၀ အိတ်၊ ဆီ ၁၅၉ ပိဿာ၊ ပဲ ၁၅၉ ပိဿာ၊ ဆား ၁၅၉ ပိဿာနှင့် ဆေးဝါးပစ္စည်းများကိုလည်း ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

အလားတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ငွေကျပ် သန်း ၇၀ဖြင့် အောက်တိုဘာ ၁၂ ရက်ကလည်း မောင်တောခရိုင်အတွင်းရှိ ရိက္ခာအခက်အခဲဖြစ်ပေါ်နေသည့် ကျေးရွာများတွင် ဆန်အိတ်၊ ငါးခြောက်နှင့် ပဲတို့ကို ထောက်ပံ့ကူညီပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နယ်မြေရှင်းလင်းရေး ဆောင်ရွက်လျက်ရှိသည့် တပ်မတော်စစ်ကြောင်းများနှင့် KIA၊ MNDAA လက်နက်ကိုင်အဖွဲ့တို့ ဆက်လက်ထိတွေ့မှုဖြစ်ပွား

နေပြည်တော် ဒီဇင်ဘာ ၁၂

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသအတွင်း တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ယနေ့ နံနက် ၉ နာရီ ၁၀ မိနစ်ခန့်တွင် ကွတ်ခိုင်မြို့နယ် မုံဟော်ကျေးရွာတောင်ဘက် နှစ်မိုင်ခွဲခန့်၌ တပ်မတော်စစ်ကြောင်းနှင့် KIA၊ MNDAA ပူးပေါင်းအဖွဲ့မှ အင်အား ၁၅၀ ဦးခန့်တို့ ထိတွေ့တိုက်ပွဲထပ်မံဖြစ်ပွားခဲ့ရာ လက်နက်ကိုင်အဖွဲ့များက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် တပ်မတော်မှ လေကြောင်း ပစ်ကူ၊ အမြောက်ပစ်ကူ၊ လက်နက်ကြီးပစ်ကူများပေး၍ ပြန်လည်ပစ်ခတ်ခဲ့ရာ ၎င်းအဖွဲ့မှာ အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အဆိုပါ ထိတွေ့မှုဖြစ်စဉ်များအတွင်း တပ်မတော်မှ စစ်သည်အချို့ ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး လက်နက်ကိုင်အဖွဲ့ဘက်မှ အလောင်းနှစ်လောင်း၊ ရှေ့ထွက်မိုင်း သုံးလုံး၊ M-22 ကျည်အိမ်တစ်ခုနှင့် ၎င်းကျည် ၁၂ တောင့်တို့ကို သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်စစ်ကြောင်းများက ၎င်းတို့ဆုတ်ခွာရာနောက်သို့ နယ်မြေလိုက်လံရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာအုပ်စုအတွင်း လက်နက်တစ်လက်တွေ့ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၂

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျီးကန်းပြင် ကျေးရွာအုပ်စု အောင်သာယာနေ ဆယ်အိမ်မျူး ဦးအောင်ဇံ (၄၁နှစ်)နှင့် ဦးအဘုမောင် (၃၃ နှစ်)တို့ နှစ်ဦးသည် ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီခွဲတွင် ဝါးပိတ်(အလယ်)ရွာ အနောက်ဘက်သို့ ဟင်းသီးဟင်းရွက်ခူးရန် သွားရောက်စဉ် နန္တင်းခင်းဟောင်း၌ နန္တင်းဥတူးဖော်ရာ မြေကြီးအတွင်းမှ လက်နက်တစ်လက်တွေ့ရှိ ခဲ့သဖြင့် ကျီးကန်းပြင်ကျေးရွာ အုပ်ချုပ်ရေးမှူးဟောင်းထံသို့ သတင်းပေးပို့ခဲ့သည်။

သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ ပွိုင့် ၃၈ စပါယ်ရှယ် ခြောက်လုံးပြူး (ပြောင်းပိုင်း သံချေးတက်) တစ်လက်နှင့် ကျည်ခြောက်တောင့်တွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

လားရှိုးမြို့၌ စစ်ဘေးရှောင်ဒုက္ခသည်များရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ် ပန်ချင်ကျေးရွာမှ အိမ်ထောင်စုနှစ်စု လူဦးရေ ၈ဦး၊ အိမ်ထောင်စု ခုနစ်စု လူဦးရေ ၃၈ ဦး၊ အိမ်ထောင်စု နှစ်စု လူဦးရေ ၁၁ ဦး စုစုပေါင်းအိမ်ထောင်စု ၁၁ စု လူဦးရေ ၅၄ ဦး၊ နားဆိုင်းကျေးရွာမှ အိမ်ထောင်စု ၈စု လူဦးရေ ၁၂ ဦး စုစုပေါင်း အိမ်ထောင်စု ၁၆ စု လူဦးရေ ၆၆ ဦးတို့သည် ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်က လားရှိုးမြို့ ရပ်ကွက် (၁၀)ရှိ ၎င်းတို့၏ ဆွေမျိုးအသိမိတ်ဆွေနေအိမ်များသို့ စစ်ဘေးရှောင်ရောက်ရှိလာပြီး တည်းခိုလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

နယ်မြေရှင်းလင်းရေးဆောင်ရွက်လျက်ရှိသည့် တပ်မတော်စစ်ကြောင်းနှင့် KIA လက်နက်ကိုင်အဖွဲ့ ထိတွေ့တိုက်ပွဲဖြစ်ပွား

နေပြည်တော် ဒီဇင်ဘာ ၁၂

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသအတွင်း တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ဒီဇင်ဘာ ၁၁ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် မူဆယ်-လားရှိုးလမ်းမကြီး၏ အနောက်ခြမ်း နမ့်အွမ်ကျေးရွာ၏ အနောက်ဘက် ခြောက်မိုင်ခန့်အကွာ၌ KIA လက်နက်ကိုင်အဖွဲ့နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး အဆိုပါလက်နက်ကိုင်အဖွဲ့သည် အနောက်တောင်ဘက် လျှိုအတိုင်း ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် အလောင်းတစ်လောင်းနှင့် ရှေ့ထွက်မိုင်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်စစ်ကြောင်းများက လက်နက်ကိုင်အဖွဲ့များ ဆုတ်ခွာရာနောက်သို့ နယ်မြေလိုက်လံရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

နမ့်ဆန်မြို့၌ TNLA လက်နက်ကိုင်တစ်ဦးပမ်းဆီးရမိ ကျောက်မဲမြို့၌ လူသစ်စုဆောင်း၍ တိမ်းရှောင်

နေပြည်တော် ဒီဇင်ဘာ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ဆန်မြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ ဒီဇင်ဘာ ၁၁ ရက် ည ၁၂ နာရီကျော်ခန့်တွင် နမ့်ဆန်မြို့နယ် ဇယန်းကြီးကျေးရွာရှိ ဒေါ်ငွေတင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်း၏သားဖြစ်သူ အောင်ဆန်းမြင့်အား တရုတ်နိုင်ငံလုပ် ဗုံးသီးတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူအားစစ်ဆေးရာ TNLA လက်နက်ကိုင်အဖွဲ့သို့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် အတင်းအဓမ္မစုဆောင်း၍ ဝင်ရောက်ခဲ့ရပြီး နမ့်ဆန်မြို့နယ် ဟူခင်ကျေးရွာအနီး လျှိုမြောင်ချိုင့်ဝှမ်းအနီး၌ သင်တန်းတက်ရောက်ခဲ့ကြောင်း၊ ဇယ်တုန်းဟုန်းကျေးရွာနေ အောင်စိန်နှင့် စခန်းသာကျေးရွာနေ ကျော်ဝင်းတို့နှင့်အတူ TNLA လက်နက်ကိုင်အဖွဲ့မှ လက်နက်မဲ့ထွက်ပြေးခဲ့ပြီး အနေအထိုင်၊ အစားအသောက် ဆင်းရဲမှုကြောင့်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကျောက်မဲမြို့နယ်အတွင်း ပန်ကွမ်ကျေးရွာမှ အိမ်ထောင်စု ၂၅ စု လူဦးရေ ၁၀၀ တို့သည် TNLA လက်နက်ကိုင်အဖွဲ့၏ လူသစ်စုဆောင်းမှုကြောင့် ဒီဇင်ဘာ ၁၁ ရက် ညနေ ၃ နာရီ ၄၅ မိနစ်ခန့်တွင် ရပ်ကွက်(၈)ရှိ ဓမ္မာစကူးဓမ္မာရုံသို့ တိမ်းရှောင်ရောက်ရှိခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပန်ကွမ်ရွာသား ၂၁ ဦးကို TNLA လက်နက်ကိုင်အဖွဲ့က ဖမ်းဆီး

နေပြည်တော် ဒီဇင်ဘာ ၁၂

TNLA လက်နက်ကိုင်အဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ပန်ကွမ်ကျေးရွာအုပ်စု ပန်ကွမ်ကျေးရွာအတွင်းသို့ ဒီဇင်ဘာ ၁၁ ရက် ည ၇ နာရီတွင် ဝင်ရောက်လာပြီး ပန်ကွမ်ရွာသား ၂၁ ဦးအား တပ်သားသစ်အဖြစ် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

အဆိုပါ ရွာသား ၂၁ ဦး၏အမည်မှာ ဦးငြိမ်း (၆၀)နှစ်၊ ဦးထွန်းရင် (၅၀)နှစ်၊ ဦးထွန်းထွန်း(၂၅)နှစ်၊ ဦးဖိုင်းသိန်းအောင် (ခ)ဦးစိုင်းစံ (၄၅)နှစ်၊ ဦးအောင်ဖြိုး (၂၅)နှစ်၊ ဦးငြိမ်း (၅၀)နှစ်၊ ဦးစံလွန်း (၅၀)နှစ်၊ ဦးအိုက်စိုး (၃၀)နှစ်၊ ဦးစံဝင်း (၄၀)နှစ်၊ ဦးအောင်ဆန်း (၄၀)နှစ်၊ ဦးစိန်အောင် (၄၅)နှစ်၊ ဦးကျင်မြင့် (ခ)ဦးစစ်ပင်း (၆၀)နှစ်၊ ဦးထွန်းရီ (၅၀)နှစ်၊ ဦးမောင်ကျန် (၃၅) နှစ်၊ ဦးအောင်ပွင့် (၂၅) နှစ်၊ ဦးအိုက်အွန် (ခ) မောင်ခက် (၆၀)နှစ်၊ ဦးဆွေလန် (၄၅) နှစ်၊ ဦးကျော်မြင့်ဌေး (၄၀)နှစ်၊ ဦးအိုက်လွယ် (၃၀)နှစ်၊ ဦးအောင်ခမ်း (၅၀)နှစ်၊ အမည်မသိ စိစစ်ဆဲတစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁၂

ရခိုင်ပြည်နယ် မောင်တောမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၁ ရက် ည ၁၂ နာရီကျော်တွင် နတ်မြစ်အတွင်း တပ်မတော်ရေယာဉ်များဖြင့် လုံခြုံရေးကင်းလှည့်နေစဉ် မသင်္ကာဖွယ်လှေတစ်စင်းကိုတွေ့ရှိရသဖြင့် မီးအချက်ပြခေါ်ယူရာ လာရောက်ခြင်းမရှိဘဲ မြောက်ဘက်သို့ ထွက်ပြေးသွားသောကြောင့် လက်နက်ငယ်ဖြင့် ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသည့်စက်လှေပေါ်မှ ဆာလာအိတ်ဖြင့်ထုပ်ထားသည့် WY စိတ်ကြွ ဆေးပြား ၁၀ သိန်းခန့် သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဒီဇင်ဘာ ၁၁ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် မသင်္ကာဖွယ်လှေတစ်စင်းက အထုပ်နှစ်ထုပ်ခန့်အား ရေထဲပစ်ချ၍ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ မသင်္ကာသူ ခြောက်ဦးအား ဖမ်းဆီးရမိခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ ငါးဖမ်းစက်လှေနှင့်အတူ ဖမ်းဆီးရမိသူများမှာ စစ်တွေမြို့နယ် အုန်းတောကြီး တောင်ပိုင်းရွာနေ မာမွတ်ရှတ်ဂတ်၊ သဲချောင်းရွာနေ ကာမာရုတ်စွတ်၊ အဒုရမင်း၊ ရှော်လင်း၊ ရှောရွှတ်နွတ်နှင့် ရှယ်ဂွတ်အာမစ်တို့ ခြောက်ဦးဖြစ်ပြီး စစ်ဆေးမေးမြန်းရာ လှေပိုင်ရှင်သည် စစ်တွေမြို့နယ် ဒါးပိုင်းကျေးရွာနေ မာနုတ်ဖြစ်ပြီး မူးယစ်ဆေးဝါးပိုင်ရှင်မှာ လှေပေါ်ပါ ရှောရွှတ်နွတ်ဖြစ်ကြောင်း သိရသည်။

ၔင်းတို့အဖွဲ့သည် မူးယစ်ဆေးဝါး ၄ ဒသမ ၅ သိန်းခန့်ကို ဆာလာအိတ်နှစ်အိတ်ဖြင့်သယ်ဆောင်၍ သဲချောင်းကျေးရွာမှ ဒီဇင်ဘာ ၁၀ ရက် ညနေ ၅ နာရီတွင် ထွက်ခွာခဲ့ပြီး ပင်လယ်ပြင်မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ပို့ဆောင်ရန် ကြိုးပမ်းစဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ဟသ်ာတ ဒီဇင်ဘာ ၁၂

ရောဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ဗိုလ်အောင်ကျော်လမ်း အရှည်ပေ ၂၁၂၀၊ အကျယ် ပေ ၃၀၊ အမြင့် ရှစ်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းခွင်သို့ အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် အင်ဂျင်နီယာမှူး ဦးအောင်သန်းဝင်းတို့ကကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကွန်ကရစ်လမ်းခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကတ္တရာလမ်းပေါက်ဖာခြင်း၊ ကျောက်ချောလမ်းခင်းခြင်း၊ ချောင်းကျောက်စရစ်ခင်းခြင်း၊ ကွန်ကရစ်ရေထုတ်ပြွန်ဖောက်လုပ်ခြင်းနှင့် ငွေလုံးအခြားလုပ်ငန်း လေးခု ပါဝင်သော စုစုပေါင်းလုပ်ငန်း ၄၆ ခု ဆောင်ရွက်ရန်လျာထားခဲ့ရာ ဒီဇင်ဘာပထမပတ်အထိ ကွန်ကရစ်လမ်း ၂၆ လမ်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှစ်လမ်း၊ ချောင်းကျောက်စရစ်ခင်းခြင်း သုံးလမ်း၊ ကွန်ကရစ်ရေထုတ်ပြွန် လေးခု၊ ငွေလုံးအခြားလုပ်ငန်း လေးခု စုစုပေါင်းလုပ်ငန်း ၃၉ ခု ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ လျာထားလုပ်ငန်း အားလုံး၏ ၈၅ ရာခိုင်နှုန်းကျော် ဆောင်ရွက် ပြီးစီးနေပြီဖြစ်ကြောင်း အင်ဂျင်နီယာ ဦးအောင်သန်းဝင်းထံမှ သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

ပြည်ကြီးမဏ္ဍိုင်မြို့တွင် ပန်းချီရေးဆွဲနည်းလေ့ကျင့်ပြသ

ပြည်ကြီးမဏ္ဍိုင် ဒီဇင်ဘာ ၁၂

ကလေးများအတွက် တီထွင်ဖန်တီးမှုဆိုင်ရာ အနုပညာတစ်ရပ်ဖြစ်သော ပန်းချီရေးဆွဲနည်း လေ့ကျင့်ပြသပေးခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက်က တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ပြည်ကြီးမဏ္ဍိုင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဦးဇော်ဝင်းထွန်းက ကျောင်းသား ကျောင်းသူများအား ပန်းချီရေးဆွဲနည်း လေ့ကျင့်သင်ကြားခြင်းဖြင့် အနုပညာကို နှစ်သက်မြတ်နိုးလိုစိတ်၊ စိတ်ရှည်ဇွဲကောင်းမှု၊ အာရုံစူးစိုက်မှု၊ လေ့လာစူးစမ်းတတ်မှု၊ တွေးခေါ်လာနိုင်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု အစရှိသည့် အတွေးအခေါ်များ ရရှိလာမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ကြီးမဏ္ဍိုင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းခွဲမှ တတိယတန်းမှ အဋ္ဌမတန်းအထိ ပန်းချီစိတ်ပါဝင်စားသူ၊ စိတ်အားထက်သန်သူ ကျောင်းသားကျောင်းသူ စုစုပေါင်း ၄၁ ဦးတို့အား အခြေခံပန်းချီ ရေးဆွဲနည်းများကို မြို့နယ်ပြန်/ဆက်ဦးစီးမှူးနှင့် ဝန်ထမ်းများက စာတွေ့၊ လက်တွေ့လေ့ကျင့်သင်ကြားပြသပေးခဲ့ကြောင်း သိရသည်။**(ဝဲပုံ)**

ပန်းချီရေးဆွဲ လေ့ကျင့်သည့် ကျောင်းသား ကျောင်းသူများကို စာရွက်စာတမ်းများ၊ ရောင်စုံခဲတံများ ထောက်ပံ့ပေးခြင်းနှင့် တက်ရောက်အားပေးသော ဌာနဆိုင်ရာများနှင့် ဆရာမများအား လက်ဖက်ရည်ဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ရန်ကုန်မြို့တွင်း ဘတ်စ်ကားမှတ်တိုင်များနှင့် ကားမရပ်ရလမ်းနေရာများတွင် စည်းကမ်းမဲ့ရပ်နားသည့် ယာဉ်များအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးရဲတပ်ဖွဲ့ဝင်များနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ လိုက်ပါကြည့်ရှုစစ်ဆေး၍ ယာဉ်မောင်းများ မရှိပါက ကရိန်းယာဉ်ဖြင့် ဆွဲယူသယ်ဆောင်သွားစဉ်။ **သန့်ဇင်ဝင်း(သတင်းစဉ်)**

ပြည်သူလူထုအခြေပြု အသိပညာပေးဟောပြောဆွေးနွေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဇမ္ဗူသီရိမြို့နယ်၌ ပြုလုပ်

နေပြည်တော် ဒီဇင်ဘာ ၁၂

ဇမ္ဗူသီရိမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေဖြင့် ပြည်သူလူထုအခြေပြု အသိပညာပေးဟောပြောဆွေးနွေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် စာကြည့်တိုက်၌ ကျင်းပသည်။

အသိပညာပေး ဟောပြောရာတွင် မိခင်၊ ကလေး၊ ကျောင်းကျန်းမာရေး၊ အာဟာရဌာနမှ ဦးစီးအရာရှိ ဒေါက်တာ မြတ်မြတ်ခိုင်က ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးကျန်းမာရေးဆိုင်ရာများကို အသိပညာပေး ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်သူနာပြု အဆင့်(၁) ဒေါ်ငြိမ်းငြိမ်းလှက တီဘီရောဂါဖြစ်ပွားရခြင်းအကြောင်းနှင့် ကူးစက်မှုပုံစံများ၊ တီဘီရောဂါကြိုတင်ကာကွယ်ရေးနှင့် အခမဲ့စစ်ဆေးကုသပေးနေမှု အခြေအနေများကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးမှူး အဆင့်(၁) ဒေါ်နှင်းယုခိုင်က ဇီကာဗိုင်းရပ်စ်အကြောင်း သိကောင်းစရာများကို လည်းကောင်း၊ လက်ထောက် ကျန်းမာရေးမှူး ဒေါ်တင်မာအေးက HIV /AIDS ရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း အသီးသီး ဟောပြောဆွေးနွေးကြသည်။

"ကျန်းမာရေးစောင့်ရှောက်မှု မပေးခင်မှာ ပြည်သူလူထုအတွင်း ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတတွေကို သိရှိနားလည်ကာ ကြိုတင်ကာကွယ်မှုတွေ ဆောင်ရွက်လာနိုင်အောင် ကနဦးဟောပြော ဆွေးနွေးပေးပါတယ်။ မေးမြန်းဆွေးနွေးလာတဲ့ ကျန်းမာရေးဆိုင်ရာတွေကို ပြန်လည် ရှင်းလင်းဆွေးနွေးပေးပြီး ပြည်သူများနှင့်အတူ ကျန်းမာရေးနှင့်အညီ လက်ဆေးခြင်းလုပ်ငန်းကို အတူတကွ ဆောင်ရွက်ပေးပါတယ်"ဟု မြို့နယ်သူနာပြု အဆင့်(၁) ဒေါ်ငြိမ်းငြိမ်းလှက ပြောသည်။

ထို့နောက် ဒေါက်တာ မြတ်မြတ်ခိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက သက်ကြီးရွယ်အို၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးငယ်များကို ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သန့်မောင်)

(၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကာတွန်းပြိုင်ပွဲကျင်းပ

စစ်တွေ ဒီဇင်ဘာ ၁၂

(၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကာတွန်းပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက စစ်တွေမြို့ အထက(၄)၌ ကျင်းပရာ စာစီစာကုံးပြိုင်ပွဲတွင် အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြရာ အလယ်တန်းအတွက် 'သာစွဌာနေရခိုင်မြေ'၊ အထက်တန်းအတွက် 'ပြည်ထောင်စုထဲက ရခိုင်' နှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် 'ယနေ့လူငယ်နှင့် အနာဂတ်' ရခိုင်ပြည်နယ်ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ကြကြောင်း သိရသည်။ ကာတွန်းပြိုင်ပွဲကို အလွတ်တန်းမည်သူမဆို ပါဝင်နိုင်ပြီး 'ပြည်နယ်တစ်ခွင် ပြည်သူ့အမြင်' ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ယနေ့စာစီစာကုံးနှင့် ကာတွန်းပြိုင်ပွဲသို့ ကျောင်းသား ကျောင်းသူများနှင့် ကာတွန်း၀ါသနာရှင်များ ၆၉ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ရခိုင်ပြည်နယ်ရှိ မြို့များ၌ ကျင်းပကြမည်ဖြစ်သည့်အတွက် စစ်တွေတစ်မြို့တည်းမှ ကျောင်းသား ကျောင်းသူများနှင့် ကာတွန်း ၀ါသနာရှင်များကို ကြေညာပြီး ကျင်းပရခြင်းဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများက ရခိုင်ပြည်နယ်၏ သာယာလှပသော သဘာ၀အလှများကို လေ့လာရေးသားနိုင်စေရန်နှင့် စာပေလေ့လာဖတ်ရှုမှုများတွင် စိတ်၀င်စားလာစေရန် ရည်ရွယ်ပြီး ကျင်းပရခြင်းဖြစ်ကြောင်း ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီအဖွဲ့ဝင် စာရေးဆရာ (ဂေါယာမြေစောဝင်း)က ပြောကြားသည်။ **တင်ထွန်း(ပြန်/ဆက်)**

ရထားရဲတပ်ဖွဲ့ အမှတ်(၁၅) တပ်ခွဲ (မော်လမြိုင်) ကွပ်ကဲမှုအောက်ရှိရုံး၊ စခန်း၊ တပ်စု၊ တပ်စိတ်ရှိ အသက်(၅၅) နှစ်အောက်တပ်ဖွဲ့ဝင်မိသားစု/မှီခိုသူများအား အခြေခံစစ်ပညာသင်တန်းဖွင့်ပွဲတွင် တပ်ခွဲမှူး ဒု-ရဲမှူး ငွေဝင်း သင်တန်းဖွင့်အမှာစကားပြောကြားစဉ်။

(ရထားရဲတပ်ဖွဲ့)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဒီဇင်ဘာ ၁၂

ရန်ကုန်(ရွှေဈေး) ၈၅၇၀၀၀ - ၈၅၈၀၀၀၊ မန္တလေး(ရွှေဈေး) ၈၅၇၀၀၀ - ၈၅၈၀၀၀

စက်သုံးဆီဈေးနှုန်း

		ရန်ကုန်	မန္တလေး
(က) ဒီဇယ်	တစ်လီတာ	၆၅၀/၆၇၅ ကျပ်၊	၆၈၀/၆၉၅ ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၆၈၀/ ၇၂၀ ကျပ်၊	၈၁၀/၈၁၅ ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၆၅၀/၆၈၀ ကျပ်၊	၇၂၀/၇၅၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၆၇၀/၆၉၀ ကျပ်၊	၇၁၀/၇၂၅ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၆၃၂ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၅၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၆၄၀ ကျပ်

၅-၁၂-၂၀၁၆ ရက်နေ့မှ ၉-၁၂-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၆၆၀ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၆၄၄ ကျပ် ဖြစ်ပါသည်။ (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေး ပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	-	၁၃၂၀. ၀
(ခ) ဥရောပ	တစ်ယူရို	-	၁၃၉၀. ၆
(ဂ) တရုတ်	တစ်ယွမ်	-	၁၉၁. ၀၉
(ဃ) ထိုင်း	တစ်ဘတ်	-	၃၆. ၉၈၅
(င) မလေးရှား	တစ်ရင်းဂစ်	-	၂၉၈. ၄၁
(စ) အိန္ဒိယ	တစ်ရူပီး	-	၁၉. ၅၆၄
(ဆ) ဂျပန်	တစ်ရာယန်း	-	၁၁၄၂. ၄
(ဇ) တောင်ကိုရီးယား	တစ်ရာ၀မ်	-	၁၁၂. ၇၂
(ဈ) ဩစတြေးလျ	တစ်ဒေါ်လာ	-	၉၈၂. ၀၇
(ည) စင်ကာပူ	တစ်ဒေါ်လာ	-	၉၂၀. ၉၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ချယ်လ်ဆီး အမှတ်လျော့ ပြစ်ဒဏ်ကျခံရပါက ဟာသတစ်ခုနှင့်သာ တူညီမည်ဟု ကွန်တီ ပြောကြား

ဒီဇင်ဘာ ၃ ရက် မန်စီးတီး-ချယ်လ်ဆီး ပွဲစဉ်မှ ကစားသမားများ ရန်ပွဲအတွက် ချယ်လ်ဆီးအသင်းအနေဖြင့် အမှတ်လျော့ ပြစ်ဒဏ်ချမှတ်ခံရမည်ဆိုပါက ရယ်စရာတစ်ခုဖြစ်လာမည်ဖြစ်ပြီး မည်သည့်အသင်းက အဆိုပါ ပဋိပက္ခကို စတင်မီးမွှေးခဲ့သလဲဆိုသည်ကို အာဏာပိုင်များဘက်မှ ပြန်ပြောင်းစဉ်းစားပေးစေလိုကြောင်း နည်းပြ ကွန်တီ၏ ပြောကြားချက်ကို ကိုးကား၍ The Sun သတင်းဌာနက ဖော်ပြသည်။

ချယ်လ်ဆီးသည် ဝက်စ်ဘရွန်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားနိုင်ပြီး နောက်တစ်နေ့မှာပင် မန်စီးတီးနှင့် ပဋိပက္ခအတွက် အက်ဖ်အေ၏ ကြားနာမှုကိုခံယူရမည်ဖြစ်ရာ အဆိုပါကြားနာစစ်ဆေးမှုသည် ချယ်လ်ဆီးအသင်းအတွက် ၁၉ လအတွင်း ငါးကြိမ်မြောက် ကြားနာမှုခံရမှုလည်း ဖြစ်လာခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် စပါးနှင့် ရန်ပွဲဖြစ်ပွားခဲ့ခြင်းကြောင့် ပေါင် ၃၇၅၀၀၀ ဒဏ်ရိုက်ခံခဲ့ရပြီးနောက် ယခုတစ်ကြိမ်တွင် အမှတ်လျော့ ပြစ်ဒဏ်မှာ ပြစ်ဒဏ်များထဲမှ ရွေးချယ်စရာတစ်ခုအနေဖြင့် ပါဝင်နေသည်ဟု အက်ဖ်အေဘက်မှ သတိပေးခဲ့ရာ ကွန်တီက အထက်ပါအတိုင်း တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

အက်ဖ်အေ၏ သတိပေးမှုကြောင့် ဒေါသထွက်နေသည့် ကွန်တီက "ဒီကိစ္စရပ်ကို ကျွန်တော်နားမလည်ပါဘူး။ ဒါကို အကြောင်းပြခဲ့မယ်ဆိုရင်တော့ ကျွန်တော့်အနေနဲ့ ခင်ဗျားတို့ ဟာသလုပ်နေတာလားလို့ ပြန်မေးရပါလိမ့်မယ်။ ခင်ဗျားတို့အနေနဲ့ ဘယ်အသင်းက အမှားကျူးလွန်ခဲ့တာလည်း ဆိုတာကို သဘောပေါက်ရမှာဖြစ်ပါတယ်" ဟု ဆိုခဲ့သည်။

မန်စီးတီး-ချယ်လ်ဆီး ကစားသမားများ ပဋိပက္ခသည် မန်စီးတီးတိုက်စစ်မျူး အဂူရိ၏ ချယ်လ်ဆီးနောက်ခံလူ ဒေးဗစ်လုဇ်အပေါ် ဆိုးရွားသည့်ဖျက်ထုတ်မှုအပြီး စတင်ခဲ့ပြီးနောက် မန်စီးတီးကစားသမားနှစ်ဦးဖြစ်သည့် ဖာနန်ဒင်ဟိုနှင့် အဂူရိတို့နှစ်ဦးစလုံး တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ **(ရွှင်ယန်ဟေဒင်)**

ရီးယဲလ်အသင်းသားများကို ဂျပန်ပရိသတ် ရာပေါင်းများစွာက သူရဲကောင်းသဖွယ် ကြိုဆိုခဲ့ကြ

ရီးယဲလ်မက်ဒရစ်အသင်းသည် ကမ္ဘာ့ကလပ်ဖလားယှဉ်ပြိုင်ရန် ဂျပန်နိုင်ငံသို့ရောက်ရှိလာရာ တိုကျိုမြို့ခံ ရာပေါင်းများစွာသော ပရိသတ်များက တစ်ခဏက်ကြိုဆိုခဲ့ကြကြောင်း အင်ဒီပန်းဒင့် သတင်းဌာနက ဖော်ပြသည်။ စီရိုနယ်လ်ဒို၊ ဘင်ဇီမာတို့အပါအဝင် ကြယ်ပွင့်ကစားသမား မြောက်မြားစွာပါဝင်သည့် ရီးယဲလ်အသင်းသည် စပိန်နိုင်ငံ မက်ဒရစ်မြို့မှ ဂျပန်နိုင်ငံ တိုကျိုမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာလာခဲ့ရာ ဟာနေးဒါလေဆိပ်သို့ ဒီဇင်ဘာ ၁၂ ရက် ဂျပန်ဒေသစံတော်ချိန် နံနက် ၅ နာရီတွင် ရောက်ရှိလာခဲ့သည်။ ရီးယဲလ်အသင်းသည် ၁၃ နာရီကျော်ကြာ ခရီးပြင်းနှင်ခဲ့ရသော်လည်း နွမ်းလျသည့်ပုံ မပေါ်ကြောင်းလည်း အဆိုပါ သတင်းရင်းမြစ်ကပင် ဆက်လက်ဖော်ပြသည်။

ရီးယဲလ်အသင်း ကမ္ဘာ့ကလပ်ဖလားကို ဆွတ်ခူးနိုင်ရန် ခြေချင်းဝတ်ဒဏ်ရာကြောင့် ဂါရတ်ဘေးလ် မပါဝင်နိုင်သည်မှလွဲ၍ နည်းပြ ဇီဒန်းက အသင်း၏အတောင့်တင်းဆုံး ကစားသမား ၂၃ ဦး စာရင်းကို ရွေးချယ်ခဲ့သည်။ ဇီဒန်းမှာ ယခုနှစ် ကမ္ဘာ့ကလပ်ဖလားကို ရယူရန် ပစ်မှတ်ထားနေပြီး ဒီပို့တီပိုနှင့် ပွဲစဉ်တွင် စီရိုနယ်ဒို၊ လူကာမိုဒရစ်နှင့် ဘင်ဇီမာတို့ကို အနားပေးခဲ့သည်။

ရီးယဲလ်အသင်းသည် ဒီဇင်ဘာ ၁၅ ရက်တွင် မဂ္ဂဆီကို ကလပ်အသင်းဖြစ်သည့် ကလပ်အမေရိကအသင်းနှင့် အကြိုပိုလ်လုပွဲ ပွဲစဉ်အဖြစ် စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရီးယဲလ်အသင်းသည် ၂၀၁၄ ခုနှစ်တွင် အာဂျင်တီးနားကလပ် လော်ရန်ဇီအသင်းကို အနိုင်ကစားကာ ၎င်းတို့အသင်းအတွက် ပထမဦးဆုံးကမ္ဘာ့ကလပ် ချန်ပီယံဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ ကမ္ဘာ့ကလပ်ဖလားကို အကြိမ်အများဆုံး ဆွတ်ခူးထားသည့် အသင်းမှာ စပိန်ကလပ် ဘာစီလိုနာဖြစ်ပြီး ၂၀၀၉၊ ၂၀၁၁ နှင့် ၂၀၁၅ ခုနှစ်တို့တွင် ဆွတ်ခူးနိုင်ခြင်းဖြစ်ပြီး ယင်းနောက် ဘရာဇီးကလပ်ကိုရင်သီယန်အသင်းက ၂၀၀၀ နှင့် ၂၀၁၂ ခုနှစ်တို့တွင် ဆွတ်ခူးထားပြီး ကမ္ဘာ့ကလပ် ဒုတိယအအောင်မြင်ဆုံး ကလပ်အသင်းအဖြစ် ရပ်တည်နေသည်။

ရီးယဲလ်စတား စီရိုနယ်လ်ဒို့မှာ အဆိုပါဖလားပွဲကြောင့် ဘလွန်းဒီအောဆု ချီးမြှင့်ပွဲအခမ်းအနားကို လွဲချော်မည်ဖြစ်သော်လည်း မက်ဆီနှင့် ဂရစ်ဇ်မန်းတို့ကို ကျော်ဖြတ်ကာ ဘလွန်းဒီအောဆုကို ရရှိရန် နံပါတ်(၁)နေရာမှ ရေပန်းစားနေကြောင်း သိရသည်။ **(ရွှင်ယန်ဟေဒင်)**

ချန်ပီယံလိဂ်(၁၆)သင်းအဆင့်မဲခွဲ လက်ရှိချန်ပီယံရီးယဲလ်နှင့် နာပိုလီ၊ အာဆင်နယ်နှင့် ဘိုင်ယန်၊ ဘာစီလိုနာနှင့် ပီအက်စ်ဂျီ တွေ့ဆုံနေ

ချန်ပီယံလိဂ်(၁۶)သင်းအဆင့်ပွဲစဉ်များကို မဲခွဲခဲ့ရာတွင် လက်ရှိချန်ပီယံရီးယဲလ်မက်ဒရစ်အသင်းမှာ နာပိုလီအသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေပြီး အာဆင်နယ်အသင်းမှာ ဘိုင်ယန်မြူးနစ်အသင်းနှင့်လည်းကောင်း၊ ဘာစီလိုနာအသင်းမှာ ပီအက်စ်ဂျီအသင်းနှင့်လည်းကောင်း ထိပ်တိုက်တွေ့ဆုံလျက်ရှိကြောင်းသိရသည်။

အာဆင်နယ်အသင်းသည် နောက်ဆုံးကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်များတွင် ဂျာမန်ဘွန်ဒက်လီဂါချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းနှင့် လေးကြိမ်အထိထိပ်တိုက်တွေ့ဆုံမှုရှိခဲ့ပြီး ပရီမီယာလိဂ်လက်ရှိချန်ပီယံ လက်စတာစီးတီးအသင်းမှာ လက်ရှိယူရိုပါလိဂ်ချန်ပီယံ ဆီဗီလာအသင်းနှင့် ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

မန်စီးတီးအသင်းမှာမူ အုပ်စုအဆင့်တွင် စပါးအသင်းကို အနိုင်ရရှိခဲ့သည့် ပြင်သစ်ပထမတန်းကလပ် မိုနာကို အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အခြားသော ထိပ်တိုက်တွေ့ဆုံမှုများမှာ ပေါ်တိုအသင်းနှင့် ဂျူဗင်တပ်အသင်း၊ ဘင်ဖိကာအသင်းနှင့် ဒေါ့မွန်အသင်း၊ လေဗာကူဆင်အသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ တွေ့ဆုံနေသည်။

ယနေ့မဲခွဲလိုက်ပြီးဖြစ်သည့် ချန်ပီယံလိဂ်(၁۶)သင်းအဆင့်ပွဲစဉ်များအနက် ပထမအကျော့ပွဲစဉ်များကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်၊ ၁၅ ရက်၊ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင်လည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်များကို မတ် ၇ ရက်၊ ၈ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင်လည်းကောင်း အသီးသီးယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းသိရသည်။

(ဌေးကြယ်)

လီဗာပူးနဲ့ပွဲ သရေကျခဲ့တာကြောင့် ဝက်စ်ဟမ်း တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်ခဲ့ နှစ်ပွဲဆက်နိုင်ပွဲပျော်ဆုံးမှုနဲ့အတူ လီဗာပူးအသင်း အဆင့်(၃)မှာ ရပ်တည်နေ

ဝက်စ်ဟမ်းအသင်းဟာ လီဗာပူးအသင်းနဲ့ ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁၅)မှာ တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ပွဲစဉ်(၁၅)အပြီးမှာတော့ တန်းဆင်းဇုန်ကနေ လွတ်လာခဲ့ပါတယ်။ အဲဒီပွဲစဉ်မှာ လီဗာပူးအသင်းက မာနေးရဲ့ဖန်တီးပေးပို့မှုကနေ လယ်လာနာရဲ့ ပွဲကစားချိန် ငါးမိနစ်မှာ သွင်းယူခဲ့တဲ့သွင်းဂိုးနဲ့ အိမ်ကွင်းမှာ ဦးဆောင်ဂိုး စတင်ရရှိခဲ့တာဖြစ်ပြီး ဝက်စ်ဟမ်းတိုက်စစ်မျူး ပါယက်က ပွဲကစားချိန် ၂၇ မိနစ်မှာ ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

လီဗာပူးအသင်းအနေနဲ့ အဝေးကွင်းကစားခဲ့ရတဲ့ ပွဲစဉ်(၁၄)မှာ ဘုန်းမောက်အသင်းကို ရှုံးနိမ့်ခဲ့ရတာကြောင့် အခုပွဲစဉ်မှာ အနိုင်သုံးမှတ်အပြည့်ရရှိဖို့အရေး အကြိတ်အနယ်ကစားခဲ့ပါတယ်။ ဒါပေမယ့် ပွဲကစားချိန် ၃၉ မိနစ်မှာ အန်တိုနီယိုရဲ့သွင်းဂိုးကို ထပ်မံခွင့်ပြုပေးလိုက်ရတာကြောင့် ပထမပိုင်းပွဲကစားချိန်အပြီးမှာ ဧည့်သည်ဝက်စ်ဟမ်းအသင်းက လီဗာပူးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။

ဒါပေမယ့် လီဗာပူးအသင်းဟာ ဒုတိယပိုင်းပွဲကစားချိန် ၄၈ မိနစ်မှာ အော်ရီဂီရဲ့သွင်းဂိုးရရှိခဲ့တာကြောင့် သာမန်ပွဲကစားချိန် မိနစ် ၉၀ အပြီးမှာ တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာလည်းဖြစ်ပါတယ်။ အခုပွဲစဉ်မှာ ပွဲကစားချိန် ၆၂ မိနစ်မှာ အန်ဒရီအေးယူးရဲ့နေရာမှာ လူစားဝင်ကစားခဲ့တဲ့ ဝက်စ်ဟမ်းတိုက်စစ်မျူး ကာရိုးလ်ဟာ လီဗာပူးဂိုးသမား ကာရီးယက်စ်နဲ့ မတော်တဆထိခိုက်မိခဲ့ရာမှ မျက်ခုံးကွဲဒဏ်ရာရရှိခဲ့ပါတယ်။

လီဗာပူးအသင်းအနေနဲ့ အခုပွဲစဉ်မှာ နှစ်ဂိုးပေးလိုက်ရတာကြောင့် ပေးဂိုးအားဖြင့်ကြည့်ပါက ပေးဂိုး ၂၆ ဂိုးအထိ ပေးထားခဲ့ရတဲ့ ဝက်ဖို့ဒ်အသင်းပြီးရင် ပေးဂိုးအများဆုံး ပေးရတဲ့ဇယားမှာ လီဗာပူးအသင်းက ဒုတိယနေရာမှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။ အိမ်ကွင်းနိုင်ပွဲရရှိမှုမှာတော့ လီဗာပူးအသင်းဟာ အိမ်ကွင်းခုနစ်ပွဲမှာ ငါးပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့တာကြောင့် အိမ်ကွင်းနိုင်ပွဲရရှိမှု အဆင့်(၂)နေရာမှာ ရပ်တည်နေပါတယ်။

လီဗာပူးအသင်းဟာ နှစ်ပွဲဆက်တိုက်နိုင်ပွဲပျော်ဆုံးခဲ့ရပြီး နှစ်ပွဲစလုံးမှာ ဂိုးသမား ကာရီးယက်စ်ရဲ့ အမှားကနေ နိုင်ပွဲပျော်ဆုံးခဲ့တာဖြစ်ပါတယ်။ ဂိုးသမား ကာရီးယက်စ်ဟာ တစ်ပတ်အတွင်း အဓိကအမှားသုံးကြိမ်အထိ ရှိခဲ့ပြီး ဘုန်းမောက်အသင်းနဲ့ ပွဲစဉ်မှာလည်း ကာရီးယက်စ်ရဲ့ အမှားကနေ ဂိုးပေးလိုက်ရတာ ဖြစ်ပါတယ်။

လီဗာပူးဂိုးသမားကာရီးယက်စ်ဟာ လီဗာပူးအသင်းနဲ့ အတူ ပွဲပေါင်း ၁၀ ပွဲ ပါဝင်ကစားခဲ့ရာမှာ ပေးဂိုး ၁၂ ဂိုး အထိရှိခဲ့ပြီး သုံးဂိုးသာ ကာကွယ်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ကာရီးယက်စ်ရဲ့ ပျမ်းမျှဂိုးပေါက်ကာကွယ်နိုင်မှုမှာ ၁ ဒသမ ၁၇ ဂိုးသာလျှင် ကာကွယ်နိုင်ခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ဝက်စ်ဟမ်းအသင်းအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ အန်တိုနီယိုဟာ ယခုနှစ်ဘောလုံးရာသီမှာ ပရီမီယာလိဂ်သွင်းဂိုး ခုနစ်ဂိုးအထိ ရှိလာခဲ့ပြီး သရေတစ်မှတ်ခွဲယူနိုင်ခဲ့တဲ့ ဝက်စ်ဟမ်းအသင်းဟာလည်း တန်းဆင်းဇုန်အထက် တစ်မှတ်အသာနဲ့ အမှတ်ပေးဇယားရဲ့ အဆင့်(၁၇)နေရာကို တက်လှမ်းနိုင်ခဲ့တာ ဖြစ်ပါတယ်။ လီဗာပူးအသင်းကတော့ အမှတ်ပေးဇယားထိပ်က ချယ်လ်ဆီးအသင်းနဲ့ ခြောက်မှတ်ကွာ၊ အာဆင်နယ်အသင်းနဲ့ သုံးမှတ်ကွာအနေအထားနဲ့ ရမှတ် ၃၁ မှတ်ရရှိထားကာ အမှတ်ပေးဇယားရဲ့ တတိယနေရာမှာ ရပ်တည်နိုင်ခဲ့ပါတယ်။

(ဌေးကြယ်)

မောင်တောမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁၂

မောင်တောမြို့နယ် အင်းဒင်ကျေးရွာ အနောက်ဘက် ခြောက်မိုင်ခန့်အကွာ ပင်လယ်ပြင်တွင် အမှတ်(၅၆၈) တပ်မတော်ရေယာဉ်ဖြင့် လုံခြုံရေး တာဝန် ဆောင်ရွက်လျက်ရှိသော တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၁ ရက်က မသက်ဘွယ် လှေတစ်စင်းကိုတွေ့ရှိ၍ မီးအချက်ပြ ခေါ်ယူရာ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ စက်လှေနှင့်အတူ အောင်အောင်၊ အေးမောင်၊ မောင်လှချေ၊ ငြိမ်းချမ်း၊ သန်းဝင်းချေတို့ ငါးဦးကို ဖမ်းဆီးရမိပြီး ၎င်းတို့ ပင်လယ်တွင်းပစ်ချလိုက်သည့် ဆာလာအိတ် ငါးအိတ်ကို ဆယ်ယူစစ်ဆေးရာ တစ်အိတ်လျှင် ရေစိုနေသည့် စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်းစီပါ ငါးအိတ် စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း သိမ်းဆည်းရမိသည်။

အောင်အောင်၊ အေးမောင်၊ မောင်လှချေ၊ ငြိမ်းချမ်းနှင့် သန်းဝင်းချေတို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့် အတူ တွေ့ရစဉ်။

ထို့အတူ ဒီဇင်ဘာ ၁၀ ရက်က မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်း-မော်ဘီသွားကားလမ်းပေါ်တွင် ခွန်အောင်ကျော်ဦး မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေစစ်ဆေးရန်ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ညောင်ရွှေမြို့နယ် နားကန်ရွာအနီးတွင် ယင်းကားကို တွေ့ရှိဖမ်းဆီးရမိပြီး ရှာဖွေရာ ဘိန်းစိမ်း ၈၆ ဒသမ ၉၈ ကီလို (ယင်းဒေသ တန်ဖိုး ငွေကျပ် ၅၆၅ ဒသမ ၃၇ သိန်း) သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ အရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆင်ဆာမဲ့ခွေများရောင်းချသူကို ဖမ်းဆီးအရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၁ ရက် ညနေ ၃ နာရီခွဲက တရားမဝင် ဆင်ဆာမဲ့ ဗီဒီယိုခွေများ ရောင်းချနေကြောင်း သတင်းအရ ပဲခူးမြို့ နန်းတော်ရာရပ်ကွက်နေ မင်းမောင်မောင်(၃၂)နှစ်၏ "သိန်းတစ်ရာ" Max အရောင်းဆိုင်အတွင်းသို့ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ဆိုင်အတွင်းမှ ဆင်ဆာမဲ့ နိုင်ငံခြားဇာတ်လမ်းခွေမျိုးစုံ ၇၂၀၊ ဆင်ဆာမဲ့မြန်မာသီချင်းခွေနှင့် ဟာသခွေမျိုးစုံ ၂၀၀ တို့တွေ့ရှိသိမ်းဆည်းရမိသဖြင့် မင်းမောင်မောင်အား ပဲခူးမြို့မရဲစခန်းက (ပ)၁၂၁၈/၂၀၁၆၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၂(ခ)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

ဆိုင်ကယ်နှင့်အတူ မသက်ဘွယ်တွေ့ရှိသူအား အမှုဖွင့်စစ်ဆေးလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ထန်းတောကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၁ ရက် ညနေ ၄ နာရီခွဲက သက်သေများနှင့်အတူ နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ဇောင်းတူ-တိုက်ကြီးသွား ကားလမ်းမပေါ်တွင် လော့ဂျား-၁၁၀ ဆိုင်ကယ်တစ်စီးနှင့် မသက်ဘွယ်တွေ့ရှိသူ ဘုရားကြီးမြို့ ဝမ်းဘဲအင်းကျေးရွာနေ ညီညီလွင်(ခ)ကရင်လေး (၁၈)နှစ်အား စစ်ဆေးရာ ယင်းဆိုင်ကယ်၊ ZTEN-880 အနက်ရောင်ဖုန်းတစ်လုံး တို့နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်းအထောက်အထား တစ်စုံတစ်ရာပြောဆို ပြသနိုင်ခြင်းမရှိသဖြင့် ညီညီလွင်(ခ)ကရင်လေးအား ထန်းတောကြီးနယ်မြေရဲစခန်းက (ပ)၁၁၈/၂၀၁၆၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၈၀/ကျင့် ၅၄ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ရဲပြန်ကြား)

ရွှေအတုများ လာရောက်ပေါင်နှံသူများကို အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး မကွေးမြို့ ပွဲကြိုရပ်ကွက်ရှိ "ပွင့်ထွန်း" ရွှေဆိုင်ပိုင်ရှင်ဖြစ်သူ ဦးဖုန်းမော်(၅၈)နှစ်သည် ဒီဇင်ဘာ ၁၁ ရက် နံနက် ၈ နာရီက ဆိုင်၌ရှိနေစဉ် အမည်မသိ အမျိုးသမီးနှစ်ဦးက ရွှေထည်ပစ္စည်းအတုများ လာရောက်ပေါင်နှံကြောင်း မကွေးနယ်မြေရဲစခန်းသို့ အကြောင်းကြားသဖြင့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ နံနက် ၈ နာရီခန့်က မင်းဘူးမြို့နယ် ဇရပ်ကြီးကျေးရွာနေ မသီတာလှိုင် (၃၂)နှစ်က ရွှေဆွဲကြိုးတစ်ကုံးကို လာရောက်ပေါင်နှံခဲ့ရာ အတုဖြစ်နေကြောင်း၊ နံနက် ၉ နာရီခန့်က နတ်တလင်းမြို့ ရေအိုးစင်ရပ်နေ မသူသူအောင်(၂၇)နှစ်က ရွှေဆွဲကြိုးနှစ်ကုံး၊ လက်စွပ် နှစ်ကွင်းတို့ကို လာရောက်ပေါင်နှံခဲ့ရာ လက်စွပ်တစ်ကွင်းမှာ အတုဖြစ်နေကြောင်းသိရပြီး ၎င်းတို့နှစ်ဦးမှာ အတူပူးပေါင်း၍ မကွေးမြို့ပေါ်ရှိ ရွှေဆိုင်များသို့ ရွှေအတုများလိုက်လံပေါင်နှံသူများ ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် မသီတာလှိုင်နှင့် မသူသူအောင်တို့ နှစ်ဦးအားဖမ်းဆီးကာ မကွေးနယ်မြေရဲစခန်းက (ပ)၂၁၄၀/၂၀၁၆၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၂၀/၁၁၄ ဖြင့် အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

အရက်သေစာ သောက်စားရာမှ ဓားထိုးမှုဖြစ်ပွား

ကျောက်ဖြူ ဒီဇင်ဘာ ၁၂

ကျောက်ဖြူမြို့နယ် မင်းရပ်ကျေးရွာအုပ်စု ကျောက်ကလေးကျေးရွာတွင် ယနေ့ နံနက် ၉ နာရီက မောင်ကျောက်တန် အသက်(၂၃)နှစ်သည် တစ်ရွာတည်းနေ မောင်သောင်းနိုင်(၂၇)နှစ်နှင့် အရက်အတူ သောက်စားပြီး စကားများရန်ဖြစ်ရာမှ ဓားထိုးမှုဖြစ်ပွားခဲ့သည်။ ဓားဖြင့် ထိုးခံရသူ မောင်ကျောက်တန်မှာ ဇင်းချောင်းတိုက်နယ်ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဒေါ်နှင်းနှင်းမော်တည်ထောင်အုပ်ချုပ်သည့် CAE ကိုယ်ပိုင်အထက်တန်းကျောင်း(နေပြည်တော်)

၂၀၁၇-၂၀၁၈စပညာသင်နှစ်သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းအပ်နှံခြင်းကို ၂၀-၁၂-၂၀၁၆ရက် (နံနက် ၉နာရီမှ ညနေ ၅နာရီထိ)မှ စတင်လက်ခံမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ- မြစ်ကြီးနားလမ်းနှင့် လွှိုင်ကော်လမ်းကြား၊ ချင်းရွာမြောက်ဘက်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။

ဖုန်း-၀၆၇-၄၁၇၅၈၀မှ ၀၆၇-၄၁၇၅၈၉ထိ

၀၉-၆၅၀၁၂၈၄၊ ၀၉-၂၅၆၁၂၀၁၈၃၊ ၀၉-၄၂၀၁၀၅၉၆၉

B.Ed ဝင်ငွေနှင့် ရာသီဥတုနှင့်ကိုက်ညီ ကျေးကျော်ကြီးပြားရေးနှင့် ပညာပေးကျောင်း

SH မြင့်သူထက် VI

U.C.S.B (PSC) — B.Ed — စည်ပင်

ASEAN

ကျောင်းကြေးပြောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/4653 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညနေ၊ ခရိုင်နံ(ရမည်းသင်း)

ကျောင်းကြေးပြောက်လျှောက်ထားခြင်း

ယာဉ်အမှတ် DD/5289 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညနေ**

ခရိုင်နံ(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ခကြောင်းကြေငြာ

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ခရမ်းမြို့၊အ.ထ.က(၁)နှင့်အ.ထ.က(၂)မြို့မတို့တွင်တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)နှစ်ပြည့်ဆရာကြီး၊ဆရာမကြီးများအား (၂၅)ကြိမ်မြောက် ငွေရတုပူဇော်ပွဲ ဖိတ်ကြားလွှာ

ခရမ်းမြို့၊ အ. ထ. က(၁)နှင့် အ. ထ. က(၂)မြို့မတို့တွင် (၃)နှစ်နှင့်အထက် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)နှစ်ပြည့်ဆရာကြီး၊ ဆရာမကြီးများအား ငွေရတုပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါသဖြင့် ဆရာကြီး၊ ဆရာမကြီးများ တက်ရောက်အပူဇော်ခံနိုင်ပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများမှလည်း အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ဂါရဝပြုပေးကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

(၂၅ ကြိမ်မြောက် ငွေရတုပူဇော်ပွဲ အထူးအစီအစဉ်)

အသက်(၆၀)နှစ်ပြည့် ခရမ်းမြို့ အ. ထ. က(၁)နှင့် အ. ထ. က(၂)မြို့မတို့တွင်တာဝန်ထမ်းဆောင်ခဲ့ကြသော (နှစ်ကန့်သတ်ခြင်းမရှိ) ဆရာကြီး၊ ဆရာမကြီးတို့အားလည်း ငွေရတုအထူးအစီအစဉ်ဖြင့် ပူဇော်ဂါရဝပြုလိုပါ၍ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(ဆရာကြီး၊ ဆရာမကြီးများသည်-အောက်ပါဖုန်းနံပါတ်များသို့ ၂၀-၁၂-၂၀၁၆ရက် နောက်ဆုံးထား၍ ကြိုတင်ဆက်သွယ်ပါရန်နှင့် သီးခြားဖိတ်စာပို့ခြင်း သည်းခံပါရန် လေးစားစွာပန်ကြားအပ်ပါသည်။)

ဆက်သွယ်ရန်-

ဦးသက်ဆွေ(၀၉-၇၈၅၁၆၆၁၉၇)၊ ဦးချိုလင်း(၀၉-၇၉၉၃၇၉၂၄၄)

ပူဇော်ပွဲအစီအစဉ်

နေ့ရက် - ၂၅-၁၂-၂၀၁၆ရက်(၁ဒုဂုဒခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ရက်)၊ ခရစ်စမတ်နေ့၊

အချိန် - နံနက်(၁၀း၀၀)နာရီ

နေရာ - ခရမ်းမြို့၊ သွန်းဘုရားကြီး သာသနာ့ဗိမာန်တော်၊

ကျောင်းသား၊ ကျောင်းသူဟောင်းများမှ အလျှငွေထည့်ဝင်လျှာ်ခါန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လျှာ်ခါန်းနိုင်ပါသည်။

၁။ ဦးစိန်သန်းအောင် ၀၉-၄၂၀၁၇၄၈၂	၆။ ဦးဇော်လင်း ၀၉-၅၅၀၂၀၁၃
၂။ ဦးသက်ထွန်းဦး ၀၉-၄၂၀၀၂၄၀၀၀	၇။ ဦးလမင်း ၀၉-၅၁၇၆၅၇၄
၃။ ဦးမိုးကျော်ခိုင် ၀၉-၈၆၄၅၇၀၀	၈။ ဦးသက်နောင်ဝင်း ၀၉-၇၃၀၅၀၂၂၂
၄။ ဦးဝေဖြိုးကျော် ၀၉-၉၇၆၆၇၃၄၄၃	၉။ ဦးဇော်မျိုးအောင်(နေပြည်တော်) ၀၉-၄၉၂၂၀၀၅၉
၅။ ဦးမြင့်သက်ဦး ၀၉-၄၄၈၀၁၈၉၁၀	၁၀။ ဦးရဲထွန် ၀၉-၇၉၉၈၄၀၂၃၄

(ခရမ်း-ကမ္ဘာ့ရတနာဘဏ်သို့ လွှဲပြောင်းလျှာ်ခါန်းနိုင်ပါသည်။)

(အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများသည် ၂၅-၁၂-၂၀၁၆ရက် နံနက်၇နာရီတွင် စက်ဆန်း ခရမ်း မ. ထ. သ ကားဂိတ်သို့ ကြွရောက်ပါရန်)

စက်ယန္တရားများရောက်ရှိလာမှုနှင့် လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှု

မြစ်ကြီးနား ဒီဇင်ဘာ ၁၂

ကချင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး မြစ်ကြီးနားမြို့၌ စက်ယန္တရားများကြီးများရောက်ရှိလာမှု၊ လေယာဉ်ပြေးလမ်း နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးမြသိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်ရှိ လမ်းဦးစီးဌာန ယန္တရားတပ်စု(၁)၌ ကချင်ပြည်နယ်အတွက် JICA မှ လျှပ်ဒါန်းမည့် ဆောက်လုပ်ရေးသုံးစက်ယန္တရားများအနက် လတ်တလောရောက်ရှိလာသည့် မြေတူးဖော်စက်၊ မြေတင်စက်၊ မြေညှိစက်နှင့် မြေထိုးစက်စသည့် စက်ယန္တရားစုစုပေါင်း ၁၂ စီးနှင့် စက်အပိုပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါဝင်းအတွင်း ဆောက်လုပ်လျက်ရှိသည့် ၁၁၂ ပေ×ပေ ၃၀ ရှိ စက်ယန္တရားများထားရှိရန် အဆောင်လေးဆောင်ဆောက်လုပ်နေမှုနှင့် ပတ်လမ်းဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားလေယာဉ်ကွင်း၌ ငွေကျပ် ၁၁၉၇ ဒသမ ၇၈၅ သန်းဖြင့် လေယာဉ်ပြေးလမ်း ပေ ၇၀၀၀×ပေ ၁၅၀ အနက် ပြေးလမ်းအလယ်ပိုင်း ပေ ၆၃၀၀×ပေ ၁၀၀ ကို နှစ်လက်မအထူ နိုင်လွန်ကတ္တရာပထမထပ်ပိုးလွှာတင်ခြင်းအတွက် ကတ္တရာခင်းခြင်း၊ လေယာဉ်ပြေးလမ်းအမှတ်အသားများရေးဆွဲခြင်း၊ ကတ္တရာဖျော်စပ်နေသည့်လုပ်ငန်းများနှင့် လေဆိပ်အဆောက်အအုံသစ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်က ရေရှည်တည်တံ့ရေးအတွက် အနာဂတ်စီမံကိန်းများ ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် ခရီးသည်များ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် လုံခြုံရေးအစီအမံများ စနစ်တကျထားရှိဆောင်ရွက်ရန် သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ကျောင်းအုပ်ကြီး၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျောင်းသား၊ ကျောင်းသူအဆောင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မော်လိုက်မြို့နှစ်(၁၀၀)ပြည့်ပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပ

မော်လိုက် ဒီဇင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့၏ နှစ်(၁၀၀) ပြည့်ပွဲတော်ကို လေးရက်ကြာ မော်လိုက်မြို့ ခရိုင်ပြည်သူ့အားကစားကွင်း၌ ဒီဇင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရာပြည့်ပွဲတော်ကို စာပေဟောပြောပွဲများ၊ အားကစားပွဲတော်များ၊ ဇာတ်ပွဲသဘင်ပွဲများအပါအဝင် ဖျော်ပွဲရွှင်ပွဲများဖြင့် နှစ် (၁၀၀) ပြည့်ဖွင့်ပွဲနှင့် ပိတ်ပွဲကို စည်စည်ကားကားပြုလုပ်ပြီး ပွဲတော်လေးရက်တာကာလအတွင်း နိုင်ငံကျော် ဖိုးချစ်ဇာတ်သဘင်အဖွဲ့က ရွှေပွဲလာနည့်ပရိသတ်များအား ညစဉ်ကပြဖျော်ဖြေတင်ဆက်ကြသည့်အပြင် မော်လိုက်မြို့နှစ် (၁၀၀) ပြည့်အထိမ်းအမှတ်ပွဲအဖြစ် နိုင်ငံကျော်စာရေးဆရာ၊ စာရေးဆရာမကြီးများဖြစ်ကြသော ဆရာခြိမ့်သဲ၊ ဆရာနေဝင်းမြင့်နှင့် ဆရာမခင်ခင်ထူးတို့က စာပေကိစ္စများ ဟောပြောခဲ့ကြသည်။

မော်လိုက်မြို့သည် အင်္ဂလိပ်လက်ထက် ၁၉၁၆ ခုနှစ်က မြို့အဖြစ်တည်ထောင်ထားခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် မြို့တည်သက်တမ်း (၁၀၀)နှစ်ပြည့် ပြုလုပ်ဆင်နွှဲခြင်းဖြစ်သည်။ မော်လိုက်မြို့တွင် ရပ်ကွက်ကြီးနှစ်ခုဖြင့်ဖွဲ့စည်းထားရာ ယခုအချိန်တွင် အိမ်ထောင်စုပေါင်း ၅၀၀၀ ကျော်နေထိုင်လျက်ရှိသည်။ မော်လိုက်မြို့သည် အင်္ဂလိပ်ကိုလိုနီခေတ် အဆောက်အအုံများလည်း ယခုတိုင် မပျက်မယွင်းတည်ရှိနေသေးရာ နိုင်ငံရပ်ခြားမှ ခရီးသွားများနှင့် ပြည်တွင်းခရီးသွားများ လစဉ်မပြတ်လာရောက်လည်ပတ်လျက်ရှိကြကြောင်း သိရသည်။

ရာပြည့်ဖွင့်လှစ်ပွဲတွင် ကလေးတပ်နယ်မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်အောင်သူဦး၊ ကလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုး၊ ကလေးဝမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင်၊ မော်လိုက်ခရိုင်နှင့် မြို့နယ်အဆင့်အရာရှိများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ချင်းတွင်းသား

မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကျင်းပ

စေတုတ္တရာ ဒီဇင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး(၁) လွတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုဦးနှင့် တိုင်းဒေသကြီး(၂) လွတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းတို့က မူးယစ်ဆေးဝါးကြောင့် ပညာရေးထိခိုက်မှုများနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု လျော့နည်းရခြင်းများအကြောင်း ဟောပြောခဲ့သည်။

ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်ဇော်က မူးယစ်ဆေးဝါး၏ဆိုးကျိုးနှင့် ပြစ်မှုပြစ်ဒဏ်များ အကြောင်းကို ဟောပြောခဲ့ကြပြီး ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၀၀ ကျော်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဖိုးပြည်

ဗန်းမော် CSO Network အဖွဲ့နှင့် အလင်းဗန်းမော်ဒေသ ဘက်စုံဖွံ့ဖြိုးရေးအဖွဲ့တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ ဟောပြောပွဲ၊ ပြပွဲ အခမ်းအနားကျင်းပ

ဗန်းမော် ဒီဇင်ဘာ ၁၂

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ဗန်းမော် CSO Network အဖွဲ့နှင့် အလင်းဗန်းမော်ဒေသ ဘက်စုံဖွံ့ဖြိုးရေးအဖွဲ့တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ဟောပြောပွဲ၊ ပြပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ဗန်းမော်မြို့ ရောဘက်သာသနာဝင်းလိုင်းယွန်းခန်း၌ကျင်းပရာ အလင်းဗန်းမော်ဘက်စုံဖွံ့ဖြိုးရေးအဖွဲ့၏ ဒါရိုက်တာဦးဇော်ဂျာက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ကို လူအများသိရှိလာရန်၊ လူတိုင်းမိမိတို့၏ အခွင့်အရေးကိုသိရှိပြီး ကာကွယ်မြှင့်တင်နိုင်ခြင်း၊ အခြားသူများ၏ အခွင့်အရေးများကို လေးစားတန်ဖိုးထားခြင်းဖြင့် အေးချမ်းစွာ အတူတကွ နေထိုင်သွားကြရန်စသည့် ရည်ရွယ်ချက်ကို ထည့်သွင်းပြောကြားသည်။

အခမ်းအနားတွင် ဗန်းမော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ကချင်ငြိမ်းချမ်းရေးကွန်ရက်ညှိနှိုင်းရေးမှူး ဒေါ်ခေါ်ရှာက လူ့အခွင့်အရေးအကြောင်း ပညာပေးဟောပြောခြင်းကိုလည်းကောင်း၊ ဗန်းမော် CSO (အရပ်ဘက်လူမှုအဖွဲ့အစည်း) ကွန်ရက်တာဝန်ခံ ဦးစိန်ရွှေက အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းနှင့် ဗန်းမော်ခရိုင် လူမှုအဖွဲ့အစည်းများ၏ သဘောထားကြေညာချက်ထုတ်ပြန်ခြင်းအကြောင်းကိုလည်းကောင်း၊ ပန်းပျိုးလက် CSO အဖွဲ့တာဝန်ခံ ဒေါ်ခင်လေးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ယင်းနောက် နှစ်မိုင်နှစ်ခြင်းလူငယ်၊ ရှမ်းတိုင်းရင်းသူများ၊ လီဆူတိုင်းရင်းသူများ၊ ဗြေ့ အသင်းတော်မှလူငယ်များက တေးသီချင်းသရုပ်ဖော်အကများ ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

ပျဉ်းမနားမြို့၌ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၂

နေပြည်တော် ပျဉ်းမနားမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အခမ်းအနားအား ပျဉ်းမနားလူငယ်ကွန်ရက်အဖွဲ့မှ ဦးဆောင်၍ ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာခန်းမ၌ ဒီဇင်ဘာ ၁၀ ရက် ညနေ ၃ နာရီခွဲတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်တာက အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးများ၊ လူအခွင့်အရေးသမိုင်းကြောင်းနှင့် စတင်ခဲ့ပုံ၊ သွင်ပြင်လက္ခဏာများ၊ အနှစ်သာရများအား ရှင်းလင်းပြောကြားပြီးနောက် ပျဉ်းမနားမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးညီညီငယ်က လူအခွင့်အရေးအမြင်နှင့် လက်ရှိမြန်မာနိုင်ငံ၏ လူအခွင့်အရေးလမ်းကြောင်းအား သုံးသပ်သည်။

ယင်းနောက် ၂၀၁၆ ခုနှစ် လူအခွင့်အရေးစာတမ်းအား ပျဉ်းမနားလူငယ်ကွန်ရက်အဖွဲ့မှ ဦးမျိုးသူစိုးက ဖတ်ကြားပြီး လူအခွင့်အရေးပညာပေး ဗီဒီယိုများပြသပေးကာ တက်ရောက်လာသူများက သိလိုသည်များကို ဆွေးနွေးကြသည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပျဉ်းမနားလူငယ်ကွန်ရက်အဖွဲ့မှ အဖွဲ့ဝင်များနှင့် ပျဉ်းမနားမြို့နယ်အတွင်းရှိ ပြည်သူများ တက်ရောက်ကြသည်။

စိုးမိုး(ပြန်/ဆက်)

ဒုတိယဗဟို အထူးစီးပွားရေးဇုန်(မင်းဓမ္မ) စီမံကိန်း၌ ကြယ်ငါးပွင့် အဆင့်ရှိ Dusit Thani Yangon Hotel ထည့်သွင်းတည်ဆောက်မည်

ရန်ကုန် ဒီဇင်ဘာ ၁၂

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပိုင်မြေဖြစ်သည့် တော်ဝင်လမ်းနှင့် မင်းဓမ္မလမ်းအကြား ရှိ အကျယ် ၃၆ ဒသမ ၅၅၁ ဧကရှိသော ဒုတိယ ဗဟိုစီးပွားရေးဇုန်(မင်းဓမ္မ)စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ထိုအထဲ၌ ကိုရီးယားဗိသုကာပညာဖြင့် ကြယ်ငါးပွင့်အဆင့်ရှိ Dusit Thani Yangon Hotel တစ်လုံးကို ထည့်သွင်း တည်ဆောက်နေပြီဖြစ်ကြောင်း ဒုတိယ ဗဟို အထူးစီးပွားရေးဇုန်(မင်းဓမ္မ)စီမံကိန်း ဖော်ဆောင် နေသည့် Myanmar V -Pile Group of Companies နှင့် Dusit International Group မှ သိရသည်။

အဆိုပါ ဒုတိယဗဟိုစီးပွားရေးဇုန်(မင်းဓမ္မ) စီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် Myanmar V - Pile Group of Companies မှ ၂၀၁၆ ခုနှစ် နှစ်စပိုင်းတွင် စတင် တည်ဆောက်နေခြင်းဖြစ်ပြီး စီမံကိန်းမြေနေရာမှာ ရန်ကုန်မြို့၏ အချက်အချာကျသောနေရာတွင် တည်ရှိကာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ရန်ကုန်မြို့လယ်တို့ကိုပါ ဆက်သွယ်သွားလာရ လွယ်ကူသောနေရာလည်းဖြစ်သည်။ စီမံကိန်း၏ ပထမလုပ်ကွက်အတွက် လူဦးရေ ၄၀၀၀ ကျော် ဆံ့သော နိုင်ငံတကာအဆင့်ရှိကွန်ဗင်းရှင်းစင်တာကြီး ကိုတည်ဆောက်လျက်ရှိရာ ယခုအခါတွင် ပထမ အဆင့်အနေဖြင့် ကွန်ဗင်းရှင်းစင်တာကြီးနှင့်တွဲဖက်၍ Dusit Thani Yangon Hotel စီမံကိန်း တည်ဆောက်နေခြင်းဖြစ်သည်။

အသစ်တည်ဆောက်နေသည့်အဆိုပါ ကြယ်ငါးပွင့် အဆင့်ရှိ Dusit Thani Yangon Hotel ကို ကိုရီးယားနိုင်ငံ ဗိသုကာဒီဇိုင်းဖြင့် တည်ဆောက် နေခြင်းဖြစ်ပြီး ထိုင်းနိုင်ငံအခြေပြု ဟိုတယ်လုပ်ငန်းစု Dusit International Group ၏ ဟိုတယ်စီမံခန့်ခွဲမှု အစီအမံများဖြင့်လည်း တည်ဆောက်နေခြင်းဖြစ် သည်။ ကြယ်ငါးပွင့်အဆင့်ရှိ Dusit Thani Yangon Hotel ကြီးအတွင်း အခန်းပေါင်း ၃၃၈ ခန်းပါဝင်မည် ဖြစ်ပြီး Ballroom Function and Meeting Room များ၊ စားသောက်ဆိုင်များ၊ ယာဉ်ရပ်နားရန် ကားပါကင်နေရာများနှင့် အခြားကြယ်ငါးပွင့်အဆင့်မီ ဝန်ဆောင်မှုများ ပါဝင်မည်ဖြစ်သည်။ ထပ်မံ၍ ဒုတိယလုပ်ကွက်တွင်လည်း နုံးခန်းအဆောက်အအုံ လေးလုံး၊ Service Appartments အဆောက်အအုံ ခုနစ်လုံး၊ ရုပ်ရှင်ရုံများ၊ စားသောက်ဆိုင်များ၊ အီလက်ထရွန်နစ်နှင့်ကုန်သွယ်ရေး စင်တာများနှင့် ငါးထပ်ပါရှိသော စျေးဝယ်စင်တာများအစရှိသည့် ဒုတိယဗဟိုစီးပွားရေးဇုန်(မင်းဓမ္မ)နှင့် သက်ဆိုင်သည့် စီးပွားရေးအဆောက်အအုံများ ပါဝင်မည်ဖြစ်ပြီး ကွန်ဗင်းရှင်းစင်တာအသစ်ကိုလည်း ထည့်သွင်း တည်ဆောက်သွားမည်ဖြစ်ကာ ရန်ကုန်မြို့တွင် ပထမဦးဆုံးသော Integrated Mixed Development အဖြစ်စတင် အကောင် အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းကြီးတစ်ခုလည်း ဖြစ်သည်။

"မြန်မာနိုင်ငံရဲ့ ပွင့်လင်းမြင်သာလာပြီဖြစ်တဲ့ နိုင်ငံရေး၊ စီးပွားရေးအပေါ် အခြေခံပြီး နိုင်ငံခြား ခရီးသွားတွေဟာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမို ဝင်ရောက်လာတာတွေ့ရပါတယ်။ အခု တည်ဆောက် သွားမယ့် ကြယ်ငါးပွင့်အဆင့်ရှိ Dusit ဟိုတယ် ကလည်း နိုင်ငံတကာအဆင့်မီ တည်ဆောက်မှာ ဖြစ်တာမို့ နိုင်ငံခြားသားခရီးသွားဧည့်သည်တွေ ကိုပါ အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်လိမ့်မယ် လို့ယုံကြည်ပါတယ်။ ဒဲ့အပြင် လူဦးရေ လေးထောင် ကျော်ဆံ့တဲ့ နိုင်ငံတကာအဆင့်မီ MCC ခန်းမကြီးကို လည်း တည်ဆောက်လျက်ရှိနေပါပြီ။ ဒီအထူး စီးပွားရေးဇုန်ကြီးမှာ အခြားအဆောက်အအုံများ လည်း ပါဝင်မှာဖြစ်ပြီး ဟိုတယ်ကြီးကိုတော့ လာမယ့် ၂၀၂၀ ခုနှစ်မှာ ဖွင့်လှစ်မှာဖြစ်တာကြောင့် အကောင်း ဆုံးဝန်ဆောင်မှုပေးနိုင်အောင် စီစဉ်ထားပါတယ်" ဟု Myanmar V- Pile Group of Companies မှ ဒါရိုက်တာ ဒေါ်သင်းသင်းဟန်က ပြောသည်။

ရန်ကုန်မြို့သို့ နိုင်ငံခြားသားခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က ဝင်ရောက် လူဦးရေ ၁ ဒသမ ၃ သန်းခန့်ရှိပြီး နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့်တိုးတက်လျက်ရှိကြောင်း သိရသည်။ လာမည့် ၂၀၂၀ ခုနှစ်၌ ဝင်ရောက်လာကြမည့် နိုင်ငံတကာခရီးသွားဧည့်သည်မှာ ၇ ဒသမ ၄ သန်း အထိ မြင့်တက်လာမည်ဟု ထိုင်းနိုင်ငံအခြေစိုက် ဟိုတယ်စီမံခန့်ခွဲမှုဆိုင်ရာ Dusit International Group မှ ခန့်မှန်းထားရာ ယခုအသစ်တည်ဆောက် သွားမည့် ဟိုတယ်ကြီး၌ ပြည်ပခရီးသွားဧည့်သည် များအား အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်မည်ဖြစ် ကြောင်း ဒုတိယဗဟိုအထူးစီးပွားရေးဇုန်(မင်းဓမ္မ) စီမံကိန်းလုပ်ငန်းခွင်မှသိရသည်။ **(နိုးဝင်း-MLA)**

ဝါးခယ်မ၌အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး

ဝါးခယ်မ ဒီဇင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် မိခင်နှင့် ကလေးကျန်း မာရေးဌာနက မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများ အား ကျန်းမာရေးနှင့်ပတ်သက်၍ အသိပညာဗဟုသုတ ပြည့်စုံစေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက် ရှိရာ ဒီဇင်ဘာ ၉ ရက် နံနက် ၁၀ နာရီက စာရေးကုန်းရပ်ကွက် တိုးချဲ့ ၇ လမ်း အောင်သိဒ္ဓိ ဓမ္မရိပ်သာ၌ စာရေးကုန်းရပ်ကွက်အတွင်းမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ မြို့နယ်သူနာပြုအဆင့် (၁) ဒေါ်တင်နီလာဝင်း၊ အမျိုးသမီးကျန်းမာရေး ဆရာမ ဒေါ်ခင်ဝါဝါလှိုင်တို့က မိခင်နှင့် ကလေးသေနှုန်းကျဆင်းရေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါများနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ ရပ်ကွက်အတွင်းမှ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်ငါးနှစ်အောက် ကလေးငယ်များ အပါ အဝင် ဆေးကုသမှုခံယူသော ဒေသခံပြည်သူများ၏ သိလိုသည်များအား ရှင်းလင်းဆွေးနွေးပေးပြီး အခမဲ့ဆေးကုသမှု ဆောင်ရွက်ပေးခဲ့ကြောင်း သိ ရသည်။ **လွမ်းသီဟ (ဝါးခယ်မ)**

မီးဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်

ဖားဆောင်း ဒီဇင်ဘာ ၁၂

ကယားပြည်နယ် ဘေလခဲခရိုင် ဖားဆောင်းမြို့နယ် မီးသတ်တပ်ဖွဲ့မှ ကျင်းပ သည့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုအား ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲက ဖားဆောင်းမြို့နယ် မြောက်ပိုင်းရပ်ကွက် ရှိ ဘေလုံးကွင်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်၊ မြို့ နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းအောင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက် မီးသတ်ဦးစီးမှူး ဦးအောင်ရဲကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက် ကြသည်။

အခမ်းအနားတွင် လက်ထောက်မီးသတ်ဦးစီးမှူး ဦးအောင်ရဲကျော်က မီးလောင်မှုဖြစ်ပွားလျှင် တည်တည်ငြိမ်ငြိမ်ဖြင့် ထိန်းချုပ်ကိုင်တွယ်ဆောင်ရွက် နိုင်ရေးနှင့် မီးသတ်ဆေးဘူးအမျိုးအစားများအလိုက် ကိုင်တွယ်သုံးစွဲရန် အချက် များ၊ သတိပြုရမည့်အချက်များနှင့် ပက်ဖျန်းပုံအဆင့်ဆင့်ကို အသေးစိတ် ရှင်း လင်းကာ လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့သည်။

ထို့နောက် ဖားဆောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှုအား ငြိမ်းသတ်ပုံအဆင့်ဆင့်ကို ဇာတ်တိုက်သရုပ်ပြ ဆောင်ရွက်ခဲ့ရာ တက်ရောက်လာသူများက ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **ကိုနိုင်း (လွှိုင်ကော်)**

ဂေဟာစနစ် မပျက်ယွင်းစေဖို့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့

တိုက်ကြီးမြို့နယ်၌ ပျက်စီးသွားသော ချဉ်းကပ်လမ်းအား ပြုပြင်ပေးစေလို

တိုက်ကြီး ဒီဇင်ဘာ ၁၂

တိုက်ကြီးမြို့နယ် မင်းလှဝကျေးရွာ ရေပေါ်သောင်တံတား အကြီးစားပြင်ဆင်မှုလုပ်ငန်း များ ဆောင်ရွက်ခြင်းကြောင့် ဒေသခံများ အသုံးပြုလျက်ရှိသော ချဉ်းကပ်လမ်း ပျက် စီးသွားသဖြင့် ပြန်လည်ပြုပြင်ပေးရန်လိုအပ် လျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

ယခုနှစ်ရေကြီးရေလျှံဖြစ်၍ တံတားဆက် သွယ်သော မြေသားလမ်းများ ရေကျော်ခြင်း၊ ရေတိုက်စားခြင်းဖြစ်သဖြင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ အကြီးစားပြုပြင်ခြင်းလုပ်ငန်း များ ဆောင်ရွက်ပြီးစီးသော်လည်း ချဉ်းကပ် လမ်း ပြန်လည်ပြုပြင်ဆောင်ရွက်ပေးခြင်း မရှိကြောင်း သိရသည်။

"တံတားချဉ်းကပ်လမ်း ဆောင်ရွက်မပေး တော့ ဒေသခံတွေ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ရတာ သွားလာရေးအတွက် အဆင်မပြေဘူး။ ကျောင်းသား၊ ကျောင်း သူတွေဆိုရင်လည်း ကျောင်းသွားတက်ရတာ သွားလာရေးအဆင်မပြေဘူး။ လယ်သမား တွေလည်း သယ်ယူစရိတ်က စပါးတစ်တင်း ကျပ် ၃၀၀ ကုန်မှ လမ်းပေါ်ရောက်တယ်။ ချဉ်း ကပ်လမ်းမရှိတော့ စက်ဘီး၊ ဆိုင်ကယ်လည်း စီးရတာအဆင်မပြေဘူးပဲ့ဗျာ" ဟု ဒေသခံ တစ်ဦးက ပြောပြပါသည်။

မင်းလှဝကျေးကျေးအုပ်စုသည် ရွာခွဲ ကိုး ရွာ လူဦးရေ ၂၄၀၀ ကျော်ရှိ၍ ရေပေါ် သောင်တံတားပေါ်တက် ချဉ်းကပ်လမ်းပြု လုပ်ပေးရန် ဒေသခံများ မျှော်လင့်လျက်ရှိ ကြောင်း သိရသည်။ **ထွန်းလှိုင် (မြိုင်)**

အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဝါးအခြေခံ လက်မှုသင်တန်းဖွင့်

သရက် ဒီဇင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် မကျီးရုံ ကျေးရွာတွင် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနေ ပြည်သူများ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုစေရန် ရည်ရွယ်၍ ဖွင့်လှစ် သည့် အသက်မွေးဝမ်းကျောင်း အထောက် အကူပြု ဝါးအခြေခံသင်တန်းကို ဒီဇင်ဘာ ၉ ရက် မွန်းလွဲပိုင်းက ကျေးရွာဘုန်းတော်ကြီးကျောင်း တွင် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးအောင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ် ဦးစီးမှူး ဦးသိန်းဇော်ထွန်းက မိမိဌာနအနေဖြင့် ကျေးရွာနေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်စေရန် ရည်ရွယ်၍ အသက်မွေး ဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်ပေး ရခြင်းကို ပြောကြားသည်။

ထို့နောက် သင်တန်းဆရာများက ဆန်ခါ၊ ဆန်ကော၊ တောင်း၊ အုပ်ဆောင်းနှင့် ဝါးနှင့် ပြုလုပ်သည့် လူသုံးကုန်ပစ္စည်းများ လုပ်ကိုင် တတ်စေရန် သင်ကြားပို့ချပေးခဲ့ရာ အဆိုပါ သင်တန်းသို့ ကျေးရွာ ၁၀ ရွာမှ သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြသည်။ သင်တန်းကာလ မှာ ၁၅ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးသွား မည်ဖြစ်ကြောင်း သိရသည်။

စော်ထက်(သရက်)

❖

မြောက်ဦးမြို့၌မီးငြိမ်းသတ်စွမ်းရည်လေ့ကျင့်

မြောက်ဦး ဒီဇင်ဘာ ၁၂

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်မီးသတ်ဦးစီး ဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်စွမ်းရည်လေ့ကျင့် ဆောင်ရွက်မှုကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၈ နာရီက မြောက်ဦး မြို့ ညောင်ပင်စျေးရပ်ကွက် မြို့နယ်မီးသတ်ဦးစီးဌာနရုံးဝင်း အတွင်း၌ လေ့ကျင့်ပြုလုပ်ခဲ့သည်။

အဆိုပါမီးငြိမ်းသတ်စွမ်းရည် လေ့ကျင့်ဆောင်ရွက်မှုတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးစံထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ရေးနှင့် မီးသတ်ဆေးဘူးများအသုံးပြုပုံ၊ အမြှုပ် ဆေးရည်ဖြင့် မီးငြိမ်းသတ်ပုံတို့ကို လေ့ကျင့်ဆောင်ရွက်ခဲ့သည်။

မိဘပြည်သူများ မီးကိုသတိရှိကြစေရန် တစ်အိမ်တက် ဆင်း မီးစစ်ဆေးအကြံပြုခြင်း၊ အသံချဲ့စက်ဖြင့်လှည့်လည် ၍ မီးသတိပေးနှိုးဆော်ခြင်း၊ မီးလောင်မှုဖြစ်ပွားပါက မြန်မြန် ငြိမ်းသတ်နိုင်ရန် မီးငြိမ်းသတ်ရေးစွမ်းရည်၊ ရှာဖွေကယ် ဆယ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်များကို မီးသတ် တပ်ဖွဲ့ဝင်များအား အပတ်စဉ်စနေနေ့တိုင်း လေ့ကျင့်ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်

ဆင်ပေါင်ဝဲမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာ၌ ဆိုင်ကယ်မောင်းလိုင်စင်များပြုလုပ်ပေး

ဆင်ပေါင်ဝဲ ဒီဇင်ဘာ၁၂

သရက်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာန ဒုတိယဦးစီးမှူးဦးအောင်ပိုင်ဦးနှင့် အဖွဲ့သည် ဆင်ပေါင်ဝဲမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ မော်တော်ဆိုင်ကယ်မောင်း လိုင်စင်ရရှိရေးအတွက် လျှောက်ထားသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဆွေးနွေးဟောပြောခြင်းနှင့် မော်တော်ဆိုင်ကယ် ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ပေးခြင်းတို့ကို ဆင်ပေါင်ဝဲမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁နာရီ အထိ ဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်တွင်းရှိ လူဦးရေ ၆၇ ဦးအား ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ဦးပိန်တံတားသို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုများပြားပြီး ဌက်လေ့အဌားလိုက်သူများအဆင်ပြေ

မန္တလေး ဒီဇင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ကမ္ဘာကျော် ဦးပိန်တံတားနှင့် တောင်သမန်အင်းသို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်မှုများပြားလျက်ရှိသောကြောင့် ဌက်လေ့အဌားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

"ကမ္ဘာလှည့်ခရီးသွားတွေ လာရောက်မှုများတော့ ကျွန်တော်တို့ဌက်လေ့သမားတွေရော၊ ဒီတံတားကို အမှီပြုရောင်းချနေသော စျေးဆိုင်တွေရောအဆင်ပြေပါတယ်။ ဌက်လေ့ဌားတာက ခရီးသွားအေဂျင်စီတွေနဲ့ချိတ်ဆက်ပြီး လေ့တစ်စင်းကို ငွေကျပ် ၁၅၀၀၀ နဲ့ အပြတ်ငှားကြတယ်။ ပုံမှန်အားဖြင့်တော့ ကမ္ဘာလှည့်ခရီးသွားတစ်ဦး ငွေကျပ် ၁၀၀၀၀၊ ပြည်တွင်းခရီးသွားတစ်ဦးကို ငွေကျပ် ၅၀၀၀ ပါ။ ဒါပေမယ့် ခရီးသွားအေဂျင်စီတွေက တစ်ခါငှားရင် အစင်း၂၀၊ ၃၀ အပြတ်ငှားတာ။ သုံးနာရီကျော်လောက်ဆို အင်းအတွင်းလှည့်လည်ပို့ဆောင်ပေးနေရပြီး လေ့တစ်စင်းကို ခရီးသွားနှစ်ဦးတင်သလို လေးဦးလည်းတင်ပေးရတယ်။ တောင်သမန်အင်းမှာ ဌက်လေ့အဌားလိုက်သူ လေ့အစင်း ၇၀ လောက်ရှိတယ်" ဟု တောင်သမန်အင်း၌ ဌက်လေ့အဌားလိုက်သူတစ်ဦးက ပြောသည်။

"အခုရက် ညနေပိုင်းဆိုရင် ခရီးသွားအေဂျင်စီတွေနဲ့ ချိတ်ဆက်ပြီး ငှားရမ်းတာများတော့ ဒီရောက်မှငှားတဲ့ ခရီးသွားတွေက မရတာများတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။ ညနေပိုင်းနေဝင်ဆည်းဆာချိန် တံတားပေါ်တွင် လာရောက်လည်ပတ်သူများ၊ အင်းအတွင်းတွင် လှေစီးသူများဖြင့်စည်ကားနေ၍ ဌက်လေ့အဌားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သန်းစော်မင်း(ပြန်/ဆက်)

မင်းဘူး(စကု)မြို့နယ်တွင် ဆင်းသုခမိုးစပါး စံကွက်ရိတ်သိမ်းပွဲကျင်းပ

မင်းဘူး ဒီဇင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် တစ်ဧကအထွက်နှုန်းသိရှိနိုင်ရန်အတွက် မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို ဒီဇင်ဘာ ၉ ရက်က ဥယျာဉ်ဇင်ကျေးရွာအုပ်စု ကွင်းအမှတ်- ၁၁၉၂ တောင်သူဦးစီးမြင့်၏လယ်မြေတွင် ဆင်းသုခမိုးစပါး စံကွက်အရွယ်အစား ၆ ဒသမ ၆ ပေအား ရိတ်သိမ်းခြွေလှေကြရာ ပျမ်းမျှအစိုအထွက် ၉၇ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

"တောင်သူများ လက်ရှိစိုက်ပျိုးနေသော နည်းစနစ်ဖြင့် စပါးသီးနှံအမှန်အထွက်နှုန်းကိုရရှိစေရန်၊ မြို့နယ်အတွင်းရှိ တောင်သူများ၏ လက်ရှိအထွက်နှုန်းကိုမူတည်၍ မျိုးကွဲအလိုက် အထွက်နှုန်းရရှိနိုင်မှု ခန့်မှန်းတွက်ချက်ရန်နှင့် ဒေသဝမ်းစာဖူလုံမှု ခန့်မှန်းတွက်ချက်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း" မင်းဘူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသိန်းနိုင်ဝင်းက ပြောကြားသည်။

အဆိုပါ ရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီးနှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးမှူးများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ် စိုက်ပျိုးကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် ကျေးရွာဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မိုးမြည့်

ရေတာရှည်တွင် မာရသွန်ပြိုင်ပွဲကျင်းပ

ရေတာရှည် ဒီဇင်ဘာ ၁၂

တောင်ငူခရိုင် ရေတာရှည်မြို့နယ်တွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော် ဦးဆောင်သော မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ပြည်သူများ အားကစားကို စိတ်ပါဝင်စားစေရန်ရည်ရွယ်၍ မာရသွန်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၆ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် လူငယ်အမျိုးသားများကို ဆွဲမြို့မအားကစားကွင်းမှ ရေတာရှည်မြို့မ အားကစားကွင်းအထိ ၁၀ မိုင်ခန့် သတ်မှတ်ပြီး သက်ကြီးနှင့် အမျိုးသမီးများကို ကုန်းကြီးကျေးရွာလမ်းဆုံမှ မြို့မအားကစားကွင်းအထိ ၈ မိုင်ခန့် သတ်မှတ်ကာ နှစ်ဖွဲ့ခွဲ၍ကျင်းပခဲ့ကြောင်း သိရသည်။ **ရေတာရှည်(ပြန်/ဆက်)**

စာဖတ်သည့်အလေ့အထရရှိစေရန် ပဲခူးမြို့ကလျာဏီရပ်ကွက်၌ နန်းဦးစာကြည့်တိုက်ဖွင့်

ပဲခူး ဒီဇင်ဘာ ၁၂

ပြည်သူများ စာပေနှင့်လက်လှမ်းတမီရှိနေစေရန်၊ အသိပညာ၊ ဗဟုသုတ တိုးပွားလာစေရန်၊ စာဖတ်သည့်အလေ့အထရရှိစေရန် ရည်ရွယ်၍ နန်းဦးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက် ရှေ့၌ ကျင်းပခဲ့သည်။ စာကြည့်တိုက်အား ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းဇံ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးလှမိုး၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်လှလှဌေးက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့်ပတ်သက်၍လည်းကောင်း၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က စာကြည့်တိုက်ဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီးစာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်စာစောင်များကိုစာကြည့်တိုက်ကော်မတီထံပေးအပ်လှူဒါန်းခဲ့သည်။ စာကြည့်တိုက်အဆောက်အအုံသည် အလျား ပေ ၃၀၊ အနံ ပေ ၂၀၊ အမြင့် ၁၄ ပေရှိ တစ်ထပ်အုတ်ညပ် အဆောက်အအုံဖြစ်ပြီး အများပြည်သူထည့်ဝင်ငွေကျပ် ၆၃သိန်းဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကုန်ထုတ်လမ်းပိုင်းမှပြိုကျပျက်စီးသွားသောတံတားအား ယာယီတည်ဆောက်နိုင်ရေးကွင်းဆင်းဆောင်ရွက်

ကျောက်တံခါး ဒီဇင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ရှိ ကျေးလက်ကုန်ထုတ်လမ်းပိုင်းတစ်ခုဖြစ်သော ကျောက်တံခါး-ဖြူးစု-အုတ်ပုံ-အင်းပတ်လည်မှ အမြန်လမ်းအထိ ဆက်သွယ်ဖောက်လုပ်ထားသော လမ်းအရှည် ၈ မိုင် ၇ ဖာလုံ၊ လမ်းအကျယ် ၁၄ ပေ ဂဝံလမ်းသည် နိုဝင်ဘာ ၂၆ ရက်က အင်းပတ်လည် ကျေးရွာအနီး ၅ မိုင် ၇ ဖာလုံရှိ တံတားအရှည်ပေ ၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ခြောက်ပေ အောက်ခံအုတ်ခုံ အပေါ်ပိုင်းသစ်သားတံတားမှာ ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားပြိုကျပျက်စီးခဲ့သည့်အတွက် ဒီဇင်ဘာ ၇ ရက်က တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်နှင့်အဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများ ကုန်စည်ပို့ဆောင်ရေးနှင့် အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ယာယီတံတားအား အမြန်ဆုံးတည်ဆောက်ပေးနိုင်ရန် ပြောကြားခဲ့ကြောင်း သိရသည်။

ယခုအခါ ဒေသခံပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရန်အတွက် ကျောက်တံခါးမြို့နယ် ကျေးလက်ဦးစီးမှူးနှင့် အင်းပတ်လည်ကျေးရွာအုပ်စု၊ ဖြူးစုကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးမှူးများ၊ လမ်းကော်မတီဝင်များ၊ ပြည်သူများပူးပေါင်းကာ ယာယီတံတားအား အမြန်ဆုံးတည်ဆောက်နိုင်ရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

ခင်ကိုဝ(ကျောက်တံခါး)

အခြေခံပညာကျောင်းများတွင် ပညာပေးဟောပြောပွဲများပြုလုပ်

ကော့သောင်း ဒီဇင်ဘာ ၁၂

ကော့သောင်းမြို့နယ် မီးသတ်ဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့ ပူးပေါင်းကာ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများအား အသိပညာများ တိုးပွားစေရေးအတွက် ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ အထက(၂) ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သဘာဝဘေးအန္တရာယ်များကျရောက်ပါက ကြိုတင်ကာကွယ်နိုင်မည့်နည်းလမ်းများ၊ ရှောင်တိမ်းနိုင်မည့်နည်းလမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ကျောင်းမုန့်ဈေးတန်းများတွင် ရောင်းချသည့်အစားအသောက်များရှိ ဆိုးဆေး ဘေးအန္တရာယ်ကင်းရှင်းရေး၊ အလှကုန်ပစ္စည်းများနှင့် ဓာတုပေဒဆေးဝါးများ အန္တရာယ်အကြောင်း သိကောင်းစရာများ၊ မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကျရောက်ပါက ကျောင်းသား ကျောင်းသူများ စိုးရိမ်ထိတ်လန့်မှုကင်းစွာ ကြိုတင်မီးငြိမ်းသတ်နိုင်မည့်နည်းလမ်းများ၊ မီးသတ်ဆေးဘူးအသုံးပြုမှု အခြေခံနည်းလမ်းများအား အသီးသီး အသိပညာပေးဟောပြောကြပြီး ဌာနအလိုက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေး ဩဝါဒခံယူ

ရန်ကုန် ဒီဇင်ဘာ ၁၂
ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ဆုတောင်းပြည့်အောင်မြေသာယာရွှေစေတီတော်ကြီးအား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေး၊ အရှေ့ဘက်မုခ်ဦးပြန်လည်တည်ဆောက်ရေး ဩဝါဒခံယူပွဲကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက စေတီတော်ဝင်းအတွင်းရှိ အောင်ဖုန်းပွင့် သိမ်တော်ကြီး၌ ကျင်းပခဲ့သည်။

အဆိုပါ ဩဝါဒခံယူပွဲသို့ မြို့နယ်သံဃနာယက ဆရာတော်များနှင့် စေတီတော်ဩဝါဒါစရိယ ဆရာတော်များ ကြွရောက်တော်မူပြီး ဂေါပကဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

၃၂၉

လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဝန်ထမ်းများနှင့် မီးလင်းရေးကော်မတီဝင်များအား ပညာပေးဟောပြော

အထက်မင်းလှ ဒီဇင်ဘာ ၁၂
သရက်ခရိုင် မင်းလှမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ရုံးခန်းမ၌ ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီခွဲက လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဝန်ထမ်းများနှင့် ကျေးရွာမီးလင်းရေးကော်မတီဝင်များအား အသိပညာပေးဟောပြောပွဲကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအင်ဂျင်နီယာ ဦးလင်းအောင်က မြို့နယ်လျှပ်စစ်ရုံးရှိ ဝန်ထမ်းများ၊ က.စ.စ (၁၇) မလွန်နှင့် ကျေးရွာကိုးရွာမှ မီးလင်းရေးကော်မတီဝင်များအားလျှပ်စစ်ဓာတ်အား မပြတ်တောက်စေရေး၊ ရေရှည်တည်တံ့အောင်ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်စေနိုင်သော အကြောင်းအရင်းများနှင့် ဖြေရှင်းဆောင်ရွက်ရမည့်နည်းလမ်းကိုရှင်းလင်းပြောကြားခဲ့ပြီး၊ ဆောင်ရန်- ရှောင်ရန်အချက်များပါရှိသည့် လက်ကမ်းစာစောင်များကိုကျေးရွာမီးလင်းရေးကော်မတီဝင်များအား ကျေးရွာနေပြည်သူများ သိရှိနိုင်စေရေးအတွက် ဖြန့်ဝေရန်ပေးအပ်ခဲ့ပြီး၊ ကျေးရွာမီးလင်းရေကော်မတီဝင်များက မိမိတို့သိရှိလိုသည်များကို မေးမြန်း၍ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအင်ဂျင်နီယာက ဖြေကြားခဲ့ကြောင်း သိရသည်။ **ကိုသက်(အထက်မင်းလှ)**

လမ်းပိတ်ဆို့ရပ်ခြင်းရှင်းလင်းဖယ်ရှားပေးစေလို

ကလေး၀ ဒီဇင်ဘာ ၁၂
စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေး၀မြို့ စက်လေ့ဆိပ်ကမ်းအနီး အမှတ် (၃) အခြေခံပညာမူလတန်းလွန်ကျောင်းသို့သွားရာလမ်း၊ ချင်းတွင်းရပ်လမ်းနှင့် အောင်သပြေလမ်းမကြီးတို့ဆုံရာ လမ်းဆုံတွင် ကလေး၀မြို့နယ်အတွင်း ပြေးဆွဲလျက်ရှိသော လိုင်းစက်လေ့များ ဆိုက်ကပ်ချိန် နံနက် ၉ နာရီနှင့် ချင်းတွင်းမြစ်အတွင်း ပြေးဆွဲနေသော ခရီးသည်တင်အမြန်ရေယာဉ်များ ဆိုက်ကပ်ချိန် ညနေပိုင်းတို့တွင် ကလေး-ကလေး၀ပြေးဆွဲနေသော သုံးဘီးဆိုက်တွဲယာဉ်နှင့် ကားဂိတ်အသီးသီးမှ ကားများနေရာယူ၍ စည်းကမ်းမဲ့လမ်းပိတ်ရပ်ကာ ခရီးသည်လုတင်နေသဖြင့် ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူအများက ယာဉ်အန္တရာယ်စိုးရိမ်ရခြင်း၊ လမ်းပိတ်ဆို့ခြင်းတို့အတွက် စည်းကမ်းတကျဖြစ်အောင် ရှင်းလင်းဖယ်ရှားပေးနိုင်ရေး သက်ဆိုင်ရာဌာနမှ အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ပါရန် လိုလားနေကြကြောင်း သိရသည်။

ချင်းတွင်းသား

နွေစပါးနှင့် အခြားသီးနှံစိုက်ပျိုးရာတွင် ဆည်ရေပေးဝေမည့် အခြေအနေကို တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

ခင်ဦး ဒီဇင်ဘာ ၁၂
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် သဖန်းဆိပ်ရေလှောင်တမံမှ ပေးဝေလျက်ရှိသော ကင်းတပ်လက်ဝဲတူးမြောင်းနှင့် ရွှေဘိုမြောင်းမတော်အတွင်းရှိ နွေစပါးနှင့် အခြားသီးနှံစိုက်ပျိုးရာတွင် ဆည်ရေပေးဝေမည့်အခြေအနေကို တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးဦးစိုးအောင်က နွေစပါးနှင့် အခြားသီးနှံစိုက်ပျိုးရန်ကြိုတင် မြေပြုပြင်ရမည့်ကိစ္စရပ်များ၊ စိုက်ပျိုးမည့် သီးနှံမျိုးနှင့် စိုက်နည်းစနစ်များ၊ ပိုးမွှားရောဂါ ကာကွယ်နည်း အကြောင်းကိုလည်းကောင်း၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးအရာရှိ ဦးအောင်သူရိန်မော်က ရေပေးဝေမည့်အခြေအနေနှင့် မြောင်းပြုပြင်မည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဒေါ်အေးအေးခိုင်က စိုက်ပျိုးစရိတ်ချေးငွေအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

၂၀၁၆-၂၀၁၇ ခုနှစ် နွေစပါးနှင့် အခြားသီးနှံစိုက်ပျိုးရာတွင် တောင်သူအများစုဆန္ဒအရ စိုက်ပျိုးမည့် သီးနှံပေါ်မူတည်ပြီး မြောင်းလက်တံအလိုက် ရေပေးဝေသွားမည်ဖြစ်ကြောင်း၊ နွေသီးနှံကို ယခင်ကစီမံကိန်းအရ စိုက်ပျိုးရမည်မဟုတ်ဘဲ စိုက်ပျိုးမည့် တောင်သူများ၏ သီးနှံစိုက်ပျိုးမည့် ဆန္ဒသဘောထားရယူရန်အတွက် ခင်ဦးမြို့၊ မဒေါင်းလှကျေးရွာ၊ ငွေးကုန်းကျေးရွာ၊ မြင်းဒေါင်းကျေးရွာနှင့် လက်ပံလှကျေးရွာတို့တွင် သွားရောက်ပြီး တောင်သူများနှင့်တွေ့ဆုံဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးအရာရှိက ပြောသည်။ **(ခင်ဦးစိုးဝေ)**

သားအိမ်ခေါင်းကင်ဆာကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ခြင်းအသိပညာပေးဟောပြောပွဲပြုလုပ်

ရပ်စောက် ဒီဇင်ဘာ ၁၂
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် Medical Care Development International (MCDI) တို့မှ ပူးပေါင်းဆောင်ရွက်သော သားအိမ်ခေါင်း ကင်ဆာကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ခြင်း အသိပညာပေးဟောပြောပွဲကို ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့ ပြည်သူ့ဆေးရုံတိုးချဲ့ လူနာဆောင်အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ပထမပတ်က ပြုလုပ်ခဲ့သည်။

ယင်းနောက် သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာမြသီတာက Cervical Cancer Screening နှင့်ပတ်သက်၍ သားအိမ်ခေါင်းကင်ဆာသည် ဒုတိယအဖြစ်အများဆုံးနှင့် အသေအပျောက်အများဆုံး ကင်ဆာဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရမြန်မာအမျိုးသမီးများတွင် နှစ်စဉ် ၅၂၈၆ ဦး ဖြစ် ပွားပြီး ၂၉၉၈ ဦး သေဆုံးသည်ဟု ခန့်မှန်း ထားရှိရကြောင်း ဟောပြောခဲ့သည်။

ယင်းအပြင် ကုသရန်ခက်ခဲ၍ သေစေနိုင်သော်လည်း ကာကွယ်၍ရသော ကင်ဆာဖြစ်ပါကြောင်း၊ အိမ်ထောင်နှင့် ဆက်ဆံရာမှကူးစက်သောရောဂါဖြစ်ပြီး ကြွက်နို့ပိုးကူးစက်ရာမှစတင်ကာ ရောဂါလက္ခဏာမပေါ် ဘဲဖြစ်လိုက်၊ ပျောက်လိုက်ဖြစ်နေရာမှ မပျောက်တော့ဘဲသားအိမ်ခေါင်းတွင် ကြွက်နို့ပိုး အမြဲရှိနေပါက ကင်ဆာအဖြစ်သို့ ဦးတည်သောပြောင်းလဲမှုများဖြစ်ပေါ် လာနိုင်ပါကြောင်း၊ ကိုယ်ခံအားမကောင်းသူများ၊ HIV ပိုးရှိသူများ၊ ဆေးလိပ်သောက်သောသူများတွင် ကင်ဆာရောဂါသို့ အပြောင်းမြန်တတ်ကြောင်းနှင့် အမျိုးသမီးများ အနေဖြင့် အသက် ၃၀ မှစတင်စစ်ဆေးသင့်ပြီး အိမ်ထောင်ကျပြီးပါက ကင်ဆာမဖြစ်ခင် အဆင့်ကို သိရှိနိုင်ရန် လိုအပ်ပါက ဆေးဝါးကုသမှုခံယူနိုင်ရန် အိမ်ထောင်သည်တိုင်း ပုံမှန်စစ်ဆေးသင့်ကြောင်း ဆွေးနွေးခဲ့သည်။

တက်ရောက်လာသူများကလည်း မိမိတို့ပတ်ဝန်းကျင်ရှိ အမျိုးသမီးထုအတွင်း သားအိမ်ခေါင်းကင်ဆာကာကွယ်ရေး လုပ်ငန်းဆောင်ရွက်မှုများတွင် လက်ဆင့်ကမ်းပါဝင်မျှဝေပေးခြင်းဖြင့် မြန်မာအမျိုးသမီးတို့၏ ကျန်းမာပျော်ရွှင်သောမိသားစုဘဝများ ပိုင်ဆိုင်သွားနိုင်ကြစေရန်ဟောပြော ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်မြန်/ဆက်)**

တစ်ဆစ်ချင်းနည်းဖြင့် စိုက်ပျိုးထားသော ကြံမျိုးများအား စျေးနှုန်းသက်သာစွာရောင်းပေးမည်

ရေတာရည် ဒီဇင်ဘာ ၁၂
ကြံတစ်တန် ကျပ် ၅၅၀၀၀ အထိ စျေးနှုန်းမြင့်တက်လာခဲ့ပြီးနောက် တောင်သူများအနေဖြင့် ကြံသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရန် စိတ်ဝင်စားလျက်ရှိရာ ရေတာရှည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဘိုးတော်ကုန်းကျေးရွာအုပ်စု ကွင်းအမှတ်(၆၅၅)ရှိ တောင်သူနှစ်ဦး၏ တစ်ဆစ်ချင်းနည်းပညာဖြင့် စိုက်ပျိုးထားသော ကြံမျိုးများအား တစ်တန်လျှင် ကျပ် ၄၅၀၀၀ နှုန်းဖြင့် ပြန်လည်ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်က ပြောကြားသည်။

"တစ်ဆစ်ချင်း စိုက်နည်းစနစ်ကို တောင်သူတွေ နည်းပညာရရှိနိုင်ဖို့ရယ်၊ နောက်မျိုးကောင်းမျိုးသန့်တွေဖြန့်ဖြူးရောင်းချနိုင်ဖို့ အဓိကရည်ရွယ်တာပါ။ အခုလက်ရှိ တောင်သူတွေကြံစိုက်ပျိုးချိန်မှာ စျေးနှုန်းကို တောင်သူတွေနဲ့ညှိနှိုင်းပြီး ရောင်းချသွားမှာဖြစ်ပါတယ်" ဟု ဦးစီးမှူးက ဆက်လက်ပြောကြားသည်။

ယခုနှစ်စပါးစျေးနှုန်းကျဆင်းပြီး ဝယ်လိုအားလျော့နည်းခြင်းမှာလည်း ကြံသီးနှံစိုက်ပျိုးရန် တောင်သူများအတွက် တွန်းအားတစ်ရပ်ဖြစ်စေကာ လက်ရှိအနေဖြင့် ဖြစ်ထွန်းအောင်မြင်ရန် အခွင့်အလမ်းနည်းပါးသည့် ပဲစိုက်ခင်းများကိုဖျက်၍ ကြံစိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိနေကြသည်ကို မြင်တွေ့ခဲ့ရသည်။

ကိုလွင်(ဆွာ)

တွံတေးမြို့နယ်တွင် ဆိုင်ကယ်မောင်းလိုင်စင်များ ကွင်းဆင်းပြုလုပ်ဆောင်ရွက်ပေး

တွံတေး ဒီဇင်ဘာ ၁၂
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်ရုံးမှ ဒုတိယအကြိမ်မော်တော်ဆိုင်ကယ်မောင်း (က) လိုင်စင်ကွင်းဆင်းခြင်း၊ စစ်ဆေးထုတ်ပေးခြင်းကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီက တွံတေးမြို့အောင်ဆန်းသူရိယအေးချို အားကစားခန်းမ၌ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါမော်တော်ဆိုင်ကယ်မောင်း (က) လိုင်စင်ထုတ်ပေးမှုအခမ်းအနားတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိမိခိုင်နှင့် လက်ထောက်အင်ဂျင်နီယာဦးတင်နိုင်ဦး၊ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စု (၅၈) တပ်ဖွဲ့စုမှူး ဒုရဲမှူးသန်းဇော်ထိုက်၊ စစ်ဆေးရေးမှူး ဦးဝေလင်းထက်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာကျင့်သုံးရမည့် ဥပဒေ၊ နည်းဥပဒေများ၊ ဥပဒေနှင့် ပြစ်ဒဏ်များအကြောင်းနှင့် တောင်ပိုင်းခရိုင်မြန်မာ့အာမခံဌာနမှ ဦးစီးအရာရှိ ဒေါ်သက်မာက အာမခံဆိုင်ရာ သိကောင်းစရာများအကြောင်း အသိပညာပေးဟောပြောခဲ့ကြပြီး တွံတေးမြို့နယ်နှင့် ထိစပ်လျက်ရှိသော ကော့မှူးမြို့နယ် ကျေးရွာနေပြည်သူ ၉၀၀ ခန့်တို့အား မော်တော်ဆိုင်ကယ်မောင်း (က) လိုင်စင်များကို နေ့ချင်းပြီးစီးစစ်ထုတ်ပေးခဲ့သည်။

ထိုသို့သက်ဆိုင်ရာဌာနများမှ မြို့နယ်များသို့အရောက် ကွင်းဆင်း၍ ပြည်သူများ၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးမှုကြောင့် ပြည်သူအများစုမှာ အချိန်ကုန်ငွေသက်သာ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ ဥပဒေပြစ်ဒဏ်များအကြောင်း ပွင့်လင်းစွာသိမြင်ရရှိခဲ့ကြောင်း မော်တော်ဆိုင်ကယ်လိုင်စင်လာရောက်လျှောက်ထားသူများထံမှသိရသည်။ **မျိုးလှိုင် (တွံတေး)**

ရွှေဘိုပေါ်ဆန်းမွှေးစပါး ဈေးကျဆင်းလာမှုကြောင့် စပါးသိုလှောင်ထားသူတို့ အရှုံးပေါ်

ရွှေဘို ဒီဇင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဒေသ၌ မိုးစပါးအဟောင်းဖြစ်သော ရွှေဘိုပေါ်ဆန်းမွှေးစပါး သိုလှောင်ထားသူတို့ ဈေးနှုန်း ကျပ်သုံးသိန်းခန့် ကျဆင်းလာမှုကြောင့် အမြတ်မရရှိဘဲ အရှုံးပေါ်နေကြကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။

အဆိုပါ ရွှေဘိုဒေသတွင် မူးမြစ်တလျောက် တည်ဆောက်ထားသော သဖန်းဆိပ်ရေလှောင်တမံ၊ ကင်းတပ်ရေထိန်းတမံနှင့် ကာဘိုးရေလွှဲဆည်တို့အပါအဝင် သဖန်းဆိပ်ဆည်ရေသောက်စံနစ်တစ်ခုလုံး၌ ယခင်နှစ်မိုးရာသီကာလက မိုးစပါးဧကပေါင်း လေးသိန်းကျော် ငါးသိန်းခန့်ကို စိုက်ပျိုးပြီးခဲ့ကြသည်။

ရွှေဘိုပေါ်ဆန်းမွှေးစပါးသည် အခြားသောစပါးများထက် ဈေးနှုန်းနှစ်ဆနီးပါးရသည့်အပြင် အထွက်နှုန်းကောင်းသောကြောင့် တောင်သူလယ်သမားများသည် ယင်းစပါးများကိုသာ အဓိကထား၍ စိုက်ပျိုးကြသည်။ လွန်ခဲ့သော မေလလယ်ခန့်တွင် ရွှေဘိုပေါ်ဆန်းမွှေးစပါးများကို စပါးတင်းတစ်ရာလျှင် ကျပ် ၁၃ သိန်းခွဲ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြသည်။

ယနေ့အချိန်တွင် ယခင်မေလလယ်ခန့်လို ဈေးနှုန်းမြင့်မားမှုမရှိတော့ဘဲ ရွှေဘိုပေါ်ဆန်းမွှေးစပါးဈေးနှုန်းသည် တဖြည်းဖြည်းကျဆင်းလာကာ စပါးတင်းတစ်ရာလျှင် စပါးအရည်အသွေးပေါ်မူတည်၍ ကျပ် ၁၀ သိန်းခွဲဝန်းကျင် ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြ၍ သိုလှောင်ထားသူတို့ ဈေးနှုန်း ကျပ်သုံးသိန်းခန့် ကျဆင်းလာမှုကြောင့် အမြတ်မရရှိဘဲ အရှုံးပေါ်နေကြကြောင်း၊ သို့သော်လည်း စပါးသိုလှောင်ထားသူတို့မှာ အမြတ်မရရှိဘဲ အရှုံးပေါ်နေကြ စေကာမူ ဆန်ကို လက်လီဝယ်ယူစားသုံးသူတို့အတွက် သိသိသာသာကျဆင်းမှုမရှိဘဲ ပေါ်ဆန်း ဆန်တစ်အိပ် (၂၄ ပြည်ဝင်)ကို ကျပ် ၄၃၀၀၀ ဝန်းကျင်၊ ဆန်တစ်ပြည်ကို ၁၈၀၀ ကျပ် ကျော်ဖြင့် ဈေးကြီးမြင့်စွာ ဝယ်ယူစားသုံးနေရကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။

"မိုးစပါးအဟောင်းဖြစ်သော ရွှေဘိုပေါ်ဆန်းမွှေးစပါး သိုလှောင်ထားသူတို့ ဈေးနှုန်း ကျပ်သုံးသိန်းခန့် ကျဆင်းလာတာကြောင့် အမြတ်မရရှိဘဲ အရှုံးပေါ်နေကြတာ ဟုတ်ပါတယ်။ ကျွန်တော်တို့ရွာမှာဆိုရင် စပါးတင်းပေါင်း တစ်ထောင်ကျော် နှစ်ထောင်လောက် သိုလှောင်ထားသူတွေ ကိုးဦးဆယ်ဦးလောက်ရှိပါတယ်။ မြန်မာပြည် အနယ်နယ်အရပ်ရပ်မှာ စပါးဈေးနှုန်းကျဆင်းမှုနည်းတူ ကျွန်တော်တို့ရွာမှာလဲ သက်ရောက်ခံစားနေရပါတယ်"ဟု ခင်ဦးမြို့နယ် ကန်သစ်ကျေးရွာမှ တောင်သူလည်းဖြစ် အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက ပြောသည်။ **(ရောင်နီတင်ဝင်း)**

ကျောက်မဲမြို့နယ်တွင် မြို့နယ်စစ်ဆေးရေးကော်မတီမှ မွေးမြူရေးဇုန်အတွင်း ကွင်းဆင်းစစ်ဆေး

ကျောက်မဲ ဒီဇင်ဘာ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ ကျွဲကုန်းကျေးရွာအုပ်စု မွေတော်ကျေးရွာအတွင်းရှိ မွေးမြူရေးဇုန်တွင် ဒီဇင်ဘာ ၉ ရက် မွန်းလွဲပိုင်းက ကျောက်မဲမြို့နယ် စစ်ဆေးရေးကော်မတီအဖွဲ့ဝင်များက မွေးမြူရေးဇုံအတွင်း အနှံ့ဆိုးထွက်ရှိမှုရှိ-မရှိနှင့် ကြက်ခြံသန့်ရှင်းသပ်ရပ်မှုများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာသန့်ဇော်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးဝင်းသီဟ၊ စည်ပင်သာယာရေးဌာန ဒုဦးစီးမှူး ဦးနေဇာလင်း၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများသည် ကျွဲကုန်းကျေးရွာအုပ်စု မွေတော်ကျေးရွာအတွင်းရှိ မွေးမြူရေးဇုန်ရှိ ကြက်မွေးမြူရေးခြံများအား အနှံ့ဆိုးထွက်ရှိမှုရှိ-မရှိ၊ ယင်ကောင်ပေါက်ဖွားမှု နည်းပါးစေရေးအတွက် (EM) စနစ်သုံးစွဲမှု၊ သောက်ရေနှင့် အစာများတွင် ယင်ကောင်ပေါက်ဖွားမှု လျော့နည်းစေရေး ဆေးတိုက်ကျွေးမှုရှိ-မရှိကိုလည်းကောင်း၊ ဇီဝလုံခြုံမှုစနစ်ကောင်းမွန်ရေး၊ ကြက်ခြံပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ခြံတွင်းခြံပြင်သန့်ရှင်းရေး၊ အညစ်အကြေးစွန့်ပစ်မှုအား စနစ်တကျ ထားရှိသိုလှောင်မှုရှိ-မရှိကိုလည်းကောင်း၊ ကြက်ခြံများပတ်ဝန်းကျင်တွင် ရေစီးရေလာကောင်းမွန်ရေး၊ ချုံနွယ်ပိတ်ပေါင်းများအား ရှင်းလင်းဆောင်ရွက်ထားမှုများကိုလည်းကောင်း၊ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် သတ်မှတ်ထားသောကာကွယ်ဆေးများ ကာလအလိုက် ထိုးနှံခြင်း၊ တိုက်ကျွေးခြင်းများ ဆောင်ရွက်ထားမှုရှိ-မရှိကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကြက်ခြံများတွင် ကူးစက်ရောဂါ ဖြစ်ပွားနေလျှင် သော်လည်းကောင်း၊ ကြက်များသေဆုံးမှုများပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အကြောင်းကြားရန် ကြက်မွေးမြူရေးခြံပိုင်ရှင်များအား အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ကျောက်မဲခရိုင်(ပြန်/ဆက်)

FDA မှ တားမြစ်ထားသော အစားအသောက်များ ရောင်းချခြင်းရှိ-မရှိ ကနီ၌ကွင်းဆင်းစစ်ဆေး

ကနီ ဒီဇင်ဘာ ၁၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ယင်းမာပင်ခရိုင် စားသုံးသူအကြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးသန်းပိုဦးဆောင်သောအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့ အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်းနှင့် ကနီမြို့ပေါ်ရှိ ဈေးဆိုင်များအား ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များရောင်းချရန် ပညာပေးဆွေးနွေးခြင်းနှင့် FDA မှတားမြစ်ထားသော အစားအသောက်များ ရောင်းချခြင်းရှိ-မရှိ စစ်ဆေးခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးမှုတွင် ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန်းပိုက စားသုံးသူရေးရာ ဥပဒေကိစ္စရပ်များ၊ အန္တရာယ်ရှိစားသောက်ကုန်နှင့် ဟင်ချိမှုနှိုင်းအကြောင်း၊ မုန့်မျိုးစုံ၊ ဆိုးဆေးနှင့် အန္တရာယ်များနှင့်ပတ်သက်၍ စားသုံးသူရေးရာသိကောင်းစရာများအကြောင်း အသိပညာပေးဆွေးနွေး ပြောကြားခဲ့သည်။

ဆက်လက်၍ ကျောင်းမုန့်ဈေးတန်းတွင်လည်း အန္တရာယ်ရှိမုန့်များရောင်းချခြင်းရှိ-မရှိနှင့် ကျောင်းဈေးသည်များကိုလည်း ရောင်းချရမည့်မုန့်များ၊ အန္တရာယ်ရှိမုန့်များ၊ ရောင်းချခြင်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့နှင့် ပူးပေါင်းကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ကနီမြို့ အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်း ဈေးဆိုင်တန်းနှင့် ကနီမြို့ပေါ်ရှိ ဈေးဆိုင် ၁၄ ဆိုင်အား ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ ရောင်းချရန် ပညာပေးဆွေးနွေးခြင်းနှင့် FDA မှတားမြစ်ထားသော အစားအသောက်များ ရောင်းချခြင်းရှိ-မရှိ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သန်းမြွေးအောင်(ကနီ)**

လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာနှင့် တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး

ကလေး ဒီဇင်ဘာ ၁၂

လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာနှင့် တားဆီးကာကွယ်ပေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို Impulse Case Info Centre(ICIC) နှင့် Young Men Christian Association (YMCA) တို့ပူးပေါင်း၍ ဒီဇင်ဘာ ၈ ရက်မှ ၉ ရက်အထိ ဗိုလ်ချုပ်လမ်း သဇင်ရပ်ကွက်ရှိ မင်းကြီးဟိုတယ် လေးလွှာခန်းမကြီး၌ ပြုလုပ်သည်။

ရှေးဦးစွာ ICIC Myanmar မှ Project Manager, SLiCE Project Myanmar YMCA မှ ဦးစောခူက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ Chair of Board-Impulse NGO Network India မှ Ms. Hasina Kharbhih က ICIC ၏ ရည်ရွယ်ချက်လုပ်ငန်းစဉ်များ၊ အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို Power Point ဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး ပြည်သူ့ရဲတပ်ဖွဲ့မှ MajorKhin Maung Kywe က လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးဥပဒေပိုင်းဆိုင်ရာလုပ်ငန်းများကို ဆွေးနွေးသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် HOPE Foundation Myanmar မှ Pol. Col. Rallyan Mone(Retd) က လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှုအတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးပြီး Myanmar Journalist Institute မှ Training Director ဦးစိန်ဝင်းက NGO လုပ်ငန်းနှင့် Media လုပ်ငန်းဆိုင်ရာများအကြောင်းကို ဆွေးနွေးရှင်းလင်းရာ တက်ရောက်လာကြသူများမှလည်း ဆွေးနွေးခြင်း၊ သိရှိလိုသည်များကို မေးမြန်းခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ မြန်မာ့ MCA၊ လူကုန်ကူးမှုတားဆီးရေးဆိုင်ရာ သတင်းအချက်လက်ပေးစင်တာ အိန္ဒိယနိုင်ငံအခြေစိုက် Impulse NGO Network တို့ပူးပေါင်းပါဝင်လျက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာအစုံးရအဖွဲ့၊ မီဒီယာအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်အတူ ဒီဇင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ မီဒီယာသင်တန်းကို ထပ်မံပို့ချပေးကြောင်း သိရသည်။ **ချင်းတွင်းသား**

ကျေးရွာအတွင်းရေလမ်းသဖွယ်ဖြစ်နေသည့်လမ်းအား အဆင့်မြှင့်တင်ပေးရန် ဒေသခံများမျှော်လင့်

ပုဗ္ဗသီရိ ဒီဇင်ဘာ ၁၂

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် လယ်သာကျေးရွာအုပ်စု လယ်သာကျေးရွာ၌ ဘုန်းတော်ကြီးကျောင်းနှင့် အခြေခံပညာကျောင်းသို့ ဖြတ်သွားဖြတ်လာပြုနေသည့် ရွာအတွင်းလမ်းတွင် မိုးရာသီအချိန် ရွာ၏အနောက်မြောက်ဘက်ရှိ လယ်ကွင်းများဘက်မှရေများ ရွာထဲ၌ အရှည်ပေ ၈၅၀ ခန့် ရေလမ်းသဖွယ်စီးဆင်းလာပြီး ရွာအရှေ့ဘက်သို့ စီးဆင်းသွားနေမှုကြောင့် မိုးရာသီတစ်လျှောက်လုံး ရွာမြောက်ခြမ်းဘက်မှ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ သွားလာရေးအတွက် အဆင်မပြေသည့်အပြင် ခြင်မျှားခိုအောင်း၍ ရွံ့ဗွက်များထူနေသော လမ်းအား တောင်ပေါ်မြေ၊ ရိစာမြေဖြင့် လမ်းအဆင့်မြှင့်တင်ပေးစေလိုကြောင်း သိရသည်။

"ကျွန်တော်တို့ကျေးရွာက ကျောင်းသား၊ ကျောင်းသူများနဲ့ ဒေသခံပြည်သူတွေ မိုးရာသီကာလ သွားလာမှုအဆင်ပြေစေရေး၊ ခြင်မှတစ်ဆင့် ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ဒီရွာထဲလမ်းကို ပြုပြင်ပေးစေချင်ပါတယ်။ ကိုယ့်အားကိုယ်ကိုးစနစ်နဲ့ ဒီလမ်းပြုပြင်မယ်ဆိုရင်လည်း သာမန်စိုက်ပျိုးရေးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုလုပ်သူတွေများတာကြောင့် ငွေရေးကြေးရေးမှာ အခက်အခဲဖြစ်ကြပါတယ်။ ရွာတွင်းလမ်းထဲကို ဝင်ရောက်စီးဆင်းလာသောရေကို ရွာမြောက်ထိပ်မှ ပိတ်ပြီး ရွာအနောက်ဘက် လယ်ကွင်းကို လွှဲပေးမယ်ဆိုရင် လယ်ဧက ၁၀၀ ခန့် စပါးစိုက်လယ်ရေအဖြစ် အသုံးပြုနိုင်ပါတယ်။ လမ်းကို တောင်ပေါ်မြေ၊ ရိစာမြေများ ဖြည့်ဆည်းဆောင်ရွက်ပေးမယ်ဆိုရင် ခြင်ကြောင့်ဖြစ်ပွားတတ်သော ရောဂါများကိုလည်း ကြိုတင်ကာကွယ်ရာရောက်မည်ဖြစ်ပါတယ်" ဟု လယ်သာကျေးရွာမှ သာရေး၊ နာရေးအဖွဲ့ဝင်တစ်ဦးက ပြောပြသည်။ **တင်စိုးလွင်**

ဟရိန်ခန်း-သီကီရ် ကျေးရွာချင်းဆက်လမ်းသစ် ဖောက်လုပ်

ထန်တလန် ဒီဇင်ဘာ ၁၂

ချင်းပြည်နယ် ဟားခါးခရိုင် ထန်တလန်မြို့ နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၏ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေ ၆၃ ဒသမ ၄ သန်းဖြင့် တင်ဒါအောင်မြင်ရရှိသော ရွှေဟားခါးကုမ္ပဏီမှ ဟရိန်ခန်း-သီကီရ်ကျေးရွာချင်းဆက်လမ်းသစ်အား တာဝန်ယူဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

ယင်းကျေးရွာချင်းဆက်လမ်းသစ်အား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်အတွက် ဖောက်လုပ်မှုအခြေအနေအား မြို့ နယ်စီမံခန်ခွဲမှုကော်မတီ၊ မြို့နယ်တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်ရေးကော်မတီဝင်များက ဒီဇင်ဘာ ၉ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်ကျေးလက်ဦးစီးမှူးက အခြေအနေများအား ပြန်လည်ရှင်းလင်းတင်ပြသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းမှာ အရှည်နှစ်မိုင်၊ အကျယ် ၁၈ ပေဖြစ်ပြီး ကျေးရွာငါးရွာ၊ အိမ်ခြေ ၅၆၆၊ လူဦးရေ ၂၉၉၇ ဦးတို့ကို အကျိုးပြုသောလမ်းဖြစ်ကြောင်း သိရသည်။

နိုဟောဆာ

အောင်မြင်စေချင် ဒါးဆိပ်မြစ်ရေတင်

လှိုင်ဘွား(စီမံကိန်း)

ဒါးဆိပ်မြစ်ရေတင်စီမံကိန်းမှာ ရှမ်းပြည်နယ် လင်းခေးခရိုင် လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာအနီးတွင် တည်ရှိသည်။ လင်းခေးခရိုင်အတွင်း ဖြတ်သန်းစီးနေသော နမ့်တိန်းချောင်းရေကို အမြင့်တင်ရေစုပ်စက်များဖြင့် ရေတင်ပြီး ရေမြောင်းသွယ်ယူကာ ပတ်ဝန်းကျင် စိုက်ပျိုးမြေများအား ရေပေးဝေနိုင်ရန် နိုင်ငံတော်က ဆောင်ရွက်ပေးထားသော စီမံကိန်းတစ်ခုဖြစ်သည်။ စုစုပေါင်းစိုက်ပျိုးမြေက ၃၄၀၀ ကို အကျိုးပြုနိုင်သည့် မြစ်ရေတင်စီမံကိန်းတစ်ခုဖြစ်သည်။ ယင်းစီမံကိန်းကို (၂၉-၈-၂၀၀၃) ရက်နေ့တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး (၃၀-၃-၂၀၀၅)ရက်နေ့တွင် ပြီးစီးခဲ့သည်ဟုသိရသည်။ မြို့ပြအဆောက်အအုံ (၂၂၃)ခု အတွက် ကုန်ကျစရိတ် ကျပ် ၃၂၇ ဒသမ ၅၁၆ သန်း၊ ရေစုပ်စက်အတွက် ကုန်ကျစရိတ်ငွေကျပ် ၈၂၆ ဒသမ ၄၂၁ သန်းနှင့် US$ သုည ဒသမ ၄၀၈၅၃၊ လျှပ်စစ်+စက်မှုအတွက် ကုန်ကျစရိတ် ကျပ် ၆၄ ဒသမ ၄၄၄ သန်း အသီးသီး ကုန်ကျခဲ့ပြီး စီမံကိန်းအားလုံးအတွက် စုစုပေါင်းကုန်ကျငွေမှာ ကျပ် ၁၂၁၈ ဒသမ ၃၈၁ သန်းနှင့် US$ သုည ဒသမ ၄၀၈၅၃ ဖြစ်ပါသည်။

ဒါးဆိပ်မြစ်ရေတင်စီမံကိန်းသည် ရေအမြင့်တင်အဆင့်လေးဆင့်ရှိသည်။ ပထမအဆင့် (PS1) တွင် အမြင့်တင် ၅၉ ပေရှိပြီး စိုက်ပျိုးမြေက ၃၄၀ ကို လည်းကောင်း၊ ဒုတိယအဆင့် (PS2) တွင် အမြင့်တင် ၅၃ ပေရှိပြီး စိုက်ပျိုးမြေက ၁၆၆၀ ကိုလည်းကောင်း၊ တတိယအဆင့်(PS3)တွင် အမြင့်တင်ပေ ၅၀ ရှိပြီး စိုက်ပျိုးမြေက ၁၁၀၀ ကိုလည်းကောင်း၊ စတုတ္ထအဆင့် (PS4)တွင် အမြင့်တင်ပေ ၅၀ ရှိပြီး စိုက်ပျိုးမြေက ၃၀၀ ကိုလည်းကောင်း အကျိုးပြုနိုင်မည်ဖြစ်သည်။ တူးမြောင်းမကြီး၏ အရွယ်အစားမှာ (၇ ပေ× ၈ ပေ) ဖြစ်ပြီး အရှည်မှာ ပေ ၂၇၈၀၀ ရှိပါသည်။ လက်တံမြောင်းများ၏ အရွယ်အစားမှာ (၄ပေ×၄ပေ)၊ (၃ ပေ× ၃ပေ)၊ (၃ပေ × ၂ပေ) အမျိုးအစားများဖြစ်ပြီး လက်တံမြောင်း စုစုပေါင်းအရှည်မှာ ပေ ၄၉၇၀၀ ရှိပါသည်။

မြစ်ရေတင်စီမံကိန်းအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေ ကျပ်သိန်းပေါင်း ၁၅၀၀ ချထားပေးခဲ့ပြီး ရေပေးဝေနိုင်ရန် ပြုပြင်မွမ်းမံမှုများ ပြုလုပ်ခဲ့သည်ဟု သိရပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လည်း စက်ယန္တရားများ ပြင်ဆင်ထိန်းသိမ်းမှုအတွက် ကျပ်သိန်းပေါင်း ၁၇၀ ခွဲဝေချထားပေးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ပြည်နယ်ရန်ပုံငွေ ကျပ်သိန်းပေါင်း ၃၀၀၀ ခွဲဝေချထားပေးရန် လျာထားအတည်ပြုချက် ရရှိပြီးဖြစ်သည်။

